www.burmeseclassic.com

မြားနတ်မောင်စာပေ

# ခင်သူဇာ

# သကွာမလျှော့ကိုင်မြဲခိုင်ခိုင်



BURMESE CLASSIC .com

www.burmeseclassic.com

HOST

www.burmeseclassic.com

# စံပျော

## သစ္စာမဏ္ဍိုင် မြဲခိုင်ခိုင်

(စ/ဆုံး)

ပြည်လုံးကျွတ်ဖြန့်ချိရေး

မြားနတ်မောင်စာပေ

မြားနတ်မောင်စာပေ

အမှတ် ၂၇၊ သင်္ဂဟာလမ်း
ကျောက်မြောင်း၊
ဖုန်း - ၅၄၃၀၁၈

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပြည်သူ့သဘောထား (left page)

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

# ခင်သုဇာ

# သစ္စာမဏ္ဍိုင်မြဲခိုင်ခိုင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

ကြီးမားကျယ်ဝန်းသော ခြံအလယ်တည့်တည့်ရှိ စထရော်ဗယ်ရီရောင် နှစ်ထပ်တိုက်လှလှကြီးကို မြင်တွေ့လိုက်ရချိန်မှာ ရွှေဘုံဝမ်းသာအားရ အော်လိုက်ပါတော့၏။

"ဟယ် . . . လှလိုက်တာ၊ အရမ်းလှတဲ့ တိုက်ပဲ ဒယ်ဒီကို ကျေးဇူးတင်သွားပြီ၊ သိလား"

နောက်ဆုံးပေါ် ဆလွန်းကား အနီရဲရဲလေး၏ရှေ့ခန်းမှ ရွှေဘုံထက် အော်သံကြောင့် မိဘနှစ်ပါးဖြစ်သော ဦးဇော်ထက်နှင့် ဇနီးဒေါ်ရွှေအိမ်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြကာ ကြည်နူးစွာ ပြုံးလိုက်ကြပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အေး . . ဒယ်ဒီ့သမီးက အကောင်းကြိုက် အလှကြိုက် မှန်းသိလို့ တမင်ကို ကြိုက်ဈေးပေးပြီး ဝယ်လိုက်တာလေ၊အဟင်း သမီးကြိုက်တော့လည်း ဒယ်ဒီဝယ်ရကျိုးနပ်သွားတာပေါ့ကွာ"

မာမီကလည်း ပြုံး၍ . . .

"ဟုတ်တယ် သမီး မာမီဖြင့် ခုမှပဲ သက်ပြင်းချနိုင်တော့ တယ်ကွယ်"

မာမီက ရင်ဘတ်လေး အသာဖိ၍ပြောလိုက်သဖြင့် ရွှေ ဘုံထက်က သဘောကျစွာ ရယ်လိုက်ပြီးမှ . . .

"စိတ်ချ၊ မာမီ၊ ဒီတစ်ခါတော့ တကယ်အတည်ပဲ၊ ဘုံ အရမ်းကြိုက်သွားပြီ"

"အင်း"

ကြည့်စမ်း ခန်းငြားသားနားပြီး ခေတ်မီ ထည်ဝါလိုက် တဲ့ တိုက်ကြီး၏ ပုံစံက ဆွဲဆောင်မှု အပြည့် . . .

"ဦးမြ ကားကို အပြင်မှာပဲ ရပ်ပေါ်တီကို မမောင်းနဲ့"

"ကောင်းပြီ မမလေး"





တမင်ပင် ဘုံက ကားကို အိမ်တစ်ဆောင်လုံးလုံး လှည့် ပတ်ကြည့်ရှုနိုင်ရန်အတွက် ကွန်ကရိအဝင်လမ်းတစ်ဝက်ခန့် လောက်မှာ ရပ်ခိုင်းလိုက်၏။

"ဟေး"

ကားပေါ်မှ ပျော်ရွှင်လွတ်လပ်စွာ ခုန်ပေါက်ဆင်းပြေး ကာ ဘုံတိုက်ရှေ့မျက်နှာစာမှာ လက်နှစ်ဘက်ဆန့်တန်းပြီး တစ် ပတ်ပြီး တစ်ပတ် ခန္ဓာကိုယ်ကို လှည့်ပတ်ပစ်လိုက်၏။

ဒါ ဘုံလုပ်လေ့လုပ်ထရှိတတ်သော အမူအကျင့်တစ်ခု ပင်တည်း။

ဒယ်ဒီက ဘုံကို ပြုံးကြည့်ပြီး . . .

"သမီး အိမ်ထဲ ဝင်ကြည့်ရအောင်"

"နေအုံး ဒယ်ဒီရဲ့ ဘုံအပြင်မှာပဲ လှည့်ပတ်ကြည့်လိုက် အုံးမယ်၊ ဘုံတို့အိမ်နားပတ်ဝန်းကျင်မှာ ဘာတွေရှိနေလဲလို့"

"အင်း . . အင်း ကြည့်လေသမီး၊ မာမီတော့ အထဲဝင် တော့မယ်၊ ဘယ်လို ပရိဘောဂတွေနဲ့ထပ်ပြီး အလှဆင်ရမလဲ ဆိုတာ ဒယ်ဒီနဲ့ တိုင်ပင်ရအုံးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

ဒယ်ဒီနဲ့ မာမီ အိမ်ထဲဝင်သွားတော့ ဘုံတစ်ယောက်တည်း အပြင်မှာ ကျန်ခဲ့၏။

ဦးမြက ထုံးစံအတိုင်း ဆေးပြင်းလိပ်ကြီးနှင့် မှိန်းနေလေသည်။

ဘုံအိမ်ကြီးကို တစ်ပတ်ပတ်ကြည့်ရန် စဉ်းစားလိုက်၏။

ဦးဆုံး ခေါင်းရင်းဘက်မှစ၍ ပတ်လိုက်၏။

ပန်းအိုးများနှင့် သစ်ခွအိမ်ကိုတွေ့လိုက်ရသဖြင့် ဘုံနှာခေါင်းရှုံ့လိုက်၏။

ဘုံက ဘာပန်းကိုမှ စိုက်ရန် ဝါသနာမပါ။

သို့သော် မာမီ့အတွက် ဝမ်းသာစရာပဲလေ၊ မာမီက ပန်းဆို အလွန်ဝါသနာကြီးလေသည်။

တိုက်နောက်ဘက်မှာတော့ ကားဂိုဒေါင် အလုပ်သမားတန်းလျားလေးတစ်ခု ဘာမှထူးထူးထွေထွေမရှိ။

သို့သော် တိုက်အနောက်ဘက်မှာတော့ ကြောင်လိမ်လှေခါး သေးသေးလေးတစ်ခု တွေ့ရသဖြင့် ဘုံပျော်သွားပြန်၏။





အနောက်ဘက်ခြမ်းကို ရောက်ပြန်တော့ ဘုံမျက်ဝန်းအစုံ လင်းလက်တောက်ပသွားလေသည်။

ဒန်းဖြူဖြူလေးတစ်ခုက ဘုံကို လက်ယပ်ခေါ်နေသည် မဟုတ်ပါလား။

ဒန်းရှိရာ အမြေးလေးသွားကာ ဘုံဝမ်းသားအားရ ထိုင်ပြီးလွှဲနေမိ၏။

ဪ . . . စိတ်ကူးကောင်းလိုက်ပါသော ဒီအိမ်ရှင်ကို ဘုံ ကျေးဇူးတွေအခါခါ တင်နေမိလေသည်။

မျက်လုံးလေးမှိတ်ကာ ဒန်းလေးစီးရင်း ဘုံအကျေနပ်ကြီးကျေနပ်နေမိ၏။

ထိုစဉ်မှာပင် ဘုံနားထဲသို့ အသံဗလံများက ဝင်လာပါတော့သည်။

"ဟော့ကောင် . . . ဖိုးကောင်း ဒီနေ့တော့ ဘီယာကြေးကွာ၊ အဝသောက် ဘယ်လိုလဲ"

"အဟင်း . . . ဟင်း မင်းသဘောပါ ဝဏ္ဏရာ၊ ဘာလို့လဲဆိုတော့ မင်းပဲ တိုက်ရမှာမို့ ငါဘာမှမပြောတော့ဘူး ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲမယ် ဖိုးကောင်း ဒီတစ်ခါ ငါနိုင်မယ့် အလှည့်ကွ၊ ကြည့်နေ ဘီယာကို ပါကင်လိုက်မှာပြီး သောက်ပြမယ် အဟဲ"

"အေး . . . သောက် . . . သောက် အဲ့ဒါကြောင့် မင်း ဗိုက်ကြီးက မွေးခါနီး နေ့စေ့လစေ့ဖြစ်နေပြီ အဟား"

ကြားနေရသော အသံတွေကြောင့် ဘုံမနေနိုင်။

ဒန်းပေါ်မှ အသားဆင်းကာ အုတ်နံရံခြံစည်းရိုးကို ခြေဖျားလေးထောက်ပြီး တစ်ဖက်ခြံဆီ လှမ်းကြည့်လိုက်၏။

တင်းနစ်ကွင်းထဲမှာ လူနှစ်ယောက်၊ တင်းနစ်ရိုက်ရန် ပြင်ဆင်နေကြ၏။

ဗိုက်စူစူနှင့်လူက ဝဏ္ဏဆိုသော ပုဂ္ဂိုလ်ဖြစ်ရမည်။

ကျန်တစ်ယောက်ကို ဖျတ်ခနဲ ကြည့်လိုက်မိချိန်မှာ ဘုံ့ စိတ်ထဲမှာ ဘာမှန်းမသိပဲ ခင်မင်ရင်းနှီးလိုစိတ်တွေ တဖွားဖွား ရှိလာရလေသည်။

ဝဏ္ဏဆိုသောလူက ဖိုးကောင်းဟု ခေါ်သော ပုဂ္ဂိုလ်ပါပဲ အရပ်မြင့်မြင့် အသားမဖြူအညို မဟာနဖူး မျက်ခုံး





ထူထူ နှာတံပေါ်ပေါ်ဖြင့် အလွန်နှစ်လို ခင်မင်ဖွယ်ကောင်းသူ တစ်ယောက်အဖြစ် ချက်ချင်း မှတ်ချက်ချနေမိ၏။

ဘုံ ခင်ချင်နေပါပြီ။

အသက်အရွယ်အားဖြင့် ဘုံ့ထက်တော့ ကြီးပုံရ၏။

ဘုံက ခုမှ နှစ်ဆယ်၊ ထိုပုဂ္ဂိုလ်က နှစ်ဆယ့်ငါးလောက် တော့ ရှိပေမည်။

အိမ်နီးချင်းမို့ ဘယ်လိုစပြီး မိတ်ဆက်ရရင် ကောင်းလေ မလဲ။

လှမ်းခေါ်ဖို့ကလည်း မသင့်တော်၊ နှစ်ယောက်သား အကြိတ်အနယ် ကစားနေကြ၏။

ခြံစည်းရိုးက မြင့်နေသဖြင့် ဘုံ့ခေါင်းလေး တစ်ဝက်ခန့် သာပေါ်တော့၏။

စိတ်ရှည်ရှည်ထားကာ အကြဲယူနေစဉ် တင်းနစ်ဘော လုံးလေးက ဘုံရှိရာဘက်ဆီ လိမ့်လာပါတော့၏။

ဘုံအရမ်းဝမ်းသာသွားလေသည်။ လာကောက်ယူက ဘုံခင်မင်ချင်နေသော ပုဂ္ဂိုလ်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



သူက ဘုံ့ကို လုံးဝမမြင် သတိလည်း ထားမိပုံမရ၊ တင်းနစ်ဘောလေးကိုသာ အာရုံစိုက်ကာ ကောက်ရန် လာနေသော သူ့ကို ဘုံအသံပေးလိုက်၏။

"အဟမ်း . . . ဟမ်း"

"ဟင်"

ဘုံချောင်းဟန့်သံလေးကြောင့် ကောင်းအံ့မျှ၏ မျက်ဝန်း များက အသံလာရာခြံစည်းရိုးထိပ်ဆီဝေ့ခနဲလှမ်းကြည့်လိုက်မိ၏။

မိန်းကလေးတစ်ယောက် ခေါင်းလေးပြူတစ်ပြူတစ် လုပ်ကာ သူ့ကို ပြုံးပြနေသည် မဟုတ်ပါလား။

ချက်ချင်း သူသဘောပေါက်လိုက်လေသည်။

ဟိုဘက်အိမ်က လူသစ်တွေ ရောက်လာပြီဟူ၍။

သဘောကောင်းသော သူ့ဝသီအတိုင်း နှစ်လိုဖွယ်လေး ပြုံး၍ လှမ်းမေးလိုက်၏။

"ညီမလေးက ခုပြောင်းလာတဲ့ အိမ်ရှင်လား"

"ဟုတ် . . . ကိုကို့ကို ခင်ချင်လို့ ဘုံကြည့်နေတာ ဘုံ့ကို ခင်ပါနော်"





"ဘုံ"

"အဟင်း ဘုံ့နာမည် ရွှေဘုံထက်ပါ ကိုကို"

"ဪ . . . အင်း . . . အင်း ကိုယ်က ကောင်းအံ့မျှ"

"ကိုကိုကောင်းအံ့မျှ သိပ်ကောင်းတဲ့ နာမည်ပဲ"

"ရွှေဘုံထက်ဆိုတာလည်း ကောင်းတာပဲ မဟုတ်လား"

"အဟင်း . . . ဟုတ်လား ဘုံတို့ အိမ်သစ်တက်တဲ့အခါ ကိုကိုလာပါနော်"

"အင်း လာတာပေါ့ ဒါနဲ့ မင်းတစ်ယောက်ထဲလား"

"အင်းပေါ့ ဘုံက တစ်ဦးတည်းသော သမီး"

"အဆိုးလေးပေါ့"

"ဟင် . . . ဘာရယ်"

"ဪ . . . ဘာမှမဟုတ်ပါဘူး မင်းကို လိမ္မာမယ့်ပုံ လေးပဲလို့ ပြောတာပါ၊ အဟင်း"

"အံမယ် . . . စကားမလွှဲနဲ့ ဘုံကြားပါတယ်နော်၊ အဆိုး လေးတဲ့ ဟွန်း . . . ဟုတ်တယ် ဟုတ်တယ် ဘုံက အိမ်မှာဆိုး"



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ပဲ ဘယ်သူမှ မကြောက်ဖူးသိလား၊ အားလုံးကသာ ဘုံ့ကို ကြောက်ရတာ"

"ဟုတ်လား ကြောက်စရာလေးပါလား"

"ကိုကို"

"ဟင်"

"ဘုံတို့ ခင်သွားကြပြီနော်"

"အင်း"

"ဒါဆို ကိုကို့အိမ် ဘုံလာလည်မယ်"

"ဘယ်တော့လဲ"

"အခု"

"ဟာ . . နေအုံး ခုမလာနဲ့အုံး ကိုယ်မအားသေးဘူး"

"ဟင် . . . ကစားနေတာပဲ၊ မအားဘူးလား"

"ဟုတ်တယ်၊ ကစားပြီးရင် ရေချိုးရမှာ"

"ရေချိုးပြီးရင် အားပြီပေါ့"

"မဟုတ်ဘူး၊ ဆေးခန်းသွားရအုံးမှာ"

"ဆေးခန်း"





"ဟုတ်တယ်"

"ကိုကိုက ဆရာဝန်လား"

"အင်း"

ဘုံ တွေတွေလေး ရှိသွားရပြီးမှ . . .

"ကောင်းပြီလေ၊ နောက်မှ တွေ့ကြတာပေါ့၊ ဘုံတော့ ကိုကို့လို အိမ်နီးချင်းနဲ့ တွေ့ရတာ ပျော်သွားပြီ ကဲ . . . ဘုံသွားတော့မယ် ကိုကိုလဲ ဆက်ကစားပေါ့"

"အင်း"

ဘုံက အိမ်ရှိရာ ဘက်ဆီ ထွက်ပြေးသွားတော့ သူ တင်းနစ်ကွင်းဆီ လျှောက်လာခဲ့၏။ ဝဏ္ဏက . . .

"ဟေ့ကောင် . . . ဘာလဲ ဘယ်သူနဲ့ စကားပြောနေတာလဲ"

"သြော် . . . ဟိုဘက်အိမ် လူသစ်တွေ ရောက်လာပြီ ဝဏ္ဏ"

"အေး . . . တွေ့တယ် ကောင်မလေးက မင်းကို မိတ်ဆက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



“ခင်မင်ချင်လို့တဲ့”

“ဖိုးကောင်း”

“ဟင်”

“သတိထား”

“ဟင် . . . ဘာကိုလဲ”

“ကောင်မလေးပုံက ရဲတင်းသွက်လက်တဲ့ပုံပဲကွ”

“ဘာဖြစ်လဲ အဲဒါ”

“ဟ . . . ဘာဖြစ်ရမလဲ၊ ဇာတ်လမ်းဖြစ်လာမှာ စိုးလို့ပေါ့ကွာ”

“အဟား . . . ဝဏ္ဏရာ ငါ့မှာ သီရိတစ်ယောက်လုံး ရှိနေပြီပဲကွာ”

“အေး သိရင်ပြီးရော ငါမပြောတော့ဘူး”



## အခန်း (၂)

နောက်ဆုံးလူနာတစ်ယောက်ကို စမ်းသပ်ပြီးချိန်မှာ သူ့လက်မှနာရီကို ကြည့်လိုက်၏။

ခြောက်နာရီထိုးနေပြီ။

လူနာကြည့်ချိန်က လေးနာရီမှ ငါးနာရီဆိုသော်လည်း အများအားဖြင့် ခြောက်နာရီအထိ ရှိသွားတတ်လေသည်။

သူရော သီရိပါ ဟောက်စ်ဆင်းစမှ ပို့စတင်မကျခင် သီရိတို့ အိမ်အောက်ထပ်မှာ ဆေးခန်းဖွင့်ထားခြင်းဖြစ်၏။

နှစ်ဖက်မိဘများ၏ ရှေ့မှောက်မှာ တရားဝင်စေ့စပ်ထားပြီးသား ချစ်သူများဖြစ်ပြီး လက်ထပ်ဖို့ အချိန်ကိုတော့ သီရိမိဘနှစ်ပါး နိုင်ငံခြားရောက်နေသဖြင့် ရွှေ့ဆိုင်းထားရခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ပြီးဆုံး၍ သီရိဖေဖေ နိုင်ငံခြားမှ ပြန်ရောက်လာလျှင် မင်္ဂလာပွဲ ကျင်းပရန် စီစဉ်ထား၏။

နောက်ခြောက်လခန့်ကြာလျှင် သီရိဖေဖေပြန်လာတော့မည်ဟု သိရသဖြင့် လောလောဆယ်မှာ ချစ်သူနှစ်ဦးစလုံး အပူအပင် ကင်းစွာဖြင့် ဆေးခန်းဖွင့်ကာ တတ်သည့်ပညာကို အသုံးချပြီး စေတနာ၊ ဆေးကုခန်းလေးပင် အတော်အတန် ခရီးပေါက်နေလေပြီ။

စေတနာကောင်းခြင်း ကူညီဖေးမတတ်ခြင်း စာနာကြင်နာတတ်ခြင်းငွေကြေးအဓိကမထားခြင်းတို့ကြောင့်ဆေးခန်းဖွင့်ချိန်ဆိုလျှင် လူနာများ တန်းစီနေတတ်လေသည်။

ဆေးကုခြင်း အလုပ်အပေါ်မှာ သာမန်ကာရှိန်ကာမဟုတ်ပဲ ဝါသနာအရပါအလေးထားဂရုတစိုက်စမ်းသပ်စစ်ဆေးပေးမှုကြောင့် လာသမျှ လူတိုင်း စိတ်ချမ်းသာ ကျေနပ်ကြသည်ချည်းဖြစ်၏။

စီးပွားရေးအရလည်း ပြည့်စုံကြွယ်ဝပြီးသားမို့ ငွေရဖို့အတွက် ရမ္မက်ကြီးစွာ ရှာဖွေနေစရာမလိုတော့။





ထို့ကြောင့် လူတွေ၏ ကောက်ချက်ချသံများကို ကြည်နူးပီတိ တဝေဝေဖြင့် ကြားရတတ်ပါသည်။

"ဆရာဝန်လေးရော ဆရာဝန်မလေးပါ ဆေးကုတော်လိုက်တာအပြောအဆိုကလည်းနူးညံ့ကြင်နာအကုအသကလည်းကောင်းဆိုတော့ အဲဒီရောက်တာနဲ့ ရောဂါတစ်ဝက် ပျောက်သလိုပဲလေ"

ထို့ကြောင့်လည်း နှစ်ဦးစလုံးစိတ်တူ ကိုယ်တူ တိုင်ပင်ထားပြီးပါပြီ။

ပို့စ်တင်ကျခဲ့သော် ကျသည့်ဒေသမှာ ခုလိုပင် ဆေးဝါးကုသခြင်း အလုပ်ဖြင့် လူအများ၏ လေးစားအားထားမှုကို ခံယူနိုင်အောင် ကြိုးစားသွားမည်ဟူ၍ပင်။

သီရိကလည်း သဘောကျစွာ ခေါင်းညိတ်၏။ တကယ်တော့ သူကံကောင်းပါသည်။

သီရိလို ဖြူစင်ပြည့်ဝသော မိန်းကလေးကို ဘဝကြင်ဖော်အဖြစ် ရွေးချယ်လိုက်ပြီးမှ သီရိချမ်းသာမှန်း သူ့ကို အလွန်ချစ်မှန်း တစစနားလည်လာရလေပို၍မြတ်နိုးရလေဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ပညာတတ်၊ ရုပ်ချော ဥစ္စာပေါ သူဌေးသမီးပီပီ မာန်မာနလုံးဝ ကင်းစင်နေပြီး တစ်ဖက်သားအပေါ် အမြတ်မ်းလိုလို စာနာစိတ်ဖြင့် လိုက်လျောတတ်သူဖြစ်၏။

မေမေကဆို သီရိကို အလွန်ချစ်ပါသည်။

"သားက အရွေးတော်လိုက်တာ မေမေကလည်း သီရိလို အေးဆေးဖြူစင် သိမ်မွေ့တဲ့ မိန်းကလေးကိုပဲ ချွေးမတော်ချင်နေတာလေ၊ မေမေတို့အတွက် ချွေးမဖြစ်ရမယ့် မိန်းကလေးဟာ ချမ်းသာဖို့ ရုပ်ချောဖို့ ပညာတတ်ဖို့ မလိုပါဘူးကွယ်၊ အရေးအကြီးဆုံးက လူကြီးမိဘကို ရိုသေတတ်ပြီး သားအပေါ်ကို ဇနီးကောင်းတစ်ယောက်ရဲ့ ဝတ္တရားကျေရင် လုံလောက်ပါပြီ၊ ခုတော့ မေမေလိုချင်တဲ့ စိတ်ဓာတ်နဲ့ ကိုယ်ကျင့် တရားလေးတွေ သီရိမှာ အပြည့်ရှိတယ်၊ သား သိပ်ကံကောင်း ပါတယ်ကွယ်"

မေမေစကားကို ကြားမိရင်း သူ့မျက်နှာပါ ပြုံးပြုံးလေး ဖြစ်သွားရ၏။

"ကောင်း"





"ဟင်"

အခန်းဝမှာ သီရိခေါ်သံကြောင့် သူ့ဆတ်ခနဲ ဖြစ်သွားကာ နားကြပ်ကို ခေါက်ကိုင်ကာ ထွက်လာခဲ့၏။

"ကောင်း ဘာပြုံးနေတာလဲ၊ သီရိက ကောင်းကြာနေလို့ လာကြည့်တာ"

"အဟင်း"

သူဘာမှ မပြောပဲ ရယ်လိုက်ပြီးမှ . . .

"သီရိအကြောင်း တွေးနေတာပါကွာ"

"အံမယ် . . . ပိုပြီ မဟုတ်ပဲနဲ့"

သီရိမျက်နှာလေး ရှက်ရိပ်လေးဖြင့် မသိမသာ နီသွားရပြီးမှ ကြည်နူးစွာ ပြုံးနေလေသည်။

"တကယ်ပြောတာ မေမေ့စကားကို သတိရပြီး သီရိလို မိန်းကလေးမှ ချွေးမတော်ချင်တာဆိုတာလေ"

"ကဲပါ တော်ပါတော့နော်၊ ဗိုက်မဆာဘူးလားဟင်"

"အင်း ဆာတယ်၊ တစ်ခုခု သွားစားရအောင်နော် သီရိ"



www.burmeseclassic.com

www.burmeseclassic.com



"သွားမစားရပါဘူး၊ ဒီနေ့အိမ်မှာ အန်တီလေးက နန်းကြီးသုပ် လုပ်တယ်ကောင်းရဲ့၊ ထမင်းလွတ် တစ်ခါထဲ စားသွားပေါ့ ဟုတ်လား"

"ဟာ . . . သိပ်ကောင်းတာပေါ့၊ စားမယ် စားမယ်၊ အန်တီလေးလက်ရာ မစားရတာကြာပြီကွာ"

စကားတပြောပြောနှင့် ထမင်းစားခန်းဘက်ဆီလျှောက်လာတော့ အန်တီလေးက . . .

"လာ . . လာ အတော်ပဲ တဝသာစားနော် ကိုကောင်း၊ အပြန်ချိုင့်လေးနဲ့ ထည့်ပေးလိုက်အုံးမယ်"

"ဟာ . . . အားနာစရာ အန်တီလေးရာ"

"အားမနာရပါဘူး၊ တခြားလူတွေလား မင်းမေမေ မမစိုးက နန်းကြီးသုပ်သိပ်ကြိုက်တာ အန်တီလေး လက်ရာဆို လျှာကိုလည်သွားတာပဲတဲ့"

"အဟင်း . . . အဲ့ဒါနဲ့ပဲ အန်တီလေးက အပင်ပန်းခံပြီး ချက်ကျွေးရောလား"





"ဟဲ့ . . . ကိုယ်ချက်တာကို စားလို့ကောင်းတယ်ဆိုရင် အပင်ပန်းခံရကျိုးနပ်တာပေါ့ အမောကို ပြေရော"

"အန်တီလေး"

"ဟေ"

"အန်တီလေးက အချက်အပြုတ်သိပ်တော်တာပဲဗျာ"

"အမယ် . . . မမြှောက်နဲ့ဟေ့ ဘာလိုချင်လဲ တဲ့သာပြော ဟုတ်လား"

"အဟင်း . . . ကျွန်တော်နဲ့ သီရိတို့ လက်ထပ်ပြီးရင် အန်တီလေးကိုပါ အတူနေဖို့ ခေါ်ချင်လို့ပါဗျာ"

"ထမင်းချက် အဝတ်လျှော်ဖို့လား"

"သိတယ် သိတယ် ကျုပ်ကလဲ ဆုံးဖြတ်ထားပြီးသား"

"ဟင် . . . ဘာကိုလဲ အန်တီလေး"

"ကျုပ်တူမလေးအတွက် မခေါ်လဲ လိုက်မှာပဲဟေ့၊ သီရိက အလုပ်တစ်ဖက်နဲ့ဆို အိမ်မှုကိစ္စ ဘယ်လုပ်ချိန်ရှိမှာလဲလို့ ဒီတော့ ဘယ်သွားသွား လိုက်ကိုလိုက်မယ် ကဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း . . . သဘောပေါက်ပြီ အန်တီလေးရာ တကယ်တော့ အန်တီလေးက တူမကို မခွဲနိုင်တာကိုး"

"ဒါပေါ့ ဒီတူမလေးက ကျုပ်အသက်ပဲလေ၊ ငယ်ငယ်လေးကတည်းက ကျုပ်ပဲ မွေးလာရတာ သူ့မိဘတွေက ဝန်ထမ်းပီပီ လျှောက်ပြောင်းနေရတာ ကဲ ကဲ စားကြ စားကြ"

"ကောင်း . . . စားနော် လိုတာရှိရင်လည်း ပြောပေါ့"

"သီရိက သူ့အတွက် ပြင်ဆင်ပေးရင်း ပြောနေစဉ် အပြင်မှ လူခေါ် ခေါင်းလောင်းသံက မြည်လာပါတော့၏။ အန်တီလေးက . . .

"စား . . . စား အန်တီလေး သွားမယ်"

အန်တီလေးက ပေါ့ပါးသွက်လက်စွာ ထွက်သွားပါတော့၏။ ချက်ချင်းပင် အန်တီလေး၏ ဝမ်းသာအားရ ပြောလိုက်သံက ထမင်းစားခန်းအထိ လွင့်ပျံလာလေသည်။

"ဟယ် . . . ပဒုမ္မာ ကြည့်စမ်း ဝမ်းသာလိုက်တာကွယ်၊ လာ . . . လာ အလည်ပဲ မဟုတ်လား"





"မဟုတ်ဘူး အန်တီလေးရဲ့ သင်တန်းလာတက်တာ၊ စနေ တနင်္ဂနွေ အပြင်ထွက်ခွင့်ရလို့လေ၊ ဒီည ဒီမှာအိပ်မှာနော်"

"အမလေး အိပ်ပါတော် အိပ်ပါ လာ လာ အတော်ပဲ အိမ်မှာ နန်းကြီးသုပ် လုပ်တယ် သမီးရဲ့"

"ဟင် . . . ဟုတ်လားကောင်းလိုက်တာပဒုမ္မာအကြိုက်ပဲ အန်တီလေးရဲ့"

ထမင်းစားခန်းဝ ရောက်သည်နှင့် သီရိက . . .

"လာ ညီမလေး တစ်ခါထဲ ဝင်စားလိုက် ဟုတ်လား"

ပဒုမ္မာက ကောင်းအံ့မှုးရှိနေသဖြင့် အနည်းငယ် ရှိန်သွားရကာ . . .

"ဟို . . စားပါ ဧည့်သည်ရှိနေမှန်း မသိလို့ နောက်မှပဲ စားတော့မယ် မမသီရိ"

"ကောင်းက ဧည့်သည်မဟုတ်ပါဘူး ညီမလေးရဲ့၊ လာ လာ မမမိတ်ဆက်ပေးမယ်၊ ကောင်းရေ သူက သီရိရဲ့ ညီမလေးပေါ့ မေမေမောင်က မွေးတာလေ ပဒုမ္မာတဲ့ နယ်မှာ နေတာ



www.burmeseclassic.com

www.burmeseclassic.com



ညီမလေး၊ သူက ဒေါက်တာကောင်းအုံမှူးတဲ့ ဟို မမနဲ့အင်ဂေ့(ချ်) လုပ်ထားတဲ့ သူလေ"

ထိုအခါမှ ပဒုမ္မာက ပြုံးပြုံးရယ်ရယ် ဖြစ်သွားရကာ-

"သြော် . . . ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် အစ်ကိုကြီး ပဒုမ္မာက နယ်မှာနေတာပါ ရန်ကုန်လဲ အရောက်အပေါက် နည်းပါတယ် သတင်းစာထဲ ဖတ်ရပါတယ်၊ မမတို့ စေ့စပ်တဲ့ သတင်းကိုဖေဖေကမကျန်းမာတော့မလာနိုင်ဘူးလေ"

"ခုနက ပဒုမ္မာပြောတာကြားလိုက်တယ် သင်တန်းလာတက်တာဆိုလား"

"ဟုတ်ကဲ့ အလယ်တန်းဆရာဖြစ်သင်တန်းပါ"

"အဆောင်မှာနေတာပေါ့"

"ဟုတ်ကဲ့"

"အိမ်မှာလာနေပါလား ညီမလေးရယ်အစားအသောက် ပင်ပန်းနေမှာပေါ့"

"ရပါတယ် မမ ဟိုမှာ အဖော်တွေနဲ့ အဆင်ပြေပါတယ်၊ တစ်ပတ်တစ်ခါတော့ လာပါ့မယ်"





"အေး . . . ကောင်းတယ် အန်တီလေးက တစ်ပတ်စာ အကြော်အလှော်တွေ လုပ်ပေးမယ် ဟုတ်လား"

"ကျေးဇူးပဲ အန်တီလေး"

အန်တီလေးက ပဒုမ္မာပခုံးကိုဖက်ထားရင်းပြောလိုက်၏။

"အောင်မွန်က သောက်တုန်းလား သမီး"

"ဖေဖေအရက်ဖြတ်ထားပါပြီ အန်တီလေး"

"အင်း အငယ်ဆုံး အဆိုးဆုံးလေ အရက်သောက်တယ်၊ ကစားတယ် မိဘက စွန့်လွှတ်ထားပေမယ့် ဟော့ဒီတူမလေးနဲ့ အဆက်အသွယ်ရှိနေလို့သာပဲလေ၊

မဆွေရော နေကောင်းလား၊ ကုန်စုံဆိုင်လေး ရောင်းတုန်းလား"

"ဟုတ်ကဲ့ . . . ခုတော့ ပဒုမ္မာလစာနဲ့ဆိုတော့ အရင်ကလောက် မကြပ်တော့ပါဘူး အန်တီလေးရယ် မေမေကဆို အန်တီလေးတို့ အရင်းတည်ပေးလို့ ကုန်စုံဆိုင် ဖွင့်နိုင်တယ်ဆိုပြီး အမြဲပြောမဆုံးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်ကွယ် မောင်နှမအရင်း ခေါက်ခေါက်တွေပဲ တစ်ယောက်က အားနည်းနေရင် ဖေးမကူညီရမှာပေါ့ ခက်တာက ငအောင်ဖြုန်းလို့ ဘယ်လောက်ပဲ ပေးပေး အဖတ် မတင်ဘူးလေ မဆွေတော်လွန်းလို့သာပဲကွယ်၊ မဟုတ်ရင် သမီးလည်း ခုလို ဆရာမလေး ဖြစ်ချင်မှ ဖြစ်မှာ"

"ကုန်စုံဆိုင်မရောင်းခင် မေမေက ကျောင်းဈေးဆိုင်မှာ မုန့်တွေရောင်းတော့ ပဒုမ္မာ့ကို ဆရာမသိပ်ဖြစ်စေချင်တာလေ၊ မေမေကို ကူညီချင်လို့ ကျောင်းကထွက်မယ်ပြောတိုင်း မေမေငိုပြီး တားတယ် အန်တီလေးရဲ့"

"ဩော် . . ."

"သမီးကို ဆရာမဖြစ်အောင် မေမေထားချင်လို့ပါတဲ့၊ ဒါနဲ့ပဲ ဆယ်တန်းအောင်တာနဲ့ ပဒုမ္မာဆရာမ လျှောက်လိုက်တော့ ရပ်ကွက်ထဲက မူလတန်း ကျောင်းလေးမှာပဲ အလုပ်ရတယ် မေမေဆို ဝမ်းသာလွန်းလို့ သမီးကိုဖက်ပြီး အကြာကြီး ငိုနေတာလေ"

"အင်း ဖြစ်ရလေ"





"ခုရော ညီမလေးက ကျောင်းပြီးပြီလား"

"ဟုတ်ကဲ့ မမ အဝေးသင်နဲ့ ပဒုမ္မာ ဘွဲ့ရပါပြီ"

"ကောင်းတယ် ညီမလေး မမတို့လည်းလေ ပို့စတင်စောင့်နေတာ ကျတဲ့နေရာ သွားမလို့"

"ဟုတ်လား မမ၊ နယ်တွေမှာ ဆရာ့ဝန်ဆိုတာ တကယ့်ကိုရှားပါးပြီး မျှော်လင့်တောင်းတနေကြတဲ့ လိုအပ်ချက်တစ်ခုပါ၊ မမတို့ဆင်းမယ်ဆိုရင်တော့ နယ်ကလူတွေအတွက် နတ်သိကြားမတာပဲလို့တောင် ပြောနိုင်တယ်သိလား"

"အဟင်း ညီမလေး ပြောတာနဲ့တင် မမအခုပဲ သွားချင်နေပြီကွာ"

သီရိစကားကြောင့် အန်တီလေးက . . .

"သွားဟေ့ သွား သွား ကျုပ်က ရိက္ခာအပြည့်နဲ့ လိုက်ဖို့ အသင့်ပါပဲတော်"

အားလုံးသဘောကျစွာ ရယ်လိုက်ကြပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

"ကိုကိုရေ . . . ကိုကို"

ခေါ်သံကြောင့် ပန်းအိုးမြေဆွနေသော ကောင်းအုံမှူး၏မိခင် ဒေါ်စိုးစိုးဝေမှာ ခေါင်းဆတ်ခနဲထောင်သွားရ၏။

အသံလာရာ ပေါ်တီကို အောက်ဆီသို့ လှမ်းကြည့်လိုက်ချိန်မှာ အံ့ဩမှုကြောင့် မျက်ဝန်းအစုံပင် ဝိုင်းသွားရပါတော့၏။

ဟုတ်ပါသည်။ ဒေါ်စိုးစိုးဝေ တစ်ခါမှ မမြင်ဘူးသော ကောင်မလေးတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တီကို အောက်မှာ အိမ်ထဲဘက်ဆီ လှမ်းကြည့်ရင်း ပါးစပ်မှလည်း ကိုကိုရေ ကိုကိုဟူသော အခေါ်အဝေါ်ကို တတွတ်တွတ် ရွတ်ဆိုအော်ဟစ်ခေါ်နေသဖြင့် ခပ်သွက်သွက်လေး ထလာရလေသည်။

ကောင်မလေးက ဆံပင်ကို နီညိုရောင် ဆိုးထားပြီး အဖွာကောက် ကောက်ကာ ပခုံးကျော်အရှည်ကို ဖါးလျှားလေး ချထား၏။

အင်္ကျီက ဂျော်ဒန်နီ ကိုယ်ကြပ်လက်ပြတ် အနက်ရောင် ဘောင်းဘီကလည်း ဒူးဆစ်အထိသာရှိသော အဖြူရောင် ကိုယ်ကြပ် တိုကပ်ကပ်လေးမို့ မြင်မြင်ချင်း စိတ်ထဲ ဘဝင်မကျသွားရစွာ ဟင်ခနဲ ရှိသွားရတော့သည်။

ပုံစံလေးက ဒေါ်စိုးစိုးဝေ၏ မျက်စိထဲမှာ တစ်စက်ကလေးမှ အချိုးမပြေ ဒေါင့်မကျိုးသော အနေအထားမို့ မျက်နှာကိုခပ်တည်တည်လေးထားကာ လျှောက်လာနေ၏။

ရွှေဘုံထက်ကလည်း ဒေါ်စိုးစိုးဝေကို မြင်သည်နှင့်-





"အန်တီ ကိုကိုရှိလားဟင်"

မေးပုံက တရင်းတနှီး ရှိလွန်းလှတာမို့ ပို၍ မနှစ်မြို့သွားရစွာ ဘယ်သူဘယ်ဝါမှန်း မသိခင်ကပင် ဒေါ်စိုးစိုးဝေ၏ မျက်ဝန်းတွေက မသိမသာ တည်တင်းသွားရကာ အေးတိအေးစက်ပင် ပြန်မေးလိုက်၏။

"ကလေးမ အိမ်မှားနေပြီထင်တယ်၊ ဘယ်သူ့ကို မေးနေတာလဲ"

ရွှေဘုံထက်ကလည်း လှစ်နေအောင်ပါးသူမို့ ဒေါ်စိုးစိုးဝေ၏ အမူအယာ လေသံတို့ကို ဒက်ခနဲ အကဲဖမ်း လိုက်နိုင်ပြီဖြစ်၏။

မိမိကို တည်တည်စိမ်းစိမ်းလေး ပြောဆိုနေသော ထိုအမျိုးသမီးကြီးသည် ကိုကို မိခင်ပင်ဖြစ်ရမည်။

ဘာပဲဖြစ်ဖြစ် ရွှေဘုံထက်ဆို ဘယ်လိုအဆင့်အတန်းထဲက မိန်းကလေးမှန်း မသိ၍သာ ဒီလိုဆက်ဆံနေပေမယ့် နောက်ဆိုလျှင် ဖူးဖူးမှုတ်အလေးထားကို ထားနေရမည့် မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း အလိုလိုသဘောပေါက် သွားမည်သာ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မျက်နှာကို အချိုဆုံး ပြုံးကာ ရွှေဘုံထက် ပြန်ပြောလိုက်၏။

"အဟင်း အိမ်မမှားပါဘူး အန်တီ ဘုံမေးတာ ဒီအိမ်က ကိုကိုကောင်းအုံ့မှူးကိုပါ၊ အန်တီက ကိုကို့မေမေထင်ပါရဲ့"

ဒေါ်စိုးစိုးဝေ ပို၍ ထင့်ခနဲဖြစ်သွားရပြန်၏။

ဒုက္ခပါပဲ သားက ဒီလိုအချိုးမကျတဲ့ ကောင်မလေးနဲ့ ဘယ်က ဘယ်လိုများ ရင်းနှီးနေပါလိမ့်ဟူသော အတွေးရိုင်းများ က ရင်တစ်ခုလုံး မအီမသာကြီးပင် ဖြစ်ချင်သွားရပါတော့၏။ ပြီးမှ ဟန်မပျက် ပြောလိုက်ရသည်။

"ဟုတ်တယ် တို့က ကောင်းအုံ့မှူးရဲ့ မေမေပဲ ဒါပေမယ့် မင်းကို တစ်ခါမှ မမြင်ဘူးတာ အမှန်ပဲ မင်းဘယ်ကလဲ သားနဲ့ ဘယ်တုန်းက သိကျွမ်းခဲ့လို့လဲ"

မေးခွန်းတွေက လိုလားရိပ်ကင်းသော လေသံတွေမို့ ရွှေဘုံထက် မျက်နှာလေး မသိမသာ တင်းသွားရတော့၏။ ပြီးမှ ဂရုမထားဟန်လေးဖြင့် ရယ်ရွှင်သွက်လက်စွာ ပြောလိုက်လေ သည်။





"အဟင်း ဟင်း ဘုံက ဟိုဘက်ခြံကပါ အန်တီ၊ ကိုကိုနဲ့ သိတာ ရက်ပိုင်းပဲ ရှိပါသေးတယ်၊ မနက်ဖြန် အိမ်သစ်တက် မင်္ဂလာအတွက် လာဖိတ်တာပါ ဒယ်ဒီနဲ့ မာမီလည်း လာဖိတ် မှာပါ၊ ဘုံက အရင်ဦးအောင် လာခဲ့တာပါ"

"ဪ"

ခုမှပင် ဒေါ်စိုးစိုးဝေ သဘောပေါက်ရတော့၏။

လက်စသတ်တော့ ဒီဆတ်စလူးစိန်လေးက မိမိတို့ အိမ် နီးချင်း ဖြစ်နေပါလား။

သူ့ကိုယ်သူ ဘုံ ဘုံနှင့် ပြောနေသော ကောင်မလေးက ဘယ်လိုနာမည်ရှိမှန်းတော့မသိ။

သိလည်းမသိချင် ခင်မင်ရင်းနှီးလိုစိတ်လည်း မရှိ။

ပုံစံလေးက အရာရာကို ပေါ့ပျက်ပျက် အလေးမထား တတ်ဟန်လေးက အထင်းသား။

ချမ်းသာပြီး ကမ်းကုန်အောင် အလိုလိုက်ခံထားရသဖြင့် အပိုးမကျိုးဟန်က အပြည့်မို့ အိမ်နီးချင်းမှန်း သိသွားသည့်တိုင်း ဒေါ်စိုးစိုးဝေ၏ မျက်ဝန်းရိပ်ထဲမှာ ဖော်ရွေနှစ်လိုဖွယ် လုံးဝမရှိ။

ထို့ကြောင့် အေးတိအေးစက်ပင် ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



“သား မရှိဘူးကွဲ့၊ အပြင်သွားတယ်၊ ပြန်လာရင် မင်း လာဖိတ်သွားတယ်လို့ ပြောလိုက်မယ် ဟုတ်လား”

“အို . . . မဟုတ်ဘူး အန်တီ”

“ဟင် . . . ဘာလဲ”

“ဘုံ လာဖိတ်တာ ကိုကို တစ်ယောက်ထဲ မဟုတ်ပါဘူး၊ တစ်အိမ်လုံးကို ဖိတ်တာပါ”

“အဟင်း”

ဒေါ်စိုးစိုးဝေ မချိရယ်လေး ရယ်မိတော့၏။

ထိုစဉ်မှာပင် ရွှေဘုံထက်၏ မိဘနှစ်ပါးဖြစ်သော ဦးဇော်ထက်နှင့် ဒေါ်ရွှေအိမ်တို့ ဝင်လာနေသဖြင့် ဘုံက . . .

“ဟော . . . ဒယ်ဒီနဲ့ မာမီလာနေပြီ”

ဒေါ်စိုးစိုးဝေ မနေသာတော့။ လူမှုရေး ဝတ္တရားရှိသေးတာမို့ ဝင်လာသော ဧည့်သည်ကို ခရီးဦးကြိုပြုလိုက်ရလေသည်။

“လာကြပါရှင် အထဲကြွပါ”

ဒေါ်ရွှေအိမ်က ပြုံး၍ . . .





“သမီးက ကြိုရောက်နေတာကိုး ခွင့်လွှတ်ပါ အစ်မကြီးရယ် ကျွန်မတို့က ဟိုဘက်မိတ်ဆွေသွားဖိတ်နေလို့”

“ဩော် . . . ရပါတယ် ထိုင်ပါ”

ဧည့်ခန်းထဲ အသီးသီး ထိုင်ကြပြီးမှ ဦးဇော်ထက်က-

“ကျွန်တော်တို့က ဟိုဘက်အိမ်ကို ပြောင်းလာတဲ့ လူသစ်တွေပါ၊ ကျွန်တော်က ဇော်ထက် ဇနီးက မရွှေအိမ်ပါ၊ သမီးလေးက ရွှေဘုံထက် သမီးလေးက ဒီအိမ်က သားနဲ့ မိတ်ဆွေဖြစ်နေပြီဆိုလို့ ဝမ်းသာနေရတယ်”

“ဟုတ်ပါတယ် အစ်မကြီးရယ် မနက်ဖြန် မနက် အိမ်သစ်တက်မင်္ဂလာလေး လုပ်မှာမို့ အစ်မကြီးတို့ မိသားစု ဆက်ဆက်လာခဲ့ကြပါလို့ လာဖိတ်တာပါ”

လင်မယားနှစ်ယောက်စလုံးက တလေးတစား ပြောဆိုနေကြချိန်မှာရွှေဘုံထက်ကဧည့်ခန်းတစ်ခုလုံးကိုရဲတင်းလွတ်လပ်စွာပင် ဝေ့ဝဲအကဲခတ်လေ့လာနေလေ၏။ ဒေါ်စိုးစိုးဝေက-

“ကောင်းပါပြီ လာခဲ့ပါ့မယ်၊ ဒါနဲ့ ဒီက ညီမတို့က ဘယ်က ပြောင်းလာကြတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ဇာတိကတော့ မော်လမြိုင်ကပါ ဒါပေမယ့် သမီးက ရန်ကုန်မှာ နေချင်တယ်ဆိုလို့ ရန်ကုန်မှာကို လေးနေရာ လောက်ရှိသွားပါပြီလေ၊ သမီးမကြိုက်ဘူးဆိုလို့ ရောင်းလိုက် ပြောင်းလိုက်နဲ့ အဟင်းခုတော့ ဒီနေရာကို အရမ်းကြိုက်လို့ ပြော နေတာ အစ်မကြီးရဲ့ ကျွန်မတို့မှာ ဒီသမီးလေး တစ်ယောက်ထဲ ရှိတာ အစစအရာရာ သမီးလေး အကြိုက်လိုက်လျှောနေရတယ် လေ၊ အဟင်း . . . ဟင်း"

စကားထဲက တစ်စွန်းတစ်စ ဇာတိပြနေပြီမို့ ကမ်းကုန် အောင် အလိုလိုက်ထားသော သမီးမိန်းကလေး၏ စိတ်ပျက်ဖွယ် အရည်အချင်းများကို တွေးစရာပင် မလိုတော့။

"အစ်မကြီးတို့မှာရော သားသမီး ဘယ်နှစ်ယောက်ရှိ လဲဟင်"

"ဩော် . . . တစ်ယောက်ထဲပါပဲ၊ သားက လောလော ဆယ် ဟောက်စ်ဆင်းပြီးသားဆိုတော့ ပို့စတင်မကျခင် ဆေးခန်း ဖွင့် နေတာပါ"





"ဟုတ်လား ကောင်းတာပေါ့ ဆေးခန်းက ဘယ်မှာဖွင့် ထားတာလဲ အစ်မကြီး"

ဒေါ်စိုးစိုးဝေ အလွန်ဝမ်းသာသွားရ၏။

မိမိကြိုတင်ကာကွယ်ထားချင်သော စကားများကို ထိထိ မိမိလေး ပြောကွက်ရလိုက်ပြီ မဟုတ်လား။ ထို့ကြောင့် မျက်နှာကို ပြုံးပြုံးလေးထားကာ ကြည်နူး ကျေနပ်သံလွှမ်းသော လေသံဖြင့် ပြောလိုက်တော့၏။

"သားဆေးခန်းက အင်ဂေ့(ချ်) လုပ်ထားတဲ့ သူ့ဇနီး လောင်းလေးရဲ့ အိမ်မှာပဲ ဖွင့်ထားတာလေ၊ လူငယ်ချင်းက မေတ္တာမျှပြီး ကျောင်းပြီးတာနဲ့ စေ့စပ်ထားပြီးပါပြီ၊ လက်ထပ်ဖို့ ကိုတော့ မိန်းကလေးရဲ့ မိဘနှစ်ပါး နိုင်ငံခြားမှာ တာဝန်ထမ်းနေ လို့ ပြန်လာတော့မှ လက်ထပ်ပေးမှာမို့ပါ အဟင်း ဟင်း မိန်း ကလေးက သားလိုပဲ ဆရာဝန်ပေါ့ အရမ်းကို လိမ္မာရေးခြားရှိပြီး မိမ္မေ့ယဉ်ကျေးဖြူစင်တာလည်း မပြောပါနဲ့တော့ တကယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



အဖိုးတန် မိန်းကလေးဆိုပါတော့ရှင်"

အရသာရှိလိုက်သည့်ဖြစ်ခြင်း။ ချွေးမလောင်းလေး မေသီရိမွန်၏ ဂုဏ်ပုဒ်များကို ဖေါ်ထုတ်ချီးကျူးလိုက်ရသဖြင့်လည်း ရင်ထဲ ကျေနပ်ပီတိဖြစ်မဆုံးတော့။ ရွှေဘုံထက်ဆိုသော ဆက်စလူးမလေးကို မသိမသာ အကဲခတ်လေ့လာလိုက်ချိန်မှာ မျက်နှာတစ်ခုလုံး လငပုပ်ဖမ်းသလို ရှုတ်ချည်း ညိုမှောင် ပုပ်သိုး သွားလေပြီတည်း။ ဒေါ်ရွှေအိမ်က ခေါင်းတညိတ်ညိတ် နားထောင်နေပြီးမှ အလိုက်သင့် ပြောလိုက်၏။

"ဩော် . . . ကောင်းတာပေါ့ရှင်၊ သားအတွက် စိတ်အေးလက်အေး ရှိသွားပြီပေါ့"

"မာမီ သမီးပြန်ချင်ပြီ"

ရွှေဘုံထက်က ငြီးငွေ့စိတ်မဝင်စားဟန်ဖြင့် ရှုတ်တရက် ထရပ်ကာပြောလိုက်ရာ ဦးဇော်ထက်က အသာထလိုက်ပြီးမှ

"ခွင့်ပြုပါအုံး အစ်မကြီး တစ်ခြားအိမ်တွေ ဖိတ်ရမှာမို့ မနက်ဖြန် ဆက်ဆက်လာခဲ့ကြပါ ခင်ဗျ"





"ဟုတ်ကဲ့ လာခဲ့မှာပါ"

"သွားမယ် . . . အစ်မကြီး သမီး အန်တီကြီးကို နှုတ်ဆက်အုံးလေ"

ရှေ့မှာ ဆတ်တောင့်လေး ထွက်သွားသော သမီးကို ဒေါ်ရွှေအိမ်က အားနာဟန်ပြောလိုက်တာကို ရွှေဘုံထက်က မှုန်သိုးသိုးလေး စိတ်မပါဟန်ပြောလိုက်၏။

"သွား . . . လိုက်ပါအုံးမယ် အန်တီ"

ဒေါ်စိုးစိုးဝေ ပြုံးတုံ့တုံ့လေး ခေါင်းညိတ်လိုက်၏။ ဘာပဲဖြစ်ဖြစ် သိစေချင်တာတွေ ပြောလိုက်ရတာမို့ စိတ်ထဲ ကျေနပ်သွားတာအမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

အခန်းထဲ ရောက်သည်နှင့် ရွှေဘုံထက် ဝုန်းဒိုင်းကြဲ ပေါက်ကွဲပစ်လိုက်ပါတော့၏။

မှန်တင်ခုံပေါ်မှ အလှပြင် ပစ္စည်း များကို အခန်းဒေါင့် ဆီ ဒေါသတကြီး လွှင့်ပစ်၏။

ခေါင်းအုံး ဖက်လုံးတို့ကိုလည်း ဆွဲဖယ်ကန်ထုတ် လိုက်ပြီး အဝတ်စင်မှ အဝတ်များကိုပါ ဖွစကျဲသွားအောင် ဆွဲဖွပစ်ပေါက် လိုက်၏။

အခန်းတစ်ခုလုံး ဝရုန်းသုန်းကား ပြောင်းဆန်ကာ ပစ္စည်းပစ္စယများဖြင့် အကျည်းတန်သွားစေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဘုံထက် စိတ်ဆိုးလျှင် ဒေါသတကြီး လုပ်လေ့လုပ်ထရှိသော အပြုအမူတွေမို့ ဘယ်သူမှ တားဆီး၍မရဲကြပါ။ ဖျောင်းဖျတားဆီးခဲ့လျှင် ပို၍ဆိုးဝါးစွာ တုန့်ပြန်တတ်လွန်းသဖြင့် တစ်အိမ်လုံး ငြိမ်နေကြ၏။

သောင်းကျန်းချင်တိုင်း သဘောရှိလွှတ်ထားပေးရ၏။ အရှိန်သေ သွားတော့မှ အပျက်အစီးမှန်သမျှကို အိမ်ဖော် မိစုက တစ်စမကျန် ကောက်ငင်သိမ်းဆည်းရလေသည်။

မှန်တင်ခုံမှ မှန်ကိုလည်း လဲရသည်မှာ အကြိမ်ပေါင်းမရေနိုင်တော့။

ငယ်ငယ်ကတည်းက ရွှေဘုံထက်အကျင့်က ဖြစ်ချင်တာလိုချင်တာမရခဲ့လျှင် ဒေါသတကြီး အော်ဟစ်ငိုယိုတာမှ တစ်ကိုယ်လုံး ပြာနှမ်းသတိလစ်သွားတတ်သည်အထိ ရှိခဲ့ဖူးသဖြင့် မိဘနှစ်ပါးစလုံးက အရိပ်တကြည့်ကြည့်နှင့် လိုတရဖြစ်စေခဲ့လေသည်။

ထိုအနေအထားဖြင့် ကြီးပြင်းခဲ့ရသော ရွှေဘုံထက်အဖို့





ဘယ်သူ့ကိုမှ ကြောက်ရွံ့စရာမလို စိတ်ထင်တိုင်း ပေါက်ကွဲခွင့်ရှိနေလေတော့၏။

အပြင်မှ နားထောင်နေသော မိစုကလည်း အသံဗလံများကို တွန့်ခနဲ ရွံ့ခနဲရှိနေရစွာ ရင်ဘတ်ဖိနေလေသည်။

ဒေါ်ရွှေအိမ်က ဧည့်ခန်းထဲ ခေါက်တုန့်ခေါက်ပြန်လျှောက်နေရင်းမှ သက်ပြင်းတချချရှိနေလေသည်။

ဦးဇော်ထက်က အပြင်သွားနေသဖြင့် အိမ်မှာမရှိ။ ခဏအကြာမှ မိစုရောက်လာပြီး တိုးတိုးလေးပြော၏။

"အန်တီ မမလေး ငြိမ်နေပြီ"

"ဟင် . . . ဟုတ်လား အေး အေး"

ဒေါ်ရွှေအိမ်က သမီးဖြစ်သူ၏ အခန်းရှိရာ သွက်လက်စွာ လျှောက်လာပြီး အခန်းတံခါးကို အသာတွန်းဖွင့် လိုက်၏။

တံခါးက အလိုက်သင့်ပွင့်သွားသဖြင့် အထဲဘက်ဆီလှမ်းကြည့်လိုက်တော့ ထုံးစံအတိုင်း ဖြစ်ချင်တိုင်းဖြစ်ကာ မြင်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းအောင် ပွစာကျဲနေသော သမီး၏အခန်းထဲသို့ ခြေလှမ်းချလိုက်၏။

ရွှေဘုံထက်က ကုတင်စွန်းမှာ အောက်နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ထားပြီး ဝင်လာသော မိခင်ကို ပြေးဖက်ကာတအင့်အင့် ရှိုက်ငိုလိုက်ပါတော့၏။

"သမီးရယ်"

သမီးကို အလိုက်သင့် ဖက်ထားလိုက်ပြီးမှ . . .

"လာ လာ မာမီတို့အခန်းထဲသွားရအောင်နော် သမီး"

ပြောရင်း အခန်းဝမှ မိစုကို မျက်စလေးပစ်ကာ အချက်ပေးလိုက်၏။

အမိပွါယ်က ဝင်ရှင်းတော့ဟူ၍ ဖြစ်လေသည်။

ရွှေဘုံထက်က အရှူးတစ်ယောက်နှယ် ဝုန်းဒိုင်းကြဲသောင်းကျန်းခဲ့ပြီးပြီမို့ ခြေကုန်လက်ပမ်းလေးကျကာ မိခင်ခေါ်ဆောင်ရာဆီ မငြင်းမဆန် လိုက်လာခဲ့လေသည်။





မိမိတို့ အခန်းထဲ ရောက်တော့မှ ဒေါ်ရွှေအိမ်ဏ အခန်းတံခါးကို အသာပိတ်လိုက်ကာ . . .

"သမီး ဘာဖြစ်လို့လဲဟင် မာမီတော့ ဘာမှကို နားမလည်နိုင်တော့ဘူးကွယ်"

တကယ်ပင် ဒေါ်ရွှေအိမ် ဘာကိုမှ နားမလည်တာအမှန်ပင်။

သမီးလေး ခုလောက်စိတ်အနှောင့်အယှက် ဖြစ်စရာအကြောင်းအရာကို စဉ်းစား၍ပင်မရ။

ရွှေဘုံထက်က ငူငူလေးထိုင်ကာ မျက်နှာတစ်ခုလုံး စူပုပ်ဟင်းမာနေပြော၏။

"သမီးပြောလေ သမီးလေးပြောမှ ဘာဖြစ်နေလဲဆိုတာမာမီတို့ သိရမှာပေါ့ကွယ် မာမီ ဘာလုပ်ပေးရမလဲဟင် သမီး"

ရွှေဘုံထက် နားကျည်းစွာ ပြုံးကာ ခေါင်းအသာရမ်းလိုက်ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်မာမီ မာမီဘာမှ လုပ်ပေးစရာမလိုပါဘူး၊ ဘုံ ဖာသာပဲ ဘုံလုပ်မှာပါ"

"ဟင် . . . ဘာများလဲ သမီးရယ်"

"မာမီ"

"ဟင်"

"ဘုံ အစော်ကားခံရတယ် သိလား"

"အို . . . ဘုရား ဘယ်လိုသမီး အစော်ကားခံရတယ် ဟုတ်လား"

ဒေါ်ရွှေအိမ် မျက်နှာကွက်ခနဲ ပျက်ကာ စိုးရိမ်တကြီး ရင်ဘတ်ဖိကာ ပြောလိုက်၏။

ရွှေဘုံထက်က မဲ့တဲ့တဲ့လေး ပြုံးကာ ဆက်ပြောလိုက် သည်။

"ဟုတ်တယ် မာမီ အထင်တသေးနဲ့ကို အစော်ကားခံ ရတာလေ အဟွန်း"

"ဘယ်သူလဲ သမီး ဘာဖြစ်လို့လဲဟင်"





"ဘယ်သူရှိရမှာလဲ ဟိုဘက်အိမ်က မိန်းမကြီးပေါ့"

"ဟင် . . . မမစိုးက"

"ဟုတ်တယ် . . . သူ့မျက်လုံးကို ဘုံလုံးဝမကျေနပ်ဘူး သိလား"

"ဟင်"

"ဘုံကိုမြင်တော့ အထင်သေးတဲ့ မျက်ဝန်းတွေနဲ့ မနှစ် မြို့ဟန်လေး အပြည့်နဲ့ မာမီရဲ့"

"အို သမီးရယ်"

"ကိုကို့မိတ်ဆွေပါလို့ဆိုတာတောင် သူ့ပုံစံက ရှုပ်ရှုပ် ယှက်ယှက်ဆိုတဲ့ အမူအယာမျိုး မာမီရဲ့"

"ဟင် သမီးထင်လို့များလားကွယ် မာမီတို့နဲ့တွေ့တော့ အေးအေးဆေးဆေးပါပဲလား"

"အဲဒါ သူဟန်ဆောင်တာ မာမီ"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ဘုံက ဒယ်ဒီနဲ့ မာမီတို့လည်း လာဖိတ်မယ်လို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



ထားတာလေ၊ မကောင်းတတ်လို့ ဟန်လုပ်ပြီး ပြောနေရတဲ့ ပုံစံကြီးပဲ"

"သမီးရယ် တစ်ဖက်သားကို အရမ်းကာရော ဝေဖန်အပြစ်တင်မပြောင်း မကောင်းဘူးကွဲ့"

"ဘုံ အရမ်းဝေဖန်တာ မဟုတ်ဘူး မာမီ"

"ဟင်"

"သူက သူ့သားနဲ့ ဘုံခင်မင်တာကို လုံးဝသဘောကျပုံ မရဘူး မာမီရဲ့"

"ဘာဖြစ်လို့လဲ သမီး၊ တကယ်တော့ သမီးတို့က ခုမှစတွေ့ကြတဲ့ လူတွေပဲကွယ်၊ သူ့သဘောမကျစရာ ဘာအကြောင်းရှိလို့လဲ၊ သူ့ဖာသာသူ စိတ်ညစ်စရာ တစ်ခုခု ရှိလို့ များလား သမီးရယ်"

"မဟုတ်ဘူးသမီး ဘုံလူကဲခတ် တတ်ပါတယ်နော်"

"ဘာကိုလဲ သမီး"





"မာမီ သတိထားမိလား၊ သူ့သားအကြောင်း ပြောနေတာများ မျက်နှာကို မော့နေပြုံးနေတာပဲဟွန်း ဘုံသိပ်သိတာပေါ့"

"သမီးရယ် ဘာကိုသိနေတာလဲ"

"ဩော် . . . မာမီကလည်း သူဆိုလိုချင်တဲ့ အဓိပ္ပါယ်ကရှင်းနေတာပဲ သူ့သားကို ဘုံလာမခင်မင်ချင်စမ်းပါနဲ့၊ သူ့သားမှာလက်ထပ်ရမယ့် ဇနီးလောင်းအဆင်သင့်ရှိနေပြီဆိုတဲ့ အကြောင်းကိုမြန်ရေယှက်ရေ ပြောနေတာများ နားထဲကိုခါးပြီးဝင်တာမာမီရဲ့"

"သမီးရယ်"

ဒေါ်ရွှေအိမ် မသက်မသာ သက်ပြင်းချလိုက်ပြီးမှ -

"သမီးထင်သလို ဖြစ်နိုင်ပါ့မလားကွယ်၊ စကားစပ်မိလို့ပြောပြတာဖြစ်မှာပါ"

"မဖြစ်နိုင်ဘူး မာမီ"

"ဟင်"

"မာမီ သတိထားမိလား၊ သူပြောတဲ့ စကားထဲမှာလေဟွန်း မိန်းကလေးက သားလိုပဲ ဆရာဝန်ပေါ့၊ အရမ်းကို လိမ္မာ



www.burmeseclassic.com

www.burmeseclassic.com



ရေးခြားရှိပြီး သိမ်မွေ့ယဉ်ကျေးဖြူစင်တာလည်း မပြောပါနဲ့တော့ တကယ့်ကိုအဖိုးတန်မိန်းကလေးဆိုပါတော့ရှင်တဲ့အဟတ်ဟတ်"

"သမီး"

အသံနေ အသံထား မျက်နှာဟန်ပန်အမူအယာနှင့်ပြော ဆိုပြီးစကားဆုံးမှာလှောင်ရယ်လေးပါရယ်လိုက်သောသမီးဖြစ်သူ ကို ဒေါ်ရွှေအိမ်အလန့်တကြား ကြည့်မိပါတော့၏။

ဘုံမျက်ဝန်းအစုံ စူးလက်တောက်ပြောင်လွန်းနေကာ မုန်တိုင်းဆင်တော့မည့်အရိပ်အယောင်တွေမို့ ရင်ထဲလေးလံ တင်းကြပ်သွားရစွာ၊ ခေါင်းမသိမသာ ရမ်းမိပါတော့၏။

မိမိကိုယ်တိုင် ဝမ်းနှင့်လွယ်၍ မွေးခဲ့ရသော သမီးလေး မို့ မိမိနှုးအလည်ဆုံးပါ။

သမီး၏ ပင်ကိုယ်စရိုက်တွေကိုက အစွဲအလမ်းကြီး တတ်သူ ဖြစ်ချင်တာကို ဖြစ်အောင်လုပ် ယူတတ်သူ၊ ဒေါသ မာန်မာနများဖြင့်လူတကာအပေါ် အနိုင်ယူတတ်သူ အညှို့ အတေးထားတတ်သူမို့ ခုတော့ ရှေ့ဆက်အလားအလာ ကောင်း ပုံမရတော့မည့် အရေးအတွက် တကယ်ပင် ရင်လေးနေရ လေပြီ။





ရွှေဘုံထက်က နာကျည်းပြုံးလေးဖြင့် ကောက်ကျစ်စွာ ပြုံးလိုက်ပြီးမှ အံကြိတ်ကာ ပြောလိုက်၏။

"တွေ့ကြသေးတာပေါ့လေ"

ဒေါ်ရွှေအိမ် ဆတ်ခနဲ ထိတ်သွားရကာ . . .

"သမီး ဘာကိုပြောနေတာလဲကွယ်၊ ဒီကိစ္စ စိတ်ထဲ ဖျောက်ပစ်လိုက်ပါနော်၊ မာမီ့စကား နားထောင်၊ အိမ်နီးချင်းဆို တာ ခင်မင်လေးစားပြီးနေကြတာပဲ ကောင်းပါတယ် သမီးရယ်၊ ပြဿနာမရှာပါနဲ့ ဟုတ်လား သမီး"

"ပြဿနာက ဘုံရှာတာမဟုတ်ဘူး မာမီ၊ သူက စပြီး ဘုံ့ကို စိန်ခေါ်နေတဲ့ဟာကို"

"ဟင် စိန်ခေါ်တယ်"

"ဟုတ်တယ် ဘုံ့ရှေ့မှာ သူ့ချွေးမလောင်းကို ချီးမွမ်းခန်း ဖွင့်နေတာ မာမီကြားသားပဲ"

"အဲ့ဒါ ဘာဖြစ်လဲ သမီးရယ် သူ့စိတ်ထဲ ရှိတာပြောတာ နေမှာပေါ့"

"ဟင့်အင်း ဘုံသိတယ်၊ ဘုံ့ကိုချိုးချင်လို့ နှိမ်ချင်လို့ တစ် ဆက်ကလေးမှ အထင်မကြီးဘူး၊ တန်ဖိုးမရှိဘူးဆိုတဲ့ သဘောမျိုး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပြောနေတာ ရွှေဘုံထက်ဆိုတာ ဘယ်လို မိန်းမလဲဆိုတာ ဒီ မိန်းမကြီး သိကိုသိသွားစေရမယ်"

"သမီး"

"ဘုံ ဆုံးဖြတ်လိုက်ပြီ မာမီ"

"ဟင်"

"သူ့ချွေးမဟာ ဟို ဆရာဝန်မလေးလုံးဝမဖြစ်စေရဘူး"

"ဟင် . . . ဘာရယ် သမီး"

"အဟွန်း ဟွန်း ဆယ်တန်းသုံးခါကျ ဘာတစ်ခုမှ မလုပ် တတ်တဲ့ အဖိုးမတန်တဲ့ ဟောဒီ ရွှေဘုံထက်ဆိုတဲ့ မိန်းမပဲသချာ ပေါက် ဖြစ်ကိုဖြစ်စေရမယ် သိလား"

"ဘုရား ဘုရား သမီးရယ် မကြံကောင်း မစည်ကောင်း သူတို့မှာ အားလုံးသေချာ စီစဉ်ပြီးသား ကိစ္စကိုကွယ်၊ ကြား ဝင်နှောက်ပြီး ဖျက်လိုဖျက်ဆီး မလုပ်ရဘူး သမီး၊ မလုပ်ကောင်း ဘူးနော်၊ အပြစ်ကြီးတတ်တယ်"

ဒေါ်ရွှေစိန်ခမျာ မျက်စိမျက်နှာပျက်သွားရစွာ ဖျောင်းဖျ ဆုံးမပါသော်လည်း ရွှေဘုံထက် လက်မခံ။





နာကျည်းကောက်ကျစ်စွာ ပြုံးကာ ခေါင်းတခါခါနှင့် ပြောလိုက်၏။

"မာမီ မတားနဲ့၊ တားလဲအလကားပဲ ဘုံနားထောင်မှာ မဟုတ်ဘူး၊ ဘုံဆိုတာ လိုချင်တာရအောင် ယူတတ်မှန်း မာမီ သိသားနဲ့"

"သမီးရယ် ဟိုခမျာ သူတို့ချင်းသင့်မြတ် အဆင်ပြေနေ ပြီးသား ကိစ္စကို"

"ဘာဖြစ်လဲ မာမီ ဘုံလည်း ကိုကို့ကို ချစ်မှာပေါ့၊ သူ့ ချစ်သူထက် သာအောင် ဘုံချစ်မှာပါ၊ အဟင်း . . . ဟင်း ဒီကိစ္စ မာမီ့ရင်ထဲမှာပဲ ထားရမယ်နော်"

"သမီးရယ် ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅ )

"စိတ်ပျက်လိုက်တာနော်"

လက်ပွေ့အိတ်လေးကို ရှိုးကေ့စ်ပေါ် အသာတင်လိုက်ကာ ငြီးငြီးငြူငြူ ပြောလိုက်သော မေမေ့ကြောင့် ကောင်းအံ့ခေါင်းမတ်ခနဲ ထောင်သွားရ၏။

ဖတ်လက်စ ဆေးပညာဗဟုသုတ စာအုပ်လေးကို အသာပိတ်ကာ . . .

"မေမေ ဘာဖြစ်လို့လဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲ သားရဲ့၊ ဟိုဘက်အိမ်က ကောင်မလေး ကိုပြောတာ"

"ဗျာ"

သူနားမလည်သေး။

ဟိုဘက်အိမ်က အိမ်သစ်မင်္ဂလာဆို၍ မေမေသွားတာ သူသိ၏။

သူတော့ မသွားနိုင်၊ သူငယ်ချင်းတစ်ယောက် ညဥ့်နက်မှ အရေးပေါ် အူအတက်ခွဲစိတ်ကုသမှု ခံယူလိုက်ရသဖြင့် တစ်ညဥ့်လုံး သူစောင့်ပေးခဲ့ရ၏။

ခုမနက်မိုးလင်းမှ သူအိမ်ကို ပြန်ရောက်တော့ ထမင်းချက် ဒေါ်ညွှန့်က ဖေဖေနှင့်မေမေတို့ ဟိုဘက်အိမ် အိမ်သစ်တက်မင်္ဂလာ သွားကြမှန်း သိလိုက်ရ၏။

ခု ပြန်လာတော့ မေမေတစ်ယောက်ထဲ မျက်နှာကပါ မသိမသာ သုန်မှုန်နေသလိုမို့ သူမေးလိုက်ရတော့သည်။

"မေမေ ဘာဖြစ်လာလို့လဲ ဖေဖေရော"





"သား ဖေဖေ ကုမ္ပဏီသွားပြီလေ ဟွန်း မေမေတောင် ဆိုင်သွားဖို့ စိတ်ထဲကသိကအောက်လေးဖြစ်သွားရလို့ မသွား သေးပဲနေတာ"

"ဘာဖြစ်လဲ မေမေ"

"ဘာဖြစ်ရမလဲ သား ဟိုဘက်အိမ်က ဆတ်စလူးစိန် လေးနဲ့ သားနဲ့ ဘယ်တုန်းက ရင်းနှီးနေကြတာလဲ၊ မေမေ့ကို ပြောစမ်းပါအုံး"

သူတွေခနဲ ဖြစ်သွားရပြန်၏။

ဆတ်စလူးစိန်ဟု မေမေခေါ်လိုက်သော အခေါ်အဝေါ် ကို သူတကယ်ပင် နားမလည်။

ကြောင်တက်တက်လေးဖြစ်ကာ သူပြန်မေးမိတော့သည်။

"ဘယ်လို ဆတ်စလူးစိန်လေး ဟုတ်လား၊ ဘယ်သူလဲ မေမေ၊ ကျွန်တော်လဲ မသိပါလား"

"အောင်မလေးနော် ဖြစ်မှဖြစ်ရလေ မင်းကသာ မသိ တာဟိုက ကိုကို ကိုကိုနဲ့ တကိုထဲကိုနေတာ နားကြားကို ကတ် ရောဟော့ သိလား"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူအတော့်ကို ဝေခွဲရခက်သွားရ၏။ တကယ်ပင် သူ လုံး၀ သတိမရတာအမှန်မို့ စိတ်ညစ်စွာ ခေါင်းကုတ်လိုက်တော့ မေမေက သူ့ကိုမသက်ာသဟန်ဖြင့် ကြည့်ကာ မေးတော့၏။

"သား မှန်မှန်ပြောစမ်း အဲ့ဒီကောင်မလေးနဲ့ ဘယ်လို သိကျွမ်းထားလို့လဲ ဟွန်း ပုံစံကိုက နည်းနည်းလေးမှကို အချိုး မပြေလိုက်တာကွယ်"

"နေအုံး မေမေ၊ မေမေပြောတာ ကျွန်တော်ဘာမှ နားမလည်သေးဘူး၊ ဘယ်သူဘယ်က ကောင်မလေးလဲ"

"ရွှေဘုံထက်တဲ့ဟော့ တောင်မကျမြောက်မကျ အပြင် အဆင်နဲ့ မျက်စိထဲ ကန့်လန့်ကိုဝင်ရော ဆံပင်ကအစ နီကြောင် ကြောင် ပွယောင်းယောင်းနဲ့"

"ဩော် . . ."

သူဖျတ်ခနဲ မှတ်မိသွားလေပြီ။

ဟုတ်သားပဲ။

တစ်လောက ဝဏ္ဏနှင့် တင်းနစ်ရိုက်နေစဉ် ဟိုဘက်ခြံ မှ ခေါင်းလေးတစ်ပိုင်းပြူတစ်ပေါ်ကာ သူ့ကို စကားတွေ ပြော လာသော ကောင်မလေးပဲ ဖြစ်ရမည်။





တကယ်ပင် သူမေ့နေမိတာအမှန်ပင် လုံး၀ကို သတိမရ

ရွှေဘုံထက်ဆိုသော ကောင်မလေး၏ အသွင်အပြင်ကို သူမြင်ရသည့်အနေအထားက မျက်နှာလေးပင် တစ်ဝက်ခန့် သာမို့ဆံပင်အရောင်တစ်ခုသာထူးထူးခြားခြားလေးရှိနေလေသည်။

သူ ပြုံးလိုက်ပြီးမှ မေမေ့ကို ပြောလိုက်ရ၏။

"ရင်းနှီးတယ်ရယ်လို့တော့ မဟုတ်ပါဘူး မေမေရာ ခု မေမေပြောမှပဲ မနည်းကို ပြန်စဉ်းစားရတာ"

"သိတော့ သိတယ်ပေါ့"

"ဟုတ်ကဲ့ ဆိုပါတော့"

"ဘယ်လိုသိတာလဲ"

"အဟင်း"

သူရယ်လိုက်ပြီးမှ အဖြစ်အပျက်ကို အတိုချုံးကာ ပြော လိုက်ရ၏။ ပြီးမှ . . .

"အဲ့ဒါပါပဲ မေမေရာ မြင်ရတဲ့အနေအထားက ခေါင်း တစ်ဝက်လောက်ပဲဆိုတော့ သူ့ပုံစံလေးဘယ်လိုဆိုတာ တောင်



www.burmeseclassic.com

www.burmeseclassic.com



မသိပါဘူးဗျာ၊ ကျွန်တော်က မေ့တောင်မေ့နေတာ မေမေပြော
တော့မှ မနည်းကြီး ပြန်စဉ်းစားရတာ အဟင်း"

သူ့စကားဆုံးတော့ မေမေက မဲ့၍ . . .

"ဟွန်း ခေတ်ကာလများ တယ်လဲ ကြောက်စရာ စိတ်
ပျက်စရာကောင်းတာပဲ ကြည့်စမ်း ဒီလောက်လေး ပြောဖူးဆို
တာလောက်နဲ့ကို တစ်သက်လုံး လက်ပွန်းတတီးခင်မင်ရင်းနှီးနေ
ကြသလိုနဲ့သွက်လိုက်တာရဲတင်းလိုက်တာ သားသတိထားနော်"

"ဗျာ . . . ဘာကိုလဲ မေမေ"

"ဩော် . . . အဲ့ဒီဟာမလေးက သားမရှိတုန်း မနေ့
ကပေါ့ တကြော်ကြော် ခေါ်ပြီး ဝင်လာတာလေ"

"ဟင် . . . ဟုတ်လား"

"ဟွန်း ကိုကိုရှိလားတဲ့၊ အိမ်သစ်တက် လာဖိတ်တာတဲ့
ဝတ်စားထားတာများ တိုကပ် ကြပ်ညှပ်နေတာပဲ သူ့မိဘတွေ
ကလည်း သမီးဘာလုပ်လုပ် မျက်စိမှိတ် ချစ်ပြနေတာထင်ပါရဲ့
အဲ့ဒါ ချစ်တယ်မခေါ်တော့ဘူး နှစ်တာ . . . နှစ်တာ"

"မေမေရာ သူ့များမိသားစု အခြေအနေကို လိုက်ပြီ





မဝေဖန်ပါနဲ့ဗျာ၊ ခုန မေမေ ပြောသလို တိုတိုကြပ်ကြပ်လေးတွေ
တစ်ချို့ဝတ်နေကြတာပဲ"

"အို ကိုယ်နဲ့ မပတ်သက်လို့ကတော့ အနေသာကြီး ပါ
သားရယ်၊ ခုတော့ အိမ်ချင်းကပ်ဆိုတော့ လာဖိတ်တော့လဲ
မသွားပဲ ရမလားလို့ ဘယ်လောက်ကဲသလဲသိလား၊ ဆတ်စလူး
စိန်လေးက မေမေတို့ကို မြင်တာနဲ့ ကိုကိုရော မပါဘူးလားတဲ့
လေ၊ ဟွန်း တမင်ကို မေမေသားကို မခေါ်ပဲ ထားခဲ့တာ သား
သူငယ်ချင်း အော်ပရေးရှင်း လုပ်ရတာနဲ့ အတော်ပဲ ဖြစ်သွား
တာပေါ့"

"မအားပါဘူး မေမေရာ၊ မေမေခေါ်လဲ လိုက်ဖြစ်မှာ
မဟုတ်ပါဘူး"

"ကောင်းတယ် မေမေ ခုကတည်းက ကြိုပြောထားမယ်
သား"

"ဘာကိုလဲ မေမေ"

"ဣန္ဒြေမဲ့တဲ့ အဲ့ဒီကလေးမကို အရောတဝင် ပြောဆို
တာမျိုး မရှိစေနဲ့ ဟုတ်လား၊ သားမှာ စေ့စပ်ထားပြီးသား ဇနီး



www.burmeseclassic.com

www.burmeseclassic.com



လောင်းဆိုတာ ရှိနေပြီ သီရိ စိတ်အနှောက်အယှက်ဖြစ်မှာကို မမေ့စိုးရိမ်တယ်"

"အဟင်း မေမေကလည်းဗျာ ဘာမှမဆိုင်တာကြီးပဲ သားရင်ထဲမှာ သီရိတစ်ယောက်ထဲပဲဆိုတာ အားလုံးအသိပါဗျာ"

"အေး . . . သိပေမယ့် အရှက်အကြောက်နည်းတဲ့ မိန်းကလေးမျိုးနဲ့ မတော်တဆ ပတ်သက်ဆက်စပ်မိတာတွေ ဖြစ်မှာစိုးလို့ပါကွယ်၊ ကိုယ့်ဘက်က အန္တရာယ်ကို ကြိုတင်ကာကွယ်ထားတတ်ဖို့လိုတယ် သားရေ မေမေတော့ ရှင်းရှင်းပဲကွယ်၊ ဒီလို အချိုးမျိုးနဲ့ ဟာမလေးကို ခပ်ကင်းကင်း ခပ်တင်းတင်းပဲ နေစေချင်တယ် သူ့ပုံစံလေးက အရာရာကို အလေးမထားတဲ့ ပုံလေးနဲ့ ပေါ့ပျက်ပျက်လေး မိဘချမ်းသာတဲ့ အရှိန်အဝါနဲ့ မာနကလည်းကြီးမဲ့ပုံလေး မေမေတော့ မြင်တာနဲ့တင် ချဉ်သွားတာပဲသားရယ်"

"ကဲ တော်ပါတော့ မေမေရာ အိမ်နီးချင်းဖြစ်ပေမယ့် ကိုယ်ကမပတ်သက်ပဲနေရင် ဘာမှဖြစ်မှာ မဟုတ်ပါဘူးဗျာ၊ သူ့မိသားစု သူ့စရိုက်တွေနဲ့ ကိုယ်နဲ့မကိုက်ရင် ခပ်မှန်မှန်လေး နေလိုက်ရုံပေါ့ မေမေ"





"အေး နေမှာ မေမေကတော့ နေကိုနေမှာ"

"ဟောဗျာ ဘယ်သူက မနေမှာလဲ မေမေရာ"

"ပြောပြီးပါကော သူ့ပုံစံလေးက ခပ်ရဲရဲ ခပ်ကဲကဲနဲ့ အထိမ်းအကွပ်မရှိ အရှက်အကြောက်မရှိ လုပ်ချင်တာ လုပ်မယ်ဆိုတဲ့ ဇွတ်တရွတ်ပုံလေးဆိုတော့ မေမေ့စိတ်ထဲ ကသိကအောက်ဖြစ်ရတာ အမှန်ပဲ သားရဲ့"

"မေမေက ဘာကိုစိုးရိမ်နေတာလဲ"

"သားကိုပေါ့"

"ဗျာ"

"သားက ရုပ်ချော သဘောကောင်း အားနာတတ် သနားတတ်တယ် မဟုတ်လား"

"အဲ့ဒါနဲ့ ဘာဆိုင်လဲ မေမေ"

"ဩော် . . . သင်းက အဲ့ဒါကို အခွင့်ကောင်းယူပြီး တောက်တဲ့ကပ် ကပ်လာရင် ဘယ်လိုလုပ်မလဲ ခုပဲကြည့် ဘာမှ မဟုတ်ပဲနဲ့ကို ကိုကို ကိုကိုချင်း မိုးမွှန်နေတာပဲ မကြိုက်ပါဘူး"

"မေမေ သူ့မှာ မောင်နှမသားချင်း မရှိလို့ ဖြစ်မှာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း မိဘတွေကလည်းအံ့ပါရဲ့ သမီးငယ်လေးတစ်ယောက်တည်း မွေးထားပြီး ပိုးမွေးသလို ဖူးဖူးမှုတ် အလိုလိုက်ထားတော့ ကောင်မလေးက ခုထိ ဆယ်တန်းမအောင် သေးဘူးတဲ့လေ သုံးခါကျတဲ့ ကောင်းရော"

"ဟုတ်လား ကျွန်တော်က တက္ကသိုလ်ကျောင်းသူ ထင်နေတာ"

"ဘယ်ကလာ အားရင် ကားတစ်စီးနဲ့ လျှောက်သွားနေတာတဲ့ သုံးလိုက်ဖြုန်းလိုက်တာလဲ ကြောက်စရာကြီး"

"မေမေ ဘယ်လိုသိလဲ"

"သူ့အမေပြောတာပေါ့ လက်ထဲ ငွေကို ပလူပျံသွားအောင် အသုံးကြမ်းတယ်တဲ့၊ သုံးပါစေလေဆိုပြီး လွှတ်ထားရတယ်တဲ့၊ ဘာလို့လဲဆိုတော့ ဒီသမီးလေး မွေးပြီးမှပဲ စီးပွားရေးဆိုတာ အရမ်းကို အောင်မြင်တိုးတက်လာလို့ပါတဲ့၊ အဟွန်း ဟွန်း ပစ္စည်းသခီရဆိုတဲ့ တရားသဘောကို တစ်စက်ကလေးမှ မတွေးတော့တဲ့ ခံယူချက်တွေပေါ့ကွယ် သနားစရာကောင်းလိုက်တာ"

"ကဲ မေမေ မေမေလဲ ဆိုင်သွားတော့ နောက်ကျနေပြီ၊ ကျွန်တော်လဲ သီရိဆီ သွားလိုက်အုံးမယ်"





"အင်း အင်း"

ဗိုလ်ချုပ်ဈေးထဲမှာ မေမေ့ရွှေဆိုင်ရှိ၏။ မေမေ့စိုးရိမ်မှုကို တွေးမိရင်း သူ့ပြုံးစိစိဖြစ်သွားရပြန်၏။

သီရိဆိုသော သိမ်မွေ့နူးညံ့သော မိန်းကလေးအပေါ်မှာ သူ့မေတ္တာတွေ အပြည့်အဝပုံအောပေးထားပြီးသား မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

သူထင်သည့်အတိုင်းပင်။

သီရိက သူ့စကားကို အစမှ အဆုံးတိတ်ဆိတ် ငြိမ်သက်စွာ နားထောင်နေပြီးမှ သဘောကျစွာ ပြုံးပါတော့၏။

"အဟင်း . . . ကောင်းမေမေက အစိုးရိမ်လွန်လိုက်တာနော်"

အေးဆေးတည်ငြိမ်စွာ ပြောလိုက်သော သီရိကို သူပြုံးပြုံးလေး ကြည့်ပြီး မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သီရိကရော မစိုးရိမ်ဘူးလား"

"ဟင့်အင်း မစိုးရိမ်ပါဘူး"

"ဘာလို့လဲ"

"ကောင်းကို ယုံတယ်လေ"

"အဟင်း ကျေးဇူးတင်ပါတယ်ဗျာ၊ ပြောသာပြောရတာ သီရိရာ ကိုယ်က အဲ့ဒီကောင်မလေးကို သေချာမြင်ဖူးတာမဟုတ်သေးဘူး၊ မေမေပြောတာကြားတာနဲ့တင် ရယ်ချင်နေတယ်"

"ဟို . . . ဒေါင့်မကျိုး အချိုးမကျဆိုတာကိုလား"

"ဟုတ်တယ် ဆံပင်က နီညိုရောင် ပွယောင်းယောင်းတဲ့ ဝတ်ထားတာက တိုတိုကြပ်ကြပ်လေးတွေတဲ့ တွေးကြည့်စမ်း ဘာပုံလေးဖြစ်မလဲ"

"ခေတ်ရေစီးကြောင်းထဲမှာ အဲသလိုပြင်ဆင်မှ ခေတ်ဆန်တယ် ခေတ်မီတယ်လို့ ယူဆနေကြတဲ့ လူငယ်အများစု လုပ်လေ့ရှိတဲ့ စတိုင်ပဲ ကောင်းရဲ့၊ အန်တီက လူကြီးမျက်စိနဲ့ ကြည့်တော့ ဘယ်လိုမှ မဖြစ်ဘူးပေါ့"

"အင်း ကိုယ်လဲ မေမေစိတ်သက်သာအောင် ဖျောင်းဖျ





ပြောဆိုခဲ့တာပဲ သီရိရာ မေမေစိုးရိမ်နေပုံက ကိုယ် အဲ့ဒီ ကောင်မလေးပဲ မတော်တဆ နီးစပ်သွားမှာကို အရမ်းကြောက်နေပုံပဲ"

"ဖြစ်ရလေ ကောင်းရယ် အန်တီက ကောင်းစိတ်ဓာတ်နဲ့ ကိုယ်ကျင့်တရားတွေကို မသိတာလည်း မဟုတ်ပဲနဲ့"

"ကိုယ်ပြောပါတယ်"

"ဟင် ဘာကိုလဲကောင်း"

"ကိုယ့်ရင်ထဲမှာ သီရိတစ်ယောက်ပဲရှိတယ်လို့"

"အဟင်း ကောင်းရယ် ကောင်းနဲ့သီရိတို့ရဲ့ တွယ်တာမှုကို နီးစပ်တဲ့ လူတိုင်းနားလည်နေကြပါပြီလေ"

"သီရိ"

"ဟင်"

"ကိုယ်လေ သီရိကို အမြန်ဆုံး လက်ထပ်ချင်ပြီကွာ"

"ဩော် . . . ကောင်းကလဲနော် ဖေဖေနဲ့မေမေပြန်လာမှ လက်ထပ်ဖို့ အားလုံးစီစဉ်ထားပြီးသားကိစ္စကို ဘာလို့ လောချင်နေရတာလဲ"

"မေမေ ပိုပြီး စိတ်ချသွားအောင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ကောင်းနော် အန်တီ့ကို လွှဲမချပါနဲ့ လူတင်ပါမှ နွားကျားဆွဲတာပါနော်"

"မဟုတ်ပါဘူး ကိုယ်လည်း သီရိနဲ့ အတူတူနေချင်လို့ပါကွာ"

"မကြာတော့ပါဘူး ကောင်းရယ်၊ နောက်ထပ် သုံးလေးလလောက်ဆိုရင် ဖေဖေတို့ပြန်ရောက်တော့မှာပါ"

"အင်းလေ ... ချစ်သူဘဝနဲ့ကို အကြာကြီးနေလာခဲ့သေးတာပဲ သီရိရာ ဒီလောက်အချိန်ကိုတော့ စိတ်ရှည်ရှည်ထားပြီး သည်းခံစောင့်ရုံပဲ ရှိတာပေါ့ကွာ"

"ကြည့် ... ကောင်းစကားကလဲသီရိကပဲတမင်အချိန်ဆွဲထားသလိုနဲ့"

"မဟုတ်ပါဘူးကွာ ကိုယ်အလကားစတာပါ၊စိတ်မကောင်းဖြစ်သွားလား သီရိ"

"ဟင့်အင်း မဖြစ်ပါဘူး ကောင်းရယ် သီရိလဲ ကောင်းလိုပဲ အတူတူမနေချင်ပဲ ရှိပါ့မလားလို့ အားလုံးသေချာ စီစဉ်





ထားပြီးသား ကိစ္စကြီးကို လပိုင်းလောက်ပဲလိုတော့မှ လောရမှာ ပြောစရာဖြစ်မှာပေါ့"

"ဟုတ်ပါတယ်ကွာ၊ သီရိက သိပ်လိမ္မာသလောက် ချစ်စရာလဲ ကောင်းလိုက်တာကွာ၊ ဘယ်ကိစ္စမဆို အေးဆေးတည်ငြိမ်ပြီး လူကြီးဆန်ဆန် တွေးတတ်လွန်းလို့ မေမေကဆို သီရိလို မိန်းကလေးမျိုးမှ သူ့ချွေးမဖြစ်ထိုက်တာတဲ့ သိလား"

"အဲ့ဒီအတွက် သီရိကလဲ ကျေးဇူးအခါခါ တင်မိရတာပါ ကောင်းရယ် ဘာဖြစ်လို့လဲ သိလား"

"ဘာလဲ သီရိ"

"သီရိက ကောင်းကို သိပ်ချစ်မိလို့ပေါ့"

"သီရိရာ"

ချစ်သူ၏ သွယ်ပြောင်းသော လက်ချောင်းလှလှလေးတွေကို သူမြတ်နိုးကြင်နာစွာဖြင့် ဆုတ်ကိုင်ထားမိပါတော့၏။

သီရိက ရှက်ပြုံးလေးဖြင့် မသိမသာ ရုန်းလိုက်ပြီးမှ တိုးတိုးလေး ပြောလိုက်၏။

"အန်တီလေး မြင်သွားမယ် ကောင်းရယ်သီရိရှက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် အန်တီလေးက ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ပါသော ဘန်းလေးမကာ ထွက်လာပြီး . . .

"ကဲ . . . ကဲ စကားလဲပြော လက်ဖက်လဲ စားကြ"

ဗန်းလေးအသာချကာ ဆက်ပြောလိုက်၏။

"ညဦး အိပ်မပျော်မှာစိုးလို့ လှော်ကတ်အသားနည်းနည်းလေးပဲ ထည့်ထားတယ်နော်၊ စိတ်ချ လက်ချသာစား ဟုတ်လား"

"ဟုတ်ကဲ့ အန်တီလေး"

အန်တီလေးကို မြင်မှ ကောင်းအုံ့မှာ မေမေထည့်ပေးလိုက်သော ထိုးမုန့်ထုတ်လေး ကားပေါ်မှာ ကျန်ခဲ့မှန်း သတိရမိတော့ရာ ဆတ်ခနဲ ထ၍ . . .

"ဟာ . . . ကြည့်စမ်း မေ့နေလိုက်တာ အန်တီလေးရာ မေမေက ထိုးမုန့်ပေးလိုက်တယ်၊ ကားပေါ်မှာ ကျန်ခဲ့လို့"

ပြောပြောသွားသွားနှင့် သူကားရပ်ထားရာ တိုက်ဘေးဘက်ဆီ လျှောက်လာခဲ့၏။

အန်တီလေး၏ ရွတ်လိုက်သံကိုလည်း သူကြားနေသဖြင့် ပြုံးလိုက်မိတော့သည်။





"အင်း . . . အင်း သိရိန်တွေ့တော့ အားလုံးကို မေ့သွားတယ်ဆိုပါတော့လေ အဟွန်း"

ကားတံခါးဖွင့်၍ ထိုးမုန့်ထုတ်ကို လှမ်းယူကာ တံခါးပြန်ပိတ်လိုက်ပြီး အိမ်ဘက်လျှောက်လာခဲ့၏။

ခပ်လှမ်းလှမ်းမှာတော့ ဆေးခန်းလာပြသော လူနာဖြစ်ဟန်တူသူတွေ ဆေးခန်းဘက်စီသွားနေကြလေသည်။

ဘာရယ်မဟုတ်ပဲ သူ့မျက်ဝန်းတွေက ဘီးလိမ့်ရုံလေးမောင်းနေသော Celica ကားအနီရဲရဲလေး တစ်စီးကို အမှတ်မထင်လှမ်း မြင်မိလိုက်၏။

ကားပေါ်မှာတော့ ကောင်လေးလား ကောင်မလေးတွေလားမသိ သုံးလေးယောက် ထိုင်နေကြကာ ဆေးခန်းဘက်ဆီ စိတ်ဝင်တစား လှမ်းကြည့်နေကြတာကို မြင်လိုက်ရသဖြင့် လူနာဖြစ်မှာပဲလေဟူသော စိတ်ဖြင့် အိမ်ထဲဝင်လာခဲ့ကာ သိရိနှင့် လှော်သုတ်စားနေလေသည်။

ဆေးခန်းဖွင့်ချိန်က ဆယ့်ငါးမိနစ်ခန့် လိုသေးသဖြင့်

www.burmeseclassic.com



အန်တီလေးက ခုလိုပင် နေ့စဉ်တစ်ခုခုကျွေးမွေးတတ်လေသည်။

လူနာကြည့်ချိန် ရောက်ပြန်တော့လည်း သူနှင့်သီရိ တစ်ယောက်တစ်ခန်းစီ ခွဲကာ လူနာများကို စိတ်ရှည်လက်ရှည် စမ်းသပ်ကြည့်ရှုပေးလေ၏။

ဆေးခန်းမှာ အကူအဖြစ် သူနာပြု နှစ်ယောက်နှင့် သန့်ရှင်းရေးတစ်ယောက်ထားပြီး သန့်ရှင်းရေး လုပ်သားမောင်အေးက လူနာကြည့်ချိန်မှာ အလှည့်ကျ ဝင်နိုင်အောင် အပြင်မှ တစ်ဦးချင်း နာမည်ခေါ်ပေးလေသည်။

လူနာတွေ တစ်ယောက်ပြီး တစ်ယောက်အလှည့်ဖြင့် စမ်းသပ်နေသည်မှာ နားချိန်မရှိ။

နာရီကြည့်လိုက်တော့ ခြောက်နာရီကျော်နေလေပြီ မောင်အေးက အလိုက်သိစွာဖြင့် တိုးတိုးလေး ပြောလိုက်၏။

"တစ်ယောက်ပဲ ကျန်ပြီဆရာ"

"ခြော် . . . အေးအေး"

"မရွှေဘုံထက်"

မောင်အေး ခေါ်သံကြောင့် သူဆတ်ခနဲ ဖြစ်သွားရ၏။





ဒါ သူ့အိမ်နားက ကောင်မလေးရဲ့ နာမည်ပဲ၊

အခန်းဝမှာ ဘွားခနဲပေါ်လာသော မိန်းကလေးကို သူ လှမ်းကြည့်လိုက်တော့ ကောင်မလေးက သူ့ကိုပြုံးရွှင်စွာ ကြည့်ကာ ပြောရင်းဝင်လာ၏။

"မှတ်မိတယ်နော် ကိုကို၊ ဘုံ့ကို သိပါတယ်နော် ဟင်းဟင်း"

"ခြော်"

သူ ရုတ်တရက် ကြောင်အမ်းအမ်းလေးရှိသွားရစွာ မောင်အေးကို လှမ်းကြည့်တော့ . . .

"ဆရာ ဒီအစ်မလေးက ဆရာနဲ့မှ ပြချင်တယ်ဆိုလို့ပါ"

တကယ်တော့ အမျိုးသမီးလူနာကို သီရိကြည့်ပြီး သူက အမျိုးသားလူနာကို ကြည့်တတ်လေသည်။

ခုတော့ ရွှေဘုံထက်က ဘာထွင်သလဲ မသိ။

"ကိုကို ဘုံလေ ခေါင်းလဲကိုက်တယ်၊ ဗိုက်လဲအောင့်တယ်သိလား ကုပေးပါနော်"

"အင်း . . . အင်း ကဲ ကုတင်ပေါ်လှဲလိုက် ဆရာမရေ"



www.burmeseclassic.com

www.burmeseclassic.com



အကူသူနာပြုလေးကို လှမ်းခေါ်လိုက်ရ၏။ အခန်းပ

မိန်းကလေးလူနာတစ်ယောက်နှင့်သူ နှစ်ယောက်ထဲ ရှိမနေချင်

သူနာပြုဆရာမလေး ဝင်လာတော့ ဘုံက မကျေနပ်

ဟန်ဖြင့် မဲ့တဲ့တဲ့လေး ပြုံးကာ . . .

"ဟွန်း ကိုကိုကလဲ ကြီးကျယ်လိုက်တာ ဘုံက ကိုကို

သိက္ခာကို သိနေလို့ တမင်ကို ဆေးကုလာခဲ့တာပါနော်"

"ကဲ . . . ခဏ ငြိမ်ငြိမ်လေးနော် ဟုတ်လား"

"ဟုတ်"

နားကြပ်ဖြင့် ရွှေဘုံထက်၏ ရင်ဘတ်တစ်ဝိုက်ကို စမ်း

သပ်လိုက်၏။

ဘာမှ ထူးခြားမှုမရှိ။

"ခေါင်းကိုက်တာက ဘယ်လိုကိုက်တာလဲ"

"အာ ဘယ်လိုကိုက်ရမှာလဲ ကိုကိုကလည်း နားထင်နား

က တစစ်စစ် ကိုက်တာပေါ့"

"အင်း ဗိုက်အောင့်တာကရော ဘယ်နေရာက အောင့်

တာလဲ လက်နဲ့ ထောင့်ပြဟုတ်လား"





"ဒီနေရာ"

ရွှေဘုံထက် ပုံစံလေးက ပြီးစလွယ် နိုင်လှစွာ ဗိုက်အ

လယ်တည့်တည့်ကို ထောက်ပြလိုက်၏။

သူသဘောပေါက်လိုက်ပါပြီ။

ဒီကောင်မလေး ဘာမှမဖြစ် တမင်လာနှောက်မှန်း

နားလည်လိုက်သော်လည်း ဘာမှမဖြစ်ဟန်ဖြင့် . . .

"ကောင်းပြီ စားဆေးပေးလိုက်မယ် ဟုတ်လား"

"ဟင် ဆေးစားရမယ် ဘုံက ဆေးသိပ်ကြောက်တာ

ကိုကိုရဲ့ ထိုးဆေးနဲ့ မဖြစ်ဘူးလားဟင်"

"မဖြစ်ဘူး ထိုးဆေးဆိုတာတကယ်လိုအပ်မှသုံးရတယ်"

"ကောင်းပြီလေ။ ဒါဆိုလဲ စားဆေးပဲ ပေးပေါ့"

"နေပါအုံး မင်းက ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာ

တာလဲ"

သူ့အမေးကြောင့် ရွှေဘုံထက် ပြုံးလိုက်ပြီးမှ . . .

"သူငယ်ချင်းအိမ်မှာစုပြီး ကြည့်နေကြတာ ကိုကိုရဲ့

ရုပ်တရက် ဗိုက်အောင့်လာလို့ ဒီနားက အနီးဆုံး ဆေးခန်းပြေး



www.burmeseclassic.com

www.burmeseclassic.com



လာတာအတော်ပဲ အပြန် ကိုကို့ကားနဲ့ လိုက်မှာနော် ဘုံ့မှာ ကားပါမလာဘူး ကိုကိုရဲ့"

"ဟင် ကိုယ်အိမ်မပြန်သေးဘူးကွ"

"ရတယ်လေ ဘုံက ကားပေါ်မှာပဲ ငြိမ်ငြိမ်လေး ထိုင်စောင့်နေမှာပေါ့ လမ်းကြုံနေလို့ အကူအညီတောင်းနေတာပါ ကိုကိုရယ် တက္ကစီနဲ့ ပြန်ဖို့ကဘုံတစ်ယောက်ထဲဖြစ်နေလို့ပါနော်"

ဒီလိုဆိုတော့လည်း သူအားနာသွားရကာ . . .

"အင်းလေ ကောင်းပြီ လိုက်ပေါ့ ဟုတ်လား"

"ကျေးဇူး ကိုကို"

သီရိနှင့်တွေ့တော့ သူမိတ်ဆက်ပေးရ၏။

"သီရိ ဒါ ကိုယ့်တို့အိမ်နားက ရွှေဘုံထက် လမ်းကြုံလိုက်မလို့တဲ့"

"ဟုတ်တယ် မမ ဒီနားမှာ ဘုံ့သူငယ်ချင်းအိမ်ရှိတယ်လေ၊ အဲဒီလာလည်ရင်း ရုတ်တရက် ဗိုက်အောင့်လို့ ဆေးခန်းလာတာကိုကို့ဆေးခန်းဖြစ်နေတယ်အဟင်းကံကောင်းလိုက်တာ"





သီရိက ဖြူစင်ပြည့်ဝသူပီပီ ရွှေဘုံထက်ကို ပြုံးပြုံးလေး ကြည့်လိုက်ပြီးမှ . . .

"ခုရော သက်သာသွားပြီလား ညီမလေး သူငယ်ချင်းတွေရော ဟင်"

"ပြန်ကုန်ပြီလေ မစောင့်နိုင်တော့ဘူးတဲ့ ဘုံပြောလိုက်တယ် မမရဲ့၊ ဒေါက်တာ ကောင်းအံ့မျှူးဆိုတာ ဘုံ့တို့အိမ်ချင်းကပ် ကိုကိုလို့ ဒီတော့ စိတ်ချပြီး ပြန်သွားကြရော အဟင်း . . ဟင်း"

"ဩော် . . . ဟုတ်လား အဆင်ပြေသွားပဲ ကောင်း အပြန် တစ်ခါထဲ လိုက်သွားပေါ့"

"သီရိ ကိုယ်ပြန်တော့မယ်"

"ဟုတ်ကဲ့"

"မမသွားမယ်နော်"

"အင်း အင်း"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

"အဲ့ဒီမမက ကိုကိုနဲ့ ဘယ်လိုပတ်သက်နေလဲဟင်"

"ကိုယ့်ဇနီးလောင်း"

"ဩော် . . ."

ကားပေါ်မှာ ရွှေဘုံထက်က စကားမရှိ စကားရှာ ကာ ပြောနေ၏။

ကားမောင်းရင်း ကောင်းအံ့က ရွှေဘုံထက်၏ ဝတ်ပုံစား ကို မသိမသာ အကဲခတ်မိ၏။

အင်း . . . မေမေ ပြောလဲ ပြောစရာ။ ဒီကောင်မလေး ဝတ်ထားပုံကလည်း ခေတ်ရှေ့ပြေးလွန်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီ မမက ကိုကို့ချစ်သူလားဟင်"

"အင်း"

"ချောလိုက်တာနော်"

"အင်း"

"ကိုကို အရမ်းချစ်တာပဲလား ဟင်"

"အင်းပေါ့"

"ဟင် . . . မနာလိုစရာကြီး"

"ဟင် . . . ဘာပြောတယ်"

"ခစ် . . . ခစ် . . . ခစ် အလကား နောက်တာပါ ကိုကိုရာ ကိုကိုတို့ နှစ်ယောက်ကို ကြည့်ရတာ စိတ်ချမ်းသာလို့ပါ"

"ဟုတ်တယ် လူအတော်များများဒီလိုပဲ ပြောကြတယ်"

"ကိုကို"

"အင်း"

"ဘုံ့ကို ခင်တယ် မဲဟုတ်လား"

"အင်း ခင်တာပေါ့"

"အံမယ် ခပ်ပေါ့ပေါ့လေး မပြောပါနဲ့"





"ဘယ်လိုပြောရမလဲ"

"ဘုံလိုပဲ အရမ်းခင်တယ်လို့ ကဲ ပြော"

"အင်း အရမ်းခင်ပါတယ်ဗျာ"

"ကိုကိုက လိမ္မာလိုက်တာ ဩော် . . . ပြောရအုံးမယ် သိလား"

"ဟင် . . . ဘာလဲ"

"ကိုကို မေမေကလည်း ဘုံ့ကို မကြည်သလိုပဲသိလား"

"အဟင်း မဟုတ်ပါဘူးကွာ၊ မေမေက လူကြီးဆိုတော့ ခေတ်ရေစီးကြောင်းကို အမီဘယ်လိုက်နိုင်မလဲကွာ၊ မင်းကို ဘာပြောလို့လဲ"

"ပြောတော့ မပြောပါဘူးလေ၊ ဒါပေမယ့် သိတာပေါ့ မျက်ဝန်းကို ကြည့်တာနဲ့ သိတယ်၊ ဘုံကို မကြည်တဲ့ပုံပဲ ဒါပေမယ့် ကိစ္စမရှိဘူးသိလား။ ဘုံက ကိုကို့ကို ခင်တာ၊ အန်တီကြီး ကြည် ကြည် မကြည်ကြည် ခင်မှာပဲ"

ကလေးဆန်လွန်းသော ရွှေဘုံထက်ကို ကြည့်ပြီး သူ ရယ်ချင်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဘာပြုံးတာလဲ"

"ဟင့်အင်း မင်းစိတ်ဓာတ်ကို ရယ်ချင်လို့ပါ၊ အိမ်မှာ မင်းက ဗိုလ်ပဲထင်တယ် ဟုတ်လား"

"ဒါပေါ့ ဒယ်ဒီနဲ့ မာမီက ဘုံ့ဆန္ဒမှန်သမျှ ပြည့်စေသ တည်းပဲ ဘုံက နည်းနည်းဆိုးတယ် ကိုကိုရဲ့"

"ဟုတ်လား အများကြီး မဟုတ်ဘူးလား"

"မဟုတ်ပါဘူး ဘုံက သူငယ်ချင်းတွေကို အရမ်းခင် တတ်တယ်လေ ဒိုင်ခံကျွေးတာ ကိုကိုရဲ့ ဒီတော့ အားလုံး ဘုံ့ စကားဆို ကန့်ကွက်သူမရှိပဲ အဟင်း"

"နေအုံး ကိုယ်မေးစရာရှိတယ်"

"ဘာလဲ . . . ကိုကို"

"စောစောက မင်းခေါင်းကိုက် ဗိုက်နာတယ်ဆိုတာ တကယ်မဟုတ်ဘူး မှတ်လား"

သူ့စကားကြောင့် ရွှေဘုံထက် သဘောကျစွာ ရယ် လိုက်ပြီးမှ ဖြေ၏။

"ဟုတ်တယ် ကိုကို သိသားပဲ"





"သိတာပေါ့ မင်းဘာလို့ ညာရတာလဲ ပြောစမ်းပါအုံး"

"အဟင်း . . . ဟင်း"

ရွှေဘုံထက်က တဟင်းဟင်း ရယ်နေလိုက်ပြီးမှ

"ဒီလိုပါ ဘုံက ကိုကို့ကို ခင်တယ်လေ၊ အိမ်သွားတော့ လည်း ကိုကို့မေမေက မျက်နှာထားခပ်တည်တည်ဆိုတော့ အဆင်မပြေပါဘူး၊ ဒီတော့ ကိုကို့ဆေးခန်းကို စုံစမ်းပြီး တမင် လူနာဟန်ဆောင်လိုက်ရတာပေါ့လို့ ကဲ . . . ခုတော့ ဘုံ ကိုကိုနဲ့ စကားတွေ အေးအေးဆေးဆေး ပြောလို့ရပြီလေ ဘယ်လောက် ကောင်းလဲ အဟင်း"

"တတ်လဲ တတ်နိုင်တယ်ကွာ"

"ရွှေဘုံထက်ဆိုတာ လုပ်ချင်တာ မှန်သမျှကို ဖြစ်ရ တာချည်းပဲ ကိုကိုရဲ့"

"ဒါဖြင့် လမ်းကြုံလိုက်ချင်တယ်ဆိုတာ တမင်ဖန်တီး ထားတာပေါ့"

"ဒါပေါ့ ဘုံ့ကားလေးကို သူငယ်ချင်းအိမ်မှာ ထားခဲ့ တာလေ အစကတည်းက ဗိုက်လည်း မအောင့်ဘူး ခေါင်းလည်း မကိုက်ဘူး သိလား ခစ် . . . ခစ်"



www.burmeseclassic.com

www.burmeseclassic.com



"ရွှေဘုံထက်"

"အာ . . . ကိုကိုကလည်း နာမည်ကြီးအစအဆုံးမခေါ်စမ်းပါနဲ့၊ အိမ်က ခေါ်သလိုခေါ်စမ်းပါ"

"ဘယ်လိုလဲ"

"ဒယ်ဒီနဲ့မာမီတို့က ဘုံလေးတဲ့ သူငယ်ချင်းတွေက ဘုံတဲ့၊ ကဲ ကြိုက်တာခေါ်"

"ဟင့်အင်း ရွှေဘုံထက်လို့ပဲ ပြည့်ပြည့်စုံစုံ ခေါ်ချင်တယ်"

"ကျွတ်အောက်လိုက်တာကွာ၊ ကိုကိုက ဘာမှန်းလဲ မသိဘူး ကဲ ကဲ ကြိုက်သလိုသာခေါ်ပါ"

"မင်း ဘာမှ မလုပ်ဘူးလား"

"ဟင် ဘာကိုလုပ်ရမှာလဲ ကိုကိုရဲ့"

"အလုပ်တစ်ခုခုပေါ့ လူတွေဟာ အရွယ်ရောက်လာရင် အလုပ်တစ်ခုခုတော့ လုပ်ကြတယ် မဟုတ်လား"

"အဟတ် . . . ဟတ် ကိုကိုကလည်းနော်၊ ဘာတွေလာပြောနေမှန်းလဲ မသိဘူး"





"ဟင်"

"ဘုံတို့က အရမ်းချမ်းသာတာ ကိုကိုရဲ့ ဘာမှလုပ်စရာမလိုဘူး အလုပ်မလုပ်ပဲ ထိုင်စားအုံး ဆယ်သက်တောင်မကုန်နိုင်သေးဘူး သိလား"

"ဩော် . . . ဒီလိုလား"

"ဒါပေါ့ ခုတော့လေဘုံကကားလေးတစ်စီးနဲ့သူငယ်ချင်းတွေဆီသွားမယ်၊ ဈေးဝယ်တာ အပျော် စားသောက်တာတွေအတွက် ဒယ်ဒီအိတ်ထဲ နှိုက်မလား မာမီ့အိတ်ထဲ နှိုက်မလားအေးဆေးပဲ"

"ပျော်စရာကောင်းလား"

"ကောင်းတာပေါ့ ဘုံဆယ်တန်းသုံးခါကျတော့ စိတ်ဆင်းရဲလွန်းလို့ တအားငိုတော့လေ ဒယ်ဒီနဲ့ မာမီက ဘာပြောတယ်မှတ်သလဲ"

"ဘာတဲ့လဲ"

"သမီးရယ် ဒီလောက်လဲ စိတ်မဆင်းရဲနေရမ်းပါနဲ့တဲ့။ သမီးတွက် ဆယ်တန်းအောင်အောင် မအောင်အောင် ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မထူးဆန်းပါဘူးတဲ့၊ ဒယ်ဒီတို့ စည်းစိမ်တွေဟာ သမီးဘ
အတွက် လိုတရ ပြည့်စုံနေပြီပဲတဲ့၊ မှန်လိုက်တာနော်၊ သူငယ်ချင်း
တွေက အောင်ကြတယ်လေ၊ အမလေးနော် အဝေးသင်ယူပြီး
အလုပ်တစ်ဖက်နဲ့ ဖတ်ဖတ်ကို မောလို့ ရတဲ့ဝင်ငွေကလဲ ဘုံမှ
ဖိုးတောင်မရှိဘူး"

"ဒီလို တွက်လို့ ဘယ်ရမလဲကွာ"

"ဟင်"

"အလုပ်ဂုဏ်ဆိုတာ တန်ဖိုးဖြတ်လို့မရဘူးလေ"

"ဟုတ်လား မသိပါဘူးနော်၊ သူငယ်ချင်းတွေက ချူသံပါ
အောင် ငြီးကြလွန်းလို့ ပြောတာပါ ကဲပါလေ ဒါတွေထားပါတော့
ဘုံဗိုက်ဆာတယ် ကိုကို တစ်ခုခု စားရအောင်နော်"

သူ့လက်မှ နာရီကို ကြည့်လိုက်တော့ ခုနစ်နာရီကျော်
နေပြီ မေမေမျှော်နေတော့မည်။

"မင်း နောက်ကျနေမှာပေါ့"





"ဖြစ်ပါတယ် ပြဿနာမရှိဘူး ဘုံကျွေးမှာပါနော်၊ ခင်မင်
မှု အထိမ်းအမှတ်ပေါ့ ကဲပါ ကားကို ပြန်ကွေ့စမ်းပါ"

အားနာစိတ်ဖြင့် သူရွှေဘုံထက် အလိုကျ စားသောက်
ဆိုင်ရှိရာ ကားကိုမောင်းလိုက်ရတော့၏။

ရွှေဘုံထက်က စကားကို အမျှင်မပြတ် တတွတ်တွတ်
ပြောနေသလောက် သူ့စိတ်တွေက တမျှော်မျှော် ရှိနေမည့်
မေမေ့ကိုသာ မြင်ယောင်နေမိ၏။

ခုနှစ်နာရီတိတိမှာ သူထမင်းစားနေကျဖြစ်ပြီး မေမေက
အနားမှာထိုင်ကာ သူ့ဆေးခန်း အတွေ့အကြုံ မေးလျှင်မေး
မဟုတ်လျှင် မေမေ့ရွှေဆိုင် အတွေ့အကြုံများကို ဖောက်သည်ချ
တတ်သည် မဟုတ်ပါလား။

"ကိုကို"

"ဟင်"

"ဘာဖြစ်နေလဲ ငူတူတူနဲ့ စားလေ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ကိုဝသွားပြီ ပြီးရင် ပြန်ရအောင်ကွာ"

ကြာဇံကြော်ကို သူတို့ကနန်း ဆိတ်ကနန်းပင် စား၏။ ရွှေဘုံထက်က မဲ့၍ . . .

"ကိုကိုက အိမ်အရမ်းပြန်ချင်နေတာကိုး ဘာလို့လဲဟင် အန်တီကြီးကို သိပ်ကြောက်ရလား ကိုကို"

"ဟာ . . . မဟုတ်ပါဘူး ထမင်းစားဖို့ မေမေ စောင့်နေမှာကို အားနာလို့ပါကွာ"

"ဖြစ်ရလေ ကိုကိုရာ ကိုကိုက လူကြီးဖြစ်နေပြီပဲ ကိုကို မေမေက ကလေးထမင်းခွံ့သလို စောင့်နေသလားဟင် သား အပြင်က သူငယ်ချင်းတွေနဲ့ စားလာပြီးပြီမေမေလို့ ပြောလိုက်ပေါ့"

ရွှေဘုံထက် စကားကို သူလက်မခံနိုင်ဟန် ခေါင်းအသာ ရမ်းလိုက်ပြီးမှ ပြောလိုက်၏။

"ကိုယ့်မိသားစု အနေအထားနဲ့ မင်းမိသားစု အနေအထားက မတူဘူးလေ လူကြီးမိဘအပေါ် ရိုသေလေးစား အလေးထားတတ်တဲ့ အကျင့်က စွဲနေပြီ နေချင်သလိုနေ စားချင်သလိုစားဖို့ဆိုတာ လူကြီးအပေါ် မထီလေးစားလုပ်ရာကျတယ်လို့ ခံစားမိသလိုပဲ"





သူ့စကားကြောင့် ရွှေဘုံထက်က ခနိုးခနဲ့လေး ပြုံးကာ

"ဩော် . . . ဟုတ်လား ဘုံမသိလို့ ပြောမိတာ ခွင့်လွှတ်နော် ကိုကို ဒါဆိုလဲ ပြန်ကြပါစို့"

အပြန်လမ်းမှာတော့ ရွှေဘုံထက် ငြိမ်သက်တိတ်ဆိတ်စွာပင် ပါလာ၏။

ကားကို ခြံဝမှာပင် ရပ်ပေးကာ ရွှေဘုံထက်ကို သူပြောလိုက်၏။

"ကဲ . . . သွားတော့ နောင်ကို ဆေးခန်းလာပြီး ခုလို မနောက်နဲ့နော် ကိုယ်ခွင့်မလွှတ်ဘူး"

"ကိုကို ဆင်းအုံးလေ"

"ရပြီ သွားတော့မယ်"

"ဒါဆိုလဲ ကျေးဇူး ဂွဒ်ဘိုင် ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



သူကားကို မောင်းထွက်လာခဲ့၏။ အိမ်ရောက်တော့ ထင်သည့်အတိုင်း မေမေလည်တဆန့်ဆန့် မျှော်နေလေပြီ။

"သားရယ် နောက်ကျလိုက်တာ လူနာများလို့လား"

"ဟုတ်ကဲ့ မေမေ"

မညာစဖူး ညာလိုက်ရသဖြင့် စိတ်ထဲမှာ မကောင်းတော့

အမှန်အတိုင်း ပြောလျှင်လည်း မေမေပင် စိတ်အနှောင့် အယှက်ဖြစ်ရမည် မဟုတ်ပါလား။



## အခန်း ( ၈ )

မာမီ့သစ်ခွအိုးလေးတွေထဲမှ အလှဆုံးတစ်အိုးကို အသာယူပြီး ဘုံထွက်လာခဲ့ချိန်မှာ မာမီနှင့် ပက်ပင်းကြီးကို တိုးပါတော့၏။

"ဟင် သမီး ဘုံ ဒါဘာလုပ်မလို့လဲ"

မာမီ့မျက်နှာက တကယ်ပင် တအံ့တဩ။

ဟုတ်မှာပေါ့။

ဘုံ ပန်းတွေကို လုံးဝစိတ်မဝင်စားတတ်တာ မာမီအသိ။

ခုတော့ ဘုံ့လက်ထဲမှာ ပန်းအိုးတန်းလန်းနှင့်မို့ ပြေး၍ မလွှတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း မာမီ"

ရယ်ကျဲကျဲလေးလုပ်ကာ မာမီ့ကို ဘုံမျက်နှာချိုသွေးလိုက်ရ၏။

မာမီက သူ့ပန်းတွေကို အလွန်ဂရုတစိုက် အလေး ထားတတ်သူမဟုတ်ပါလား။

"သမီး ပန်းအိုး ဘာလုပ်မလို့လဲဟင်"

မာမီ ထပ်မေးတော့မှ ဘုံပြုံး၍ပြောလိုက်၏။

"ဘုံ ယူမလို့ မာမီ ဘုံ့ကိုပေးနော်"

"ဟင် ဘာအတွက်လဲ သမီး"

"ဘုံ လက်ဆောင်ပေးချင်လို့ပါ မာမီရဲ့"

"လက်ဆောင်"

မာမီ အံ့အားသင့်သွားရပြီးမှ . . .

"သမီးရယ် တစ်ခြားတစ်အိုး ယူပါလား၊ ဒီပန်းမျိုးကရှားတယ်၊ မာမီ့မှာ တစ်အိုးထဲရှိလို့ပါကွယ်"

မိတ်ကပ်ရောင်ပေါ်မှာ အစက်ကလေးတွေပါသော ဒင်အိုဂီယန် သစ်ခွလေးက မာမီ့အတွက် အလွန်ပဲ နှမြောတတ်သည်ဖြစ်နေဟန်ရှိ၏။





သို့သော် ဘုံ ခေါင်းခါလိုက်၏။

ဘုံ ကြိုက်တာလည်း ဒီအိုးလေးကိုပဲ မဟုတ်ပါလား။

"ဟင့်အင်း မာမီ ဘုံ ဒါကိုပဲ ပေးချင်လို့ မာမီလိုချင်ရင် ဘုံ ပြန်ဝယ်ပေးမှာပါနော်၊ စိတ်ချ မာမီ"

"သမီး ဘယ်သူ့ကို ပေးမလို့လဲ ဟင်"

"ဟိုဘက်အိမ်က အန်တီကြီးကိုပါ"

"ဟင်"

"ကိုကို့မေမေလေ သူလဲ မာမီလိုပဲ သစ်ခွ ဝါသနာအိုး မာမီရဲ့ ဘုံ ပြောလိုက်မယ်သိလား၊ မာမီ လာပို့ခိုင်းတာပါလို့နော် မာမီ"

"ကြော် . . . သမီးရယ်"

ဒေါ်ရွှေအိမ်ခုမှ သဘောပေါက်သွားရ၏။

သမီးလေး ဘုံက ဒေါ်စိုးစိုးဝေကို သစ်ခွအိုးလေးနှင့် မျက်နှာလုပ်ချင်တာပါလား။

"ကြော် . . . အင်း အင်း ကောင်းပါပြီ သမီးရယ် သွားပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ဒါမှ ဘုံ့မာမီ သိပ်ချစ်ဖို့ကောင်းတဲ့ မာမီ"

လက်တစ်ဖက်နှင့် မာမီ့ကို ဖက်ကာ ဘုံဝမ်းသာအားရ ပြောလိုက်၏။

သိတာပေါ့။

မာမီက ဘုံ့ကို ချစ်လွန်း၍သာ လိုက်လျှောရပေမယ့် မာမီ့မျက်ဝန်းတွေက ကြွားဝင့် ကားစွင့်နေသော ပန်းလေးအပေါ်မှာ သံယောဇဉ် မကုန်နိုင်စွာ တရစ်ဝဲဝဲ . . .

ဘုံ မြန်မြန်လေး သွားမှပါပဲလေ တော်ကြာ မာမီစိတ်ပြောင်းသွားလျှင် အခက်မို့ . . .

"မာမီ ဘုံသွားပေးလိုက်တော့မယ်နော်"

"အင်းပါကွယ်"

"ကျေးဇူးမာမီ ကျေးဇူးတကယ်တင်တယ်သိလား၊ ကဲ ဘုံသွားပြီ"

မာမီရှေ့မှ သစ်ခွအိုးလေး ကိုင်ကာ ဘုံအမြန်ဆုံး ထွက်လာခဲ့၏။

ဘုံ့ခြေလှမ်းတွေ သွက်လက်နေပါသည်။





ကိုကို့မေမေဆီ လာမှာမို့ ဝတ်နေကျ ဘောင်းဘီအစား ကတ်လေး ဝတ်လာခဲ့၏။

ဘာပဲဖြစ်ဖြစ် ဘုံ့အနေဖြင့် ကိုကို့မေမေနှင့်လည်း သင့်မြတ်အဆင်ပြေချင်ပါသည်။

ဘုံ့ရင်ထဲမှာ ကိုကို့ကို တကယ်ပင် ခင်မင်တွယ်တာနေပြီဆိုတာကို ဘုံနားလည်နေ၍ နှစ်အိမ့်တစ်အိမ်ရင်းနှီး ချစ်ကြည်စွာ နေသွားချင်သည့် ဆန္ဒများ တဖွားဖွားပေါ်နေမိ၏။

ခြေကျင်လျှောက်ကာ ကိုကိုအိမ်ဝင်းထဲ ဝင်လာခဲ့တော့ သစ်ခွအိမ်လေးထဲမှာ ကိုကို့မေမေကို လှမ်းမြင်လိုက်ရသဖြင့် စိတ်ခနဲ ဝမ်းသာသွားရကာသစ်ခွအိမ်ရှိရာဆီလျှောက်လာခဲ့၏။

သစ်ခွအိုးလေးတွေကို ဂရုတစိုက် ပြုပြင်နေသော မျက်စိုးစိုးဝေမှာ လာနေသော ဘုံ့ကို မြင်လိုက်သည်နှင့် ထင့်ခနဲ ဖြစ်သွားပုံရသည်။

တစ်ဆက်ထဲမှာပင် ဘုံ့လက်ထဲမှ အလွန်လှသော သစ်ခွအိုးလေးကို တွေ့လိုက်ရချိန်မှာ နားမလည်နိုင်ဟန်ဖြင့် တွေခနဲဖြစ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုံ့ကို နှစ်လိုရိပ်မရှိသော်လည်း ဒေါ်စိုးစိုးဝေ၏ မျက်ဝန်းတွေက အကဲခတ်ဟန်ဖြင့် ခပ်တည်တည်ပင် လှမ်းကြည့်နေလေသည်။

ဘုံ အမှုမထားပဲ ပြုံး၍ ပြောလိုက်သည်။

"အန်တီ့အတွက် မာမီက ပန်းအိုးလက်ဆောင် လာပေးခိုင်းလို့ပါ အန်တီ"

"ဟင်"

ဘုံ့စကားကြောင့် အန်းခနဲ ဖြစ်သွားရပြီးမှ မျက်နှာကြောလေး အနည်းငယ် လျှော့သွားရကာ ဒေါ်စိုးစိုးဝေ ဘုံ့ကိုမယုံကြည်ဟန်ဖြင့် မေးလိုက်၏။

"ဒီအိမ်ပဲလား အိမ်များမှားနေသလားလို့"

"မဟုတ်ပါဘူး အန်တီ့အတွက်ပါ ရှေ့ယူပါ အန်တီ"

ပန်းက လှလွန်းသဖြင့် ဒေါ်စိုးစိုးဝေ၏ လက်တွေကအလိုလို လက်ခံပြီးသား ဖြစ်သွားတော့၏။

ပန်းကို သဘောကျစွာ ကြည့်လိုက်ပြီးမှ . . .





"အင်း မင်း မာမီကို ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ပါကွယ်၊ ဟုတ်လား"

"ဟုတ်ကဲ့ အန်တီ မာမီကလည်း အန်တီ့လိုပဲ သစ်ခွအရမ်း ကြိုက်တာလေ"

"ဟုတ်လား"

"အန်တီအားရင် မာမီ့ဆီ လာခဲ့ပါလား ဟင် မာမီကသစ်ခွတွေ အရမ်းစုံတယ် အန်တီရဲ့"

"အင်း . . . မအားပါဘူးကွယ်၊ အိမ့်အလုပ်တစ်ဖက်ဆိုင်တစ်ဖက်နဲ့ ဟောဒီသစ်ခွအိမ်လေးကိုတောင် တစ်နေ့တစ်ကြိမ် ဝင်ဖို့ အနိုင်နိုင်ရယ်၊ ဒါနဲ့ မင်းမှာ ဘာအလုပ်မှ မရှိဘူးလားကွဲ့"

ဘုံ့ရင်ထဲ နင့်ခနဲဖြစ်သွားရတော့၏။ မေးလိုက်ဟန်နှင့်အသံက ဘုံ့ကို အားအားယားယား မိန်းမပေါ်လေး တစ်ယောက်ဟူသော နှိမ်သံလေးနှင့်မို့ ဘုံ့မာနအငုပ်လေးကို ဆွပေးသလိုပင်။

အတတ်နိုင်ဆုံး မာန်လျှော့ကာ ဘုံ့ကိုယ်ဘုံ ချိုးနှိမ်



www.burmeseclassic.com

www.burmeseclassic.com



ထားချိန်ဟု ဆိုသော်လည်း မခံချင်စိတ်လေးက ထောင်းခနဲ ကြွ လာရ၏။

ဘုံ့မာနကို ထိခိုက်စေသော အမေးပဲမို့ ဘုံမျက်နှာလေး မသိမသာ မေ့ကာ ဖြေလိုက်၏။

"ဘုံက အလုပ်လုပ်စရာ မလိုပါဘူး အန်တီ"

"ဟင် ဘာဖြစ်လို့လဲ"

"ဘုံ့ မိဘတွေက ချမ်းသာတယ်လေ ဒီတော့ ဘုံအလုပ် လုပ်စရာ လိုသေးလားလို့"

"ဩော် . . . အဟင်း ဖြစ်ရလေ"

ဒေါ်စိုးစိုးဝေက ဘုံ့ကို အလွန်သနားစရာ အထင်သေး စရာကောင်းသော မိန်းကလေးအဖြစ် မချိပြုံးလေးနှင့် ကြည့် ကာ ပြောလိုက်၏။

"မင်း အယူအဆတွေက တစ်မျိုးပါလား၊ အခုခေတ် လူငယ်အတော်များများဟာ အလုပ်လောဘ ကြီးပြီး အချိန်က ခွဲတာ စေးနဲရတာနဲ့ အလုပ်တွေ နှစ်မျိုး သုံးမျိုးလောက်ကို





တစ်ပြိုင်ထဲ အပြေးအလွှား လုပ်နေကြချိန်မှာကွယ် မင်းက အံ့သြ ကုန်နိုင်ဖွယ်ပဲ အဟင်း . . . ဟင်း"

"အံ့ဩစရာ မဟုတ်ပါဘူး အန်တီရဲ့"

"ဟင်"

"အဲ့ဒီလူတွေက အလုပ်တွေကို အပြေးအလွှား ကြိုးစား ပမ်းစား လုပ်နေကြတာဟာ ဘာအတွက်လဲလို့ အန်တီထင်လဲ ဟင်"

"အို ဘာအတွက်ရမှာလည်း ဘဝမှာ ကိုယ်ရဲ့တိုးတက် အောင်မြင် ကြီးပွားမှုနဲ့ ကိုယ်ရည်ကိုယ်သွေး မြင့်မားမှုအတွက် ပေါ့ ငယ်ငယ်ရွယ်ရွယ်နဲ့ လုပ်ငန်းရှင်တွေ ဖြစ်နေကြတာ အများ ကြီး ဘယ်လောက် အားကျအတုယူစရာ ကောင်းလဲလို့"

"ဟင့်အင်း အန်တီ ဘုံတော့ အားမကျပါဘူး"

"ဘာရယ်"

"အဲ့ဒီလူတွေဟာ အဓိက ငွေလိုချင်လို့ အလုပ်လုပ် နေတာတွေပဲ မဟုတ်လား၊ ကြီးပွားချမ်းသာမှုကို လိုချင်လို့ ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားနေတာလေ အဟင်း ဘုံမှာက အဲ့ဒါတွေ ပြည့်စုံပြီးသားပဲ ဆိုတော့ ဘာလို့ ပင်ပန်းခံနေရမှာလဲ အန်တီရဲ့”

“အို”

ဒေါ်စိုးစိုးဝေ စိတ်ပျက်ရလွန်းစွာ ခေါင်းမသိမ်သာ ရမ်းလိုက်ပြီးမှ . . .

“အင်းပေါ့လေ မင်းလိုမိန်းကလေးမျိုးက ဒီလိုပဲ တွေးတတ်တော့မှာပေါ့ကွယ်၊ လောကမှာ ငွေထက်အရေးကြီးတာတွေအများကြီး ရှိပါတယ်၊ လူဆိုတာ ကိုယ်တတ်စွမ်းတဲ့ အရည်အချင်းလေးနဲ့ မိသားစုအတွက် ဖြစ်ဖြစ် အများအတွက်ဖြစ်ဖြစ် အကျိုးပြုနိုင်မှု အလုပ်တစ်ခုခုရှိနေမှ လူ့တာဝန်ကျေတာ လူပီသတာကွဲ့၊ အကျိုးမပြုတဲ့ လူ့ဆန်ကုန်မြေလေးအဖြစ်နဲ့ နေသွားချင်တဲ့ လူတွေအတွက်တော့ ဒါတွေဘယ်နားလည်ပါ့မလဲလေ၊ အန်တီ့သားနဲ့ ချွေးမလောင်းတို့ဆိုရင် မင်းလိုပဲ ဘာမှ မလုပ်ပဲနဲ့ အေးဆေးထိုင်စားနိုင်ပေမယ့် သူတို့ကိုယ်သူတို့ တန်ဖိုးရှိတဲ့ လူသားတွေ ဖြစ်ချင်လို့ စာကြိုးစားကြတယ်၊ ဆရာဝန်ဖြစ်ကြတယ် လူတွေရဲ့ လေးစားအားကိုးချစ်ခင်မှုကို ခံကြရတယ်





ဒီတော့ လူ့ဘဝရဲ့ အနှစ်သာရဆိုတာ ကိုယ့်ကိုယ်ကို အရည်အချင်းရှိအောင် နေတတ်မှ မဟုတ်လား၊ ကဲ မင်းကရော ဘဝကို ဘယ်လိုခံယူမှာလဲ ရွှေဘုံထက်”

ဘုံ မခိုးမခန့်လေး ပြုံးကာ ပခုံးလေး ကြွ၍ ပြောလိုက်၏။

“ဟင့်အင်း ဘုံတော့ ဘဝကို ခုလိုပဲ လွတ်လွတ်လပ်လပ်လေး ပျော်ပျော်ကြီး နေသွားဖို့လောက်ပဲ ခံယူထားတာပါ ကဲ ဘုံကိုခွင့်ပြုပါအုံး အန်တီ”

စကားအဆုံး ဘုံချာခနဲ လှည့်ထွက်လာခဲ့၏။

“ဟွန်း”

ဒေါ်စိုးစိုးဝေ မဲ့မဲ့လေး ကျန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

အိမ်ရှေ့မှာ ဘုံမယောင်မလည် လုပ်ကာ တစ်စုံတစ်ယောက်ကို စောင့်နေ၏။

မကြာပါ ကိုကို့အိမ်မှ ထမင်းချက် ဒေါ်ညွန့်တစ်ယောက် ဈေးသွားရန် ထွက်လာလေသည်။

နှစ်လမ်းကျော်ခန့်ရှိ ရပ်ကွပ်ဈေးကလေးသို့ ဒေါ်ညွန့် ဈေးသွားဝယ်တတ်မှန်း ဘုံသိထား၏။

ဘုံတို့အိမ်ရှေ့မှာပင် ဖြတ်သွားရသဖြင့် လာနေသော ဒေါ်ညွန့်ကို မျက်နှာချိုလေးသွေးကာ ဘုံခေါ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြီး ဈေးလား"

"ဟင် . . . အင်း"

ဒေါ်ညွန့်က ဘုံ့ကို ဇဝေဇဝါလေး ကြည့်ကာ ဖြေ၏။

"အတော်ပဲ ဘုံ့ကို ပဲပလာတာ နှစ်ခုလောက်ဝယ်လာပေးခဲ့ပါနော်၊ ဘုံစားချင်လို့ အိမ်က မိစုမေ့လာလို့လေ ရော့ ပိုက်ဆံ ဒေါ်ကြီး ကျေးဇူးပဲနော်"

ပြောလဲပြော ဒေါ်ညွန့်လက်ကိုဆွဲကာ ငါးရာတန် တစ်ချပ်ထည့်ပေးတော့ ဒေါ်ညွန့်သဘောပေါက်ဟန်ဖြင့် . . .

"ဩော် . . . အေး အေး ဝယ်ခဲ့မယ် စိတ်ချ"

"ဘုံ စောင့်နေမှာနော်"

"အင်း အင်း စောင့်နေ"

အလွန်ရိုးသော ဒေါ်ညွန့်ပုံက ဘုံ့ပရိယာယ်ကို ဘာမှ မသိ။

ဘုံမှာလိုက်သော ပဲပလာတာနှစ်ခုကို ဝယ်လာပြီး ခြံဝမှာ အသင့်စောင့်နေသော ဘုံ့ကို ပေးကာ ပိုင်ငွေကိုပါ ပြန်ပေးနေသဖြင့် ဘုံပြုံး၍ . . . .





"ဟာ မဟုတ်တာ ဒေါ်ကြီးကလည်း ဘုံက အားနာနေရတာပါနော်၊ ပြန်မပေးပါနဲ့တော့ ဒေါ်ကြီး မုန့်ဝယ်စားလိုက် ဟုတ်လား၊ ဘုံလေ စားချင်တာ စားရလို့ ငါးရာမက တန်သွားပြီ သိလား၊ ကျေးဇူးလဲ တင်လိုက်တာ အရမ်းပဲ၊ ကဲပါ ယူပါ"

"ဟို . . . မဟုတ်"

ဒေါ်ညွန့် တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသဖြင့် ဘုံက ထပ်ပြောလိုက်၏။

"ဒေါ်ကြီးကလည်း ဘုံက နေ့တိုင်းမှာတော့မှာသိလား၊ ဘုံကျေးဇူးတင်လို့ပေးတာ မယူရင် နောက်နေ့တွေ ဘုံဘယ်မှာ ရဲတော့မှာလဲလို့၊ ကဲပါနော်၊ ယူသာယူစမ်းပါ၊ ဘုံ့အတွက် ဒီငွေတွေလောက်က ဟိုတင်ဒီတင်နဲ့ ဘယ်ထားမှန်း မသိဖြစ်ပြီး ပျောက်မှာဒေါ်ကြီးရဲ့၊ ဘုံ့ကိုခင်ရင် ယူရမယ် သိလား ဘုံတို့က အိမ်နီးချင်းတွေ မိသားစုတွေလို နေကြတဲ့ လူတွေပဲ ဘာမှ အားနာစရာမလိုဘူး ဒေါ်ကြီးရဲ့"

"အင်း အင်း"

ဒေါ်ညွန့် ယူရပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညွန့်အိမ်ဖော်လုပ်နေတာ ကြာပါပြီ တစ်ခါမှ ခုလို မရခဲ့ဘူးပါ။

ဒေါ်စိုးစိုးဝေက စည်းစနစ်ကြီးသူပီပီ ထမင်းကျွေး အဝတ်အစားပေး တစ်လငါးထောင် ဆိုသော လခအပြင် ဘာမှ အပိုမရှိ။

တောမှာကျန်ခဲ့သော ဖခင်အိုကြီးအတွက် ဒေါ်ညွန့်ရသမျှ လခ တစ်ပြားမကျန် ပို့ပေးရပါသည်။

ခုလို အပိုဆောင်းငွေလေး ရလာသောအခါ စိတ်လှုပ်ရှားမှုဖြင့် လက်များပင် တုန်ချင်လာရ၏။

ဈေးသွားပြီး ဝယ်ချမ်းပြီး ကျန်ငွေကို စာရင်းနှင့်တကွ ပြန်အပ်ရစမြဲမို့ ထိုငွေနှင့် မရောမိအောင် ဒေါ်ညွန့်ရင်ဘတ်ထဲ အသေအချာ သိမ်းရတော့၏။ ဒေါ်စိုးစိုးဝေ မြင်သွား၍ မေးဟယ်စမ်းဟယ် ဖြစ်မှာလည်း စိုးမိ၏။ ဘုံ့ကိုလည်း ကျေးဇူးတင်စွာ ကြည့်ကာ ဒေါ်ညွန့်ပြောရ၏။

"ကျေးဇူးပါပဲ သွားမယ်နော်"

"အင်း နောက်နေ့လဲ ဘုံမှာမယ်နော် ဒေါ်ကြီး"





"အင်း . . . အင်း"

ဒေါ်ညွန့်ထွက်သွားတော့မှ ဘုံကျေနပ်စွာ ပြုံး၍ ကျန်ခဲ့ပါတော့၏။

ဒေါ်ညွန့်ကို တစ်ပတ်ခန့်သာ စည်းရုံးလိုက်ရပါသည်။ ဘုံ့အတွက် ဒေါ်ညွန့်ဘာမဆို လုပ်ပေးနိုင်သော အခြေအနေထိ တိုးတက်လာခဲ့လေသည်။

ကိုကို့မိဘများနှင့် ကိုကိုအပြင်သွားနေချိန်မှာ ဘုံ ဒေါ်ညွန့်ဆီ လာလည်တတ်ကာ အိမ်၏ အနေအထားကို မသိမသာ အကဲခပ်လေ့လာရသည်။

အထူးသဖြင့် ဘုံသဘောအကျဆုံးက ကိုကို့အခန်းက ပိတ်မထားခြင်းပင်တည်း။

ဒေါ်ညွန့်က ကိုကို့အခန်းကို ရှင်းလင်းပေးတာ အဝတ်အစားတွေယူကာ လျှော်ပေးရသဖြင့် အမြဲတမ်း ဖွင့်ထားပေးတတ်ခြင်းဖြစ်လေသည်။

ကိုယ့်အကြံနှင့်ကိုယ်မို့ ဒေါ်ညွန့်ကိုတော့ နှုတ်ပိတ်ထားရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုံအခုလို လာလည်တာကို ဒေါ်စိုးစိုးဝေရော ကိုကိုပါ လုံးဝမသိပါစေနဲ့ ဟူ၍ . . .

ဒေါ်ညွန့်ကလည်း နားလည်၏။ စည်းကမ်းကြီးသော ဒေါ်စိုးစိုးဝေသာ သိသွားလျှင် မိမိပါ အဆူခံရမည့် အရေးမို့ ရေငုံနှုတ်ပိတ်ပင် နေလေသည်။

ဒါက ဘုံ့အတွက် အခွင့်ကောင်းမို့ ပထမခြေလှမ်းကို အသာရပ်ကာ ဒုတိယခြေလှမ်းကို စလိုက်၏။

ကိုကို ဆေးခန်းမှ အပြန်ကို တမင်စောင့်ကာ လမ်းကြုံ လိုက်ရန် အကွက်ဆင်ရပြန်၏။ ပထမဦးဆုံး ရပ်ထားသော ကိုကို့ ကားလေးထဲ ကိုကိုမလာခင် အရင်ဦးဆုံး ဝင်ထိုင်ကာ ပုန်းနေ လိုက်၏။

ယှဉ်တွဲကာ လျှောက်လာနေကြသော ကိုကိုတို့စုံတွဲကို ကားထဲမှ လှမ်းမြင်နေရသော ဘုံ့အတွက် နည်းနည်းကလေးမှ စိတ်မချမ်းသာနိုင်။

ကိုကို့ကို ဘုံတကယ်ချစ်တာမို့ ကိုကိုသည် ဘုံ့အတွက် သာပဲ ဖြစ်ရပါမည်။





"သွားမယ် သီရိ"

"အင်း မနက်ဖြန် မမေ့နဲ့နော် ကောင်း"

"အင်းပါ မမေ့ပါဘူး သူငယ်ချင်းရဲ့ လူပျိုညဥ့်မှာ ကောင်းကောင်း နှိပ်စက်ရမယ်ကွာ၊ ဟုတ်လား အဟင်း"

"ကောင်းနော် သိပ်မသောက်ရဘူး"

"ကောင်းပါပြီဗျာ၊ ကဲ သွားပြီ သီရိ"

"ဟုတ်"

ကားထဲ နောက်ခန်းမှာ ပြားပြားဝပ်နေသော ဘုံက အားလုံး ကြားနေရ၏။

ကားတံခါး ဖွင့်သံ ကိုကိုဝင်ထိုင်ပြီး စက်နှိုးထွက်လာ သည်အထိ ဘုံအသက်မရှူရဲပဲ ဝပ်၍သာလိုက်လာခဲ့၏။

တအောင့်လေးကြာမှ ဘုံညောင်းလာတော့ရာ နောက် ကူရှင်ပေါ် အသာလေး တက်ထိုင်လိုက်သည်နှင့် နောက်ကြည့် မှန်ထဲမှ ကိုကိုလှမ်းမြင်သွားပါတော့၏။

"ဟင် . . . မင်း"

အံ့ဩထိတ်လန့်သွားဟန်ဖြင့် ကိုကိုကားကို လမ်းဘေး



www.burmeseclassic.com

www.burmeseclassic.com



မှာ ကမန်းကတန်း ထိုးရပ်လိုက်ပြီး ဘုံကို မျက်လုံးလေး ပြူးကာ မေးလေသည်။

"မင်း ဘယ်တုန်းက ကားထဲရောက်နေတာလဲ ဟင်၊ ဟာကွာ ကိုယ်လုံးဝကို မသိပါလား"

"အဟင်း ဟင်း ဘယ်သိပ့်ါမလဲ ကိုကိုရဲ့ ဘုံက ပုန်းနေတာကိုး"

"ဟာ မင်းတယ်ရှုပ်ပါလား ဘာလို့လာပုန်းနေတာလဲ"

"အို ဘုံလမ်းကြုံလိုက်မလို့ပါ ကိုကိုရာ၊ ဘာဖြစ်လို့လဲ မလိုက်ရဘူးလား၊ ပြော ဘုံအခုပဲ ဒီမှာ ဆင်းနေခဲ့မယ် ဟွန်း ဘုံက ကိုကို့ကို ခင်မင်လေးစားယုံကြည်လို့ ဒီလိုလုပ်တာကို ကိုကို မျက်နှာကြီးကလည်းကွာ ကဲ ဘုံ နေခဲ့ရမလားလို့"

"ဟင်း ခုမှတော့ ဘာထူးတော့မှာလဲကွာ မင်းက ကားပေါ်ရောက်နေပြီကိုး၊ ထားခဲ့ရင် ကိုယ့်လောက်လူမှုရေး ညံ့တဲ့ လူ ရှိမှာမဟုတ်တော့ဘူး"

"အဟင်း ဟင်း ကိုကိုကလေ အဲ့ဒါတွေကြောင့် သိပ်ချစ်ဖို့ကောင်းတာပဲ"





"ဟင် ဘာရယ်"

"တကယ်ပြောတာ ကိုကို ဘုံလေ ဟန်မဆောင်ချင်ဘူး၊ ဟန်တစ်လုံး ပန်တစ်လုံး လုပ်ရမှာကို စိတ်မဝင်စားဘူး၊ ဘုံ့ဘဝမှာ ဘာကိုမှ ဟန်ဆောင်စရာမလိုအောင်ကို ပွင့်ပွင့်လင်းလင်း ပြောဆိုရဲအောင် ဒယ်ဒီနဲ့ မာမီတို့က လေ့ကျင့်ထားပေးတာ တဲ့အမှန်ကို ပြောနေတာ သိလား၊ ဘုံ့ရင်ထဲမှာ တကယ်ရှိနေတာကို ပြောတာကိုကို"

"ဟာ . . . မဟုတ်တာ၊ မင်းရူးနေလား၊ မင်းဘာတွေ ဟာပြောနေတာလဲကွာ၊ ကိုယ့်မှာ ချစ်သူရှိတယ်လေ၊ လက်ထပ် စေ့စပ်ထားပြီးသားဆိုတာ မင်းမသိသေးဘူးလား"

"သိတယ်လေ သိပါတယ် ကိုကို အဲ့ဒါဘာဖြစ်လဲ"

"ဟင် ဘာဖြစ်ရမလဲ မင်း ဒီစကားတွေ မပြောသင့် ပေါ့ကွာ ဒုက္ခပါပဲ"

"ဒုက္ခမဟုတ်ပါဘူး ကိုကို ဘုံပြောပြီးပြီပဲ ဘုံရင်ထဲရှိ ပြောတာပါလို့ ကိုကို့မှာ ဘာပဲရှိရှိ ဘာပဲဖြစ်နေနေ ဘုံ



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်ဘူး ဘုံသိတာက ကိုကို့ကို ဘုံချစ်နေတယ်ဆိုတာပဲ ဘာလဲ ကိုကို မချစ်ရဘူးလား၊ အဲ့ဒါလဲ ကိုကိုတားပိုင်ခွင့် မရှိပါဘူးလေ"

"မဟုတ်ဘူး မဟုတ်သေးပါဘူးကွာ ကိုယ်ပြောမယ် ဟုတ်လား"

"ဘာလဲ ကိုကို"

"မင်းကို ကိုယ့်ညီမလေးတစ်ယောက်ကိုပဲ သဘောထားတာပါကွာ၊ မင်းအဲ့ဒီစကားတွေရပ်တန်းက ရပ်ရင် ကောင်းမယ်၊ မတော်သူများကြားသွားရင် မကောင်းဘူး ဟုတ်လား"

"ဟင့်အင်း ဘုံဂရုမစိုက်ဘူး ကိုကို"

"ဟင်"

"ဘယ်သူကြားကြားပေါ့ ဘုံ့ရင်ထဲက အမှန်တရားတွေကို ဘုံပြောတာပဲ"

"ဟာကွာ"

"ဒီမယ် ကိုကို"





"ဟင်"

"ဘုံဟာ အရမ်းကြောက်စရာကောင်းလောက်အောင်ကို ရုပ်ဆိုးနေတဲ့ မိန်းမတစ်ယောက်လားဟင်"

"ဟာ . . . မဟုတ်ရပါဘူး မင်းလှပါတယ်၊ မင်းအလှနဲ့ တခြားတစ်ယောက်ယောက်ကို"

"ဟင့်အင်း ကိုကို၊ ဘုံပြောမယ်သိလား၊ ဘုံ့ဘဝမှာ အမြဲတန်း မာနတလူလူနဲ့ နေခဲ့ရလို့ ဘယ်ယောကျ်ားတစ်ယောက်ကိုမှ တစ်ခါမှ အထင်တကြီးနဲ့ ချစ်ဖို့စိတ်ကူးမရှိခဲ့တာ အမှန်ပါ၊ ဘုံလိုချင်ရင်လား အဟွန်း လက်ဖျောက်တစ်ချက်တီးလိုက်ရုံနဲ့ ဘုံ့ခြေရင်းမှာ ဝပ်ဆင်းကြမယ့် ယောကျ်ားတွေ အများကြီးပါ ကိုကို ဒါပေမယ့် ဘုံစိတ်မဝင်စားခဲ့ဘူးလေ ကိုကိုကျမှ ဘုံတကယ်ပဲ လှုပ်ရှားခံစားနေရတာပါ ကိုကို"

"ဟာ တော်ပါတော့ကွာ တော်ပါတော့နော်၊ မင်းစကားတွေက ကြာလေ ကြောက်စရာကောင်းလေ ဖြစ်နေပြီကွာ၊ ကိုယ့်အတွက် သီရိတစ်ယောက်ထဲ အပေါ်မှာပဲ သစ္စာရှော မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ပါ ပုံအောအပ်နှင်းထားပြီးသားပါကွာ နော်၊ မင်း နားလည် ပေးပါ ကျေးဇူးပြုပြီး စာနာပေးပါလားကွာ၊ ကိုယ်တို့ မကြာခင် လက်ထပ်ကြတော့မှာ မင်းကြားဝင်နှောက်ဖို့ မကြိုးစားပါနဲ့လို့ ကိုယ်တောင်းပန်ပါတယ်ကွာ"

"ဒီမှာ ကိုကို"

"ဟင်"

"ကိုကိုတို့ လက်မထပ်မချင်း ဘုံအတွက် မျှော်လင့်ချက်တွေရှိနေသေးတာပဲ ကောင်းပြီလေ ပြိုင်ကြသေးတာပေါ့"

"မင်းဘာလုပ်မလို့လဲ"

"မပြောပါဘူး ရွှေဘုံထက်တို့က မပိုင်ရင် ဘာမှမလုပ်ပါဘူး ကိုကိုရာ"

"ကျွတ် မင်းကွာ"



## အခန်း ( ၁၀ )

အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သူ ရန်ပိုင်ထွန်း၏ ဘတ်ချလာနိုက် အစီအစဉ်များ အားလုံး တပျော်တပါး သောက်ကြစားကြနှင့် တဖြေးဖြေး ညဉ့်နက်လာ၏။

ဘီယာရှိန်တက်ကာ အားလုံးရီတီတီ ဖြစ်နေကြလေပြီ၊ ပြန်ကြရန် အသီးသီး လူစုခွဲကြတော့ ရန်ပိုင်ထွန်းက . . .

"ဟေ့ကောင် ကောင်းအံ့ ဘယ်လိုလဲ လိုက်ပို့ပေးရမလား၊ မမောင်းနိုင်ရင် မင်းကားထားခဲ့လေ ငါလိုက်ပို့ပေးမယ်ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ရန်ပိုင်ထွန်း အမေးကို သူလက်ကာပြကာ . . .

"မလုပ်ပါနဲ့ သတို့သားရာ တော်ကြာ သတို့သမီးက နောက်ကျလို့ နှုတ်ခမ်းစူနေအုံးမယ်ကွာ ရပါတယ် ငါမမူးပါဘူး"

"မင်းအမူးဘူးသွာဆိုတယ် ခြေလှမ်းက ယိုင်ချင်နေတယ်ကွ၊ အဟင်း ဟင်း သီရိက တတွတ်တွတ် မှာတယ်နော်၊ ကောင်း သိပ်မသောက်နဲ့တဲ့"

"ဟုတ်တယ် ငါနည်းနည်းတော့ များသွားတယ်ကွာ ဒါပေမယ့် ဘာမှမဖြစ်ပါဘူးကွာ၊ အိပ်ချင်လာပြီ ပြန်တော့မယ် ဟုတ်လား"

"ကောင်းအုံ့ ဖြစ်ပါ့မလား ကားမောင်းနိုင်ပါ့မလားကွာ၊ မင်းက အူရိုင်းမို့ ငါစိုးရိမ်တယ်"

"အဟား ဘာမှမစိုးရိမ်နဲ့ ဖြစ်တယ် ဘီယာလောက်တော့ အပျော့ပဲ အဟဲ"

"အေးကွာ ဒါဆိုလဲ သွား သတိထား ဟုတ်လား"

"အင်းပါကွာ"

ကားရှိရာ သူလျှောက်လာခဲ့၏။





တကယ်ပင် ခေါင်းထဲ ရီတီတီနှင့် သူအိပ်ချင်နေပါပြီ၊ ကားပေါ်မတက်မီ နောက်ခန်းကိုလည်း သူပြုံးပြီ လှည့်ပတ် စစ်ဆေးရှာဖွေကြည့်သေး၏။

ဘာမှမရှိ သူခုတော့ သတိကောင်းကောင်း ထားနေရ၏။

ကားပေါ်တက်ကာ မောင်းထွက်လာခဲ့လေသည်။ အိမ်ရောက်လျှင် အိပ်ယာပေါ် အားပါးတရ စိတ်ချ လက်ချ အိပ်ပစ်လိုက်သည်။

အိပ်ချင်စိတ်ကို အတင်းဖယ်ကာ ကားကို အားတင်းမောင်းလာခဲ့၏။ ညဉ့်နက်ပြီမို့ ကားအသွားအလာ ရှင်းနေ၍သာတော်တော့၏။

ပေါ်တီကို အောက်မှာ သူကားရပ်လိုက်တော့ ဒေါ်ညွန့်က အိပ်မှုံစုံမွှားနှင့် တံခါးလာဖွင့်ပေးရင်း မေးလိုက်၏။

"အစ်ကိုလေး ထမင်းစားမလား"

"မစားတော့ဘူး ဒေါ်ညွန့် အိပ်တော့မယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ် သူ့အခန်းရှိရာ တက်လာခဲ့ကာ အခန်း တံခါးကို အသာတွန်းဖွင့်၍ အဝတ်ပင် မလဲတော့ပဲ ဖိနပ် ကိုသာ မြီးစလွယ်ချွတ်ကာ ကုတင်ပေါ်ပဲ ဝုန်းခနဲ လှဲချအိပ်ပစ် လိုက် ပါတော့၏။

မိနစ်ပိုင်းအတွင်းမှာပင် သူနှစ်နှစ်ချိုက်ချိုက်လေး အိပ် ပျော်သွားပါသည်။

ထိုအခါမှ သူ့ကုတင်အောက်မှာ ပုန်းနေသော ရွှေဘုံ ထက်တစ်ယောက် ကျေနပ်စွာ ပြုံးကာ ကုတင်အောက်မှ တွား သွား၍ ထွက်လာခဲ့၏။

အဝတ်ဖားဖားလေး ချထားသော ကုတင်အောက်မှာ ဘုံပုန်းနေမှန်း ဘယ်သူမှမသိ။

ဘယ်သိမလဲ ဘုံက ကိုယ့်အကြံနှင့်ကိုယ်မို့ ညနေက တည်းက ဒီအခန်းထဲ ရောက်နေ၏။

ကိုကို့ဖေဖေနှင့် မေမေတို့ ပြန်မလာခင် ဘုံက ဒေါ်ညွန့် ထံလာလည်ဟန်ဆောင်ကာ စကားရောဖောရော ပြောဆိုရင်း





ပြန်တော့မည်ဟု ပြောကာ ဒေါ်ညွန့်အလစ်မှာ အပေါ်ထပ် ခိုး တက် ကိုကို့အခန်းထဲ အသာလေးဝင်နေလိုက်ခြင်းဖြစ်၏။

ကိုကို့ကုတင်အောက်မှာ လုံလုံခြုံခြုံရှိလိုက်တာမှ ဘုံပင် တစ်ရေးလောက် အိပ်ပျော်သွားသေး၏။

ဟော ခုတော့ ကိုကိုလည်း ရောက်ပြီး ဘုံလုပ်ငန်းစရန် ပြင်ဆင်လိုက်၏။

နှစ်ချိုက်စွာ အိပ်ပျော်နေသော ကိုကို့ကုတင်ပေါ်အသာ တက်ကာ ကိုကို့ဘေးမှာ လှဲချလိုက်လေသည်။

ကုတင်အကျယ်ကြီးမို့ ဘုံတစ်ယောက်လုံး ဘေးမှာ ရှိနေတာကို ကိုကိုလုံးဝမသိ။

အိပ်မောကျနေသော ကိုကို့မျက်နှာကို ဘုံစေ့စေ့ ကလေးကြည့်ကာ ရင်ထဲမှာ တိုးတိုးလေး တောင်းပန်နေမိ၏။

"ကိုကို ဘုံ့ကို ခွင့်လွှတ်ပါ၊ ဘုံလေ ကိုကို့ကို တကယ် ချစ်လွန်းလို့ ခုလိုကြံရတာပါ ကိုကို့မေမေက ဘုံ့ကို မလိုမလား ရှိလှတဲ့ မျက်ဝန်းတွေနဲ့ ကြည့်တာကို မခံချင်လို့ လက်စားချေ ချင်တာထက် ကိုကို့ကို ပိုင်ဆိုင်ရယူချင်တဲ့ စိတ်တွေက ဘုံ့ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ အခိုင်အမာ ရှိနေပါပြီ ကိုကို့အလိုကျ ဘုံနေပါ့မယ် ကိုကိုရယ် ဘုံ့ကိုချစ်ပါ သနားပါနော်"

တတွတ်တွတ် ပြောရင်း ကိုကို့ရင်ခွင်ထဲ ဘုံတိုးဝင်လိုက်၏။ ကိုကိုခမျာ ဘာမှမသိ၊ တရှူးရှူးနှင့် အိပ်ပျော်နေဆဲ။

ကိုကို့ရင်ဘတ်ကို အသာတွန်းကာ ဘုံနှိုးလိုက်၏။

"ကိုကို . . . ကိုကို"

ဘုံနှိုးသော်လည်း မနိုး၊ ထထိုင်ကာ ကိုကို့ပခုံးကို ခပ်ကြမ်းကြမ်းလေး ဆွဲရမ်းလှုပ်ခါကာ နှိုးလိုက်ပြန်၏။

"ကိုကို . . . ကိုကို"

"အင်"

ဒီတစ်ခါတော့ ကိုကိုတကယ်နိုးလာပါတော့၏။

"ကိုကို"

"ဟင်"

ဘုံ့ကို အနီးကပ်လေး မမျှော်လင့်ပဲ တွေ့လိုက်ရသဖြင့် ကောင်းအုံ့မှူးခမျာ ရုတ်တရက် ထိတ်လန့်အံ့ဩ တုန်လှုပ်သွားရစွာ ကုတင်ပေါ်မှ ဝုန်းခနဲ ခုန်ချလိုက်ပြီး တုန်ရီ ထစ်ငေါ့စွာဖြင့် လက်ညှိုးထိုးကာ မေးလိုက်ပါတော့၏။





"ဟင် မင်း မင်း ဘယ်လိုလုပ်ပြီး ငါ့အခန်းထဲ ရောက်နေတာလဲကွာ၊ ဟာ ဒုက္ခပါပဲ ပြဿနာပဲ"

"ကိုကို ဘယ်လိုပြောလိုက်တာလဲ ဘုံ့ကို ကိုကို ခေါ်လာပြီးမှ ဒီလိုပြောတာ ဘုံအရမ်းဝမ်းနည်းတယ် သိလား"

"ဟာ ဘာ ငါခေါ်လာတယ်၊ ဟုတ်လား ဟာကွာ မဟုတ်တာ"

"ကိုကို စကားကို ဆင်ချင်ပြောပါ၊ ကိုကိုမခေါ်ပဲနဲ့ ဘုံက ငါ့အခန်းထဲ ဘယ်လိုလုပ်ပြီး ရောက်နေမှာလဲလို့"

"ဟာ . . . မခေါ်ဘူး ငါမခေါ်ဘူး မင်းကို ငါ ငါ ဘာမှ မလုပ်ဘူး ဟုတ်လားဟင် ဟင် ရွှေဘုံထက်"

"အင့် ဟင့် ဟင့် ကိုကိုရယ် ကိုကိုက ဒီလိုပြောတော့ ဘုံဘယ်မှာ သွားနေရတော့မှာလဲလို့ ဟင့် ဟီး ဟီး ဟီး"

အသံကို တမင်မြှင့်ကာ ဘုံအော်ငိုလိုက်တော့ ကောင်းအုံ့ခမျာ ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခပ်သွားရသလို မျက်နှာချင်းဆိုင်ခန်းမှ မိဘနှစ်ပါးစလုံးကလည်း အလန့်တကြား နိုးလာကြကာ အခန်းထဲ ရောက်လာကြပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် အမယ်လေး ဘုရား သားရယ် ဒါဘယ်လို ဖြစ်ကြ တာတုန်း"

ဒေါ်စိုးစိုးဝေမှာ ကောင်းအုံ၏ အိပ်ယာပေါ်မှာ ဘုံရှိက် ကြီးတငင် မျက်နှာကို လက်ဝါးနှစ်ဖက်ပေါ် မှောက်ချကာ ငိုနေ သော မြင်ကွင်းကြောင့် မိုက်ခနဲ သတိလစ်လဲကျချင် မလိုလိုပ ဖြစ်သွားရ၏။

"သား ဒါ ဘယ်လိုဖြစ်တာလဲ မင်းမှာ သိရိတစ်ယောက် လုံး ရှိရက်သားရဲ့ကွာ"

"ဖေဖေ ကျွန်တော် ဘာမှမသိဘူးဗျာ၊ ဘာမှကို နားမ လည်နိုင်အောင်ပါပဲ ဖေဖေရာ"

သူ့စကားကြောင့် ဘုံခေါင်းဆတ်ခနဲ ထောင်လာရကာ မျက်ရည်အလိမ်းလိမ်း ရှိုက်သံလေးဖြင့် ပြောလိုက်၏။

"ကိုကို ဘာလို့ ဒီလို ပြောရတာလဲ ဟင်၊ ကိုကို ခေါ်လို့ ဘုံလိုက်လာတာလေ"

"သားရယ် ဖြစ်မှဖြစ်ရလေ"

ဒေါ်စိုးစိုးဝေ ငိုပါလေပြီ ဘုံက အကယ်ဒမီ အိုက်တင်





နှင့် ဦးအုံမောင် ဒေါ်စိုးစိုးဝေတို့ရှေ့မှာ ဒူးထောက်ကာ ငိုယို ပြောလိုက်၏။

"အန်ကယ်နဲ့ အန်တီ ဘုံ့ကိုခွင့်လွှတ်ပါ၊ ကိုကိုက မူးနေ လို့ ဘာမှမသိတာပါ၊ ဘုံလေ ကိုကိုကို ချစ်လွန်းလို့ ခေါ်ရာ လိုက်ခဲ့မိတာပါ ရှင်၊ ခုတော့ ဘုံဘဝ ဘုံ့ဘဝလေး ဟင့် ဟင့်"

"တော်ပြီ ကလေးမ"

ဦးအုံမောင် လက်ကာပြလိုက်၏။ ဒေါ်စိုးစိုးဝေက ခေါင်းငိုက်စိုက်ချနေသော သားကို မချင့်မရဲ ဆွဲလှုပ်ကာ ငို၍ ပြောပါတော့၏။

"သားရယ် ဘာလို့ ဒီလိုဖြစ်ရတာလဲဟင်၊ ဘာလို့ ဒီလို ဖြစ်သွားရတာလဲ သားရယ်"

"မေမေ ကျွန်တော်မသိဘူး ဘာမှမသိတော့ဘူးဗျာ၊ ကျွန်တော်လူမဟုတ်တော့ဘူး ဟီး အီး"

ကောင်းအုံခမျာ ခြောက်ခြားတုန်လှုပ်ဖွယ်ရာ အခြေ အနေကြောင့် ရှက်ရွံ့ထိတ်လန့် ကြေကွဲရလွန်းစွာ ကြုံကြုံပါ



www.burmeseclassic.com

www.burmeseclassic.com



အောင်ငိုပါတော့၏။

ဘုံက ငိုနေသော ကောင်းအုံ့ကို ဝေ့ခနဲ ကြည့်ပြီးမှ မျက်နှာပေါ်မှ မျက်ရည်များကို ခပ်ကြမ်းကြမ်းလေး ပွတ်ပစ်လိုက်ကာ . . .

"ကောင်းပြီလေ ဘုံ့ကို အလိုမရှိတော့မှ ဘုံပြန်ရုံပဲ ရှိတော့တာပေါ့၊ ဒါပေမယ့် ဘုံတစ်ခုပဲ ပြောချင်တယ်၊ ကိုကို့ကို ဘုံတကယ်ချစ်တာပါ အစော်ကားခံရတာလို့ သဘောမထားပဲ ဘုံဒီအဖြစ်အပျက်အတွက် တစ်သက်လုံး ကြေကွဲသွားမှာပါ"

"ဟာ ဘယ်ဖြစ်မလဲ နေအုံးကလေးမ"

ဦးအုံ့မောင် တားလိုက်တော့ ဘုံတုန့်ခနဲ ရပ်သွားသလို ဒေါ်စိုးစိုးဝေကလည်း မျက်ဝန်းလေး ဝိုင်းကာ . . .

"ဘယ်လိုလုပ်ကြမလဲ ဟင် ကိုမောင်"

"ဘယ်လိုလုပ်ရမှာလဲ သူ့မိဘတွေ ခေါ်ပြီး အကျိုးအကြောင်း ပြောပြ ပေးစားလိုက်ရုံပဲ ရှိတော့တာပေါ့"

"ဟင်"





"ဖေဖေ"

မေမေရော သူပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားရ၏။ ဖေဖေက . . .

"ယောကျ်ားဆိုတာ ကိုယ့်တာဝန် ကိုယ်ယူရဲရတယ်ကွာ မင်းကြောင့် သူ့ဘဝလေး ပျက်စီးသွားရတာမျိုး ဖေဖေတို့ သိရက်နဲ့ လစ်လျူရှုထားလို့ မရဘူးသား၊ ဘာပဲဖြစ်ဖြစ် မင်းနဲ့ သူနဲ့က တကယ်ဖြစ်သွားကြပြီပဲ ဒီတော့ ဖြစ်သင့်ဖြစ် ထိုက်တာကိုပဲ စီစဉ်ကြတာပေါ့ကွာ ဟုတ်လား၊ ကဲ ကလေးမ မင်းမိဘတွေကို အန်ကယ်အကြောင်းကြားပေးမယ် ဟုတ်လား"

"ဟုတ် ကျေးဇူးပဲ အန်ကယ်"

"သားရယ် မေမေ ရင်ကျိုးရပြီကွယ်"

"မစိုး တော်တော့ ဘာမှမပြောနဲ့တော့ သိရိတို့ကို တောင်းပန်ရုံပဲ ရှိတော့တာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

ဘုံပျော်နေပါသည်။

ကိုကိုနှင့် ဘုံတို့၏ မင်္ဂလာပွဲ အတွက် ဘုံ့မိဘနှစ်ပါးက အစစ အရာရာ တာဝန်ယူကာ ခမ်းနားကြီးကျယ်စွာ ကျင်းပပါသည်။

ဘုံ့ပရိယာယ်ထဲ ကွက်တိဝင်သွားသော ကိုကိုတစ်ယောက် ကြက်ကြီးလည်လိမ်ထားသလို တငေးငေး တမှိုင်မှိုင် နေလေ၏။

ရှိပါစေလေ ဘုံမမှုပါ။



www.burmeseclassic.com

www.burmeseclassic.com



အဓိက ဘုံဖြစ်ချင်တာကို ဖြစ်သွားအောင် လုပ်နိုင်ခဲ့ပြီမို့ ကျေနပ်မဆုံးတော့။

ဘုံအကွက်ဆင်ထားမှန်း ဘယ်သူမှ မသိအောင် တစ်သက်လုံး မြိုသိပ်ဖုံးကွယ် သွားရမည်။

ထိုညက အဖြစ်အတွက် ဒေါ်ညွန့်ပင် ဇဝေဇဝါအူတူတူ ဖြစ်ကာ ဘုံ့ကို မေးနေသေး၏။

"ဟင် ဒီနေ့ ညက မမလေးပါလာလား၊ ဒေါ်ကြီးက အိပ်မှုံစုံမွှား ဖြစ်နေတာကို ကိုကိုက ဘုံ့ကို မမြင်အောင် ခေါ်လာတာလေ"

"ဩော် . . . ဒီလိုလား ဒေါ်ကြီးတော့ မျက်စိကို လည်သွားပြီ အစ်ကိုလေးက မသီရိနဲ့ယူမယ် ထင်နေတာ"

"ခုတော့ သိပြီမဟုတ်လား ကိုကိုက ဘုံ့ကိုချစ်လို့ ခိုးတာပေါ့ အဟင်း ဟင်း"

"အင်း အင်း"

မင်္ဂလာပွဲကို ဘုံစိတ်တိုင်းကျ အကောင်းဆုံး စီစဥ်ခဲ့ပါ





သည်။ အံ့ဩစရာကောင်းတာက ဘုံတို့မင်္ဂလာပွဲကို မသီရိ လာမြင်းပင်တည်း။

မသီရိတစ်ယောက်ထဲတော့ မဟုတ်ပါ၊ သူငယ်ချင်းများနှင့် ဖြစ်၏။

မသီရိကို မြင်လိုက်တော့ ဘုံဒူးပင် ညွတ်ခွေချင် သလိုလို ဖြစ်သွားရတော့သည်။

ရင်ထဲ စိုးရိမ်ပူပန်စိတ်တွေက တစ်ကိုယ်လုံးပြန့်ကာ ဆောက်တည်ရာမဲ့ တုန့်လှုပ်ချင်လာမိ၏။

သူ ဘာကြောင့်လာပါလိမ့်။

ဘုံတို့ မင်္ဂလာပွဲကို တမင်သက်သက် ဖျက်လိုဖျက်စီး လုပ်ချင်၍ မျက်နှာပြောင်တိုက်ကာ လာတာများလား။

ဘုံတို့ကို အရှက်ခွဲမှာလား စသောကြောင့်ကြမှုဖြင့် ဘုံလူ့ခြေပင် ပျက်ချင်ချင်။

ဟန်ဆောင်ကာ ကိုကို့လက်ကို အသာချိတ်ပြီး မျက်နှာကို ပြုံးပြုံးလေးလုပ်ထားရပေမယ့် ဘုံ့ရင်တွေ တထိတ်ထိတ် ခုန်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလည်း ဘယ်လိုနေမည်လဲ မသိပါ၊ မကြာခင် မသီရိတို့ ထိုင်နေသော ဝိုင်းသို့ ဘုံတို့ရောက်သွားကြပါသည်။

မသီရိက ဘုံ့ကို ပြုံး၍ကြည့်နေလေသည်။ ကျန် သူငယ်ချင်းများက ကိုကို့ကို တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြ၏။

"ကိုကောင်းရဲ့ မင်္ဂလာပွဲကို မဖိတ်ပေမယ့် ချိုတို့ လာခဲ့တာ ခွင့်လွှတ်နော်"

"ဟုတ်တယ် လျှပ်တပျက် မြန်လွန်းတဲ့ အဖြစ်အတွက် အိမ်မက် ဟုတ်မဟုတ် တမင်လာကြည့်တာလေ ချို ငါ့ကို ဆိတ်ကြည့်စမ်း"

"အင်း ရော့ ဆိတ်တယ်"

"အား တကယ်နာတယ်ဟာ ဒါ အမှန်ပဲပေါ့"

ကိုကို့လက်တွေ တဆတ်ဆတ်တုန်နေသလို ဘုံလည်း ထိုနေရာမှ အမြန်ဆုံး ထွက်သွားချင်သော်လည်း ခြေထောက်တွေက ရွှံ့၍ပင်မရ၊ ကျောက်ချထားသလို ငြိမ်သက်နေကြ၏။ ကိုကို့အသံ ခြောက်ကပ်ကပ်လေး ထွက်လာသည်။





"အားလုံးကိုပဲ ကိုယ်ပြောနိုင်တာတစ်ခုက တောင်းပန်ပါတယ်၊ အနူးအညွတ်တောင်းပန်ပါတယ်"

ထိုအခါမှ မသီရိက ကိုကို့ကို တည်ငြိမ်စွာ လှမ်းကြည့်ပြီး မချိုပြုံးလေးနှင့် ပြောလိုက်၏။

"ရပါတယ် အားလုံးခွင့်လွှတ်ပြီးသားပါ၊ ရင်ထဲဘယ်လိုမှ မထားပါနဲ့၊ ကံကြမ္မာဆိုတာ ဒီလိုပါပဲ၊ ဒီက ညီမလေးကို မမ တစ်ခု ပြောချင်တယ်"

"ဟင်"

ဘုံအံ့သြသွား၏။

မသီရိ၏ အေးဆေးတည်ငြိမ်မှုအတွက် တုန်လှုပ်ချင်လာရ၏။

"ကောင်းအပေါ်မှာ ညီမလေး အမှန်တကယ် မေတ္တာထားနိုင်ပါစေလို့ မမဆုတောင်းပါတယ်နော်"

ဘုံကလည်း မခေပါ၊ ချက်ချင်းတုန့်ပြန်၏။

"ကိုကို့ကို ဘုံတကယ်ချစ်တာပါ မမ"



www.burmeseclassic.com

www.burmeseclassic.com



ဘုံ့ဇကားကြောင့် ကျန်လူတွေ မသိမသာ မေးငေါ့ကြ
မဲ့ကြ ရှိသွားရသော်လည်း မသီရိက ခေါင်းညိတ်၍ . . .

"ယုံပါတယ် ဒါကြောင့်လည်း ဒီလိုဖြစ်သွားတာပဲ
မဟုတ်လား၊ မမဆုတောင်းပါတယ်၊ ညီမလေး တစ်သက်လုံး
စိတ်ချမ်းသာပါစေလို့နော်"

"ကျေးဇူးပဲ မမ၊ ကိုကို ဟိုဘက်ဝိုင်းတွေ သွားနှုတ်ဆက်
ရအောင် လာ"

ဘုံမနေချင်တော့။

ကိုကို့လက်မောင်းကို အသာဆွဲကာ ထိုဝိုင်းမှ ထွက်လာ
ခဲ့၏။

ကျန်လူများ၏ တိုးတိုးလေး ဝေဖန်သံကို ဘုံနားတွေက
ကြားဖြစ်အောင် ကြားလိုက်ပြန်သေးသည်။

"ဆင်ဖြူမျက်နှာ ဆင်မဲမကြည့်သာတဲ့ အဲ့ဒါပဲ"

"ကြည့်နေ သင်းလဲ ဘယ်တော့မှ စိတ်လုံခြုံမှု ရှိမှာ
မဟုတ်တော့ဘူး၊ သူများအချစ်ကို ခွင်းတဲ့ အပြစ်နဲ့ ဘယ်သွား
သွား မျက်နှာငယ်ခဲတော့မှာပဲ"





"ငါတော့ ကိုကောင်းကိုပဲ သနားတယ်ဟာ"

ဘုံနှုတ်ခမ်းကိုသာ မသိမသာ ကိုက်လိုက်မိပါတော့၏။

အခန်းအနားအားလုံးပြီး၍ အခန်းထဲမှာ ကိုကိုနဲ့ နှစ်
ယောက်ထဲရှိနေစဉ် ဘုံပေါက်ကွဲ ပါတော့သည်။

"နေပါအုံး ကိုကို၊ ကိုကို့ရည်းစားကို ဖိတ်လိုက်တယ်
ပေါ့ ဟုတ်လား"

ကိုကို့အသွင်က သံပတ်ပေးထားသော အရုပ် တစ်ရုပ်
နှင့်မခြား အေးတိအေးစက် ဖြေလိုက်ပုံက . . .

"မင်း ကြားသားပဲကွာ၊ မဖိတ်ပဲ လာတာခွင့်လွှတ်ပါ
လို့ သူတို့အားလုံး ပြောနေတာ ငါဘယ်သူငယ်ချင်းကိုမှ မဖိတ်
ဘူး"

"ဟွန်း ဒါတောင် မျက်နှာပြောင်တိုက်ပြီး လာရဲတာ
ကိုပါရဲ့"

"မင်းကို မြင်ဖူးချင့်လို့ ဖြစ်မှာပေါ့"

"ဘာကိုလဲ မသီရိနဲ့ စာရင် ဘယ်သူက ပိုလှသလဲ ပို
ချမ်းသာသလဲဆိုတာ နှိုင်းယှဉ်ချင်လို့ မဟုတ်လား ဟွန်း ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ထင်သလို မဟုတ်ဘူး"

"ဟင် . . . ဘာ . . . ရယ်"

"သီရိနဲ့ မင်းက ဘာတစ်ခုမှ နှိုင်းလို့မရဘူး၊ နံ့သာဆီ ချီးပဲကွာ"

"ဟင် . . . ဘာပြောတယ် ကိုကို"

"မင်းမြင်သားပဲ သီရိက ဖြူစင်ပြည့်ဝတယ် ကျေ သိက္ခာရှိပြီး အရမ်းကို စာနာတတ်တဲ့ မိန်းမမြတ်တစ်ယော စည်းစိမ်ဥစ္စာဆိုရင်လဲ မင်းထက်တော့ သာပြီးသားပဲ၊ နားလည် လား"

"ဟင်"

ဘုံအရှိုက်ကို အမိအရကြီး ဆောင့်ခနဲ ခံလိုက်ရသ ပင်တည်း။

ကိုကို့ကို အံ့သြပြူးကြောင် မျက်ဝန်းများနှင့် ကြည့်လိုက် ပြီးမှ ထစ်ငေါ့စွာ ပြောလိုက်၏။

"ကိုကို ဘယ်လိုပြောလိုက်တာလဲ"

"ရင်ထဲရှိတာ ပြောတာလေ၊ မင်းလို ဘာအရည်အချင်း



BURMESE CLASSIC .com



မှမရှိပဲ ဘဝင်မြင့်ပြီး မာနငယ်ထိပ်ကပ်နေတဲ့ မိန်းမထက်စာရင် တော့ သီရိက ရိုးသားအေးဆေးတယ်၊ ရင့်ကျက်တည်ငြိမ်တယ် ပေါ့"

"တော်ပါတော့ ကိုကို"

"မင်းမေးလို့ ပြောရတာပါ၊ ငါ ဒီအကြောင်းတွေ လုံးဝ ပြန်မပြောချင်ဘူးကွာ၊ ဖြစ်နိုင်ရင် ကမ္ဘာသစ်တစ်ခုမှာ ဇာတ်မြုပ် ပြီး နေချင်တဲ့ ဆန္ဒတွေပဲ ရှိတော့တယ်"

"ဟုတ်တယ် ကိုကို ဘုံတို့ ဒီကလူတွေနဲ့ ဝေးတဲ့နေရာ တစ်ခုခုမှာ နေရရင်ကောင်းမယ်"

"ဩော် အဟင်း မင်းကလဲ ဒီလိုပဲလား အံ့သြစရာပဲ"

"တကယ်ပါ ကိုကို ဘုံ ကိုကို့ကို ချစ်တယ်သိလား၊ ရှေ့ ဆက်ပြီး ဘုံလေ ကိုကို့အလိုကျ နေသွားပါ့မယ်၊ ဘုံတို့ ပျော်ပျော် နေသွားရအောင်ပါ ကိုကိုရယ် နော်"

"ဖြစ်နိုင်မှာ မဟုတ်တော့ဘူးကွာ"

"ဟင်"

"ငါဘဝတစ်ခုလုံး မင်းနှောက်လိုက်တဲ့ ဒဏ်နဲ့အပျော်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ပျောက်ဆုံးသွားပြီပဲ လောကမှာ ငါ့လောက်မကျေနပ်စရာကောင်းတဲ့လူ ရှိမှာမဟုတ်တော့ဘူးကွာ၊ ငါ့ကိုယ်ငါ ရွံမိတယ်၊ ဘယ်တော့မှလည်း ခွင့်လွှတ်နိုင်မှာ မဟုတ်တော့ဘူး"

"ဒါပေမယ့် ကိုကို"

"စိတ်ချ မင်းဟာ ငါ့မိန်းမ ဖြစ်သွားပြီပဲ မင်းအပေါ်မှာ ငါ့လင်သားတစ်ယောက်ရဲ့ ဝတ္တရားကျေစေရမယ် ဟုတ်လား"

"အို ဘုံဝမ်းသာလိုက်တာ ကိုကိုရယ် ကျေးဇူးပါပဲ သိလား"

ဘုံ့ကို ကိုကိုလုံးဝမချစ်ပါ။

ကိစ္စမရှိ၊ တစ်နေ့နေ့တော့ ကိုကို့မေတ္တာကိုရအောင် ဘုံကြိုးစားရမည်ပေါ့၊ လက်ထပ်ပြီးပြီးချင်း ဘုံတို့ အိမ်မှာပင် ကိုကိုနေ၏။

ဆေးခန်းလဲ မသွားတော့။

ကောင်းပါသည် ဘုံသဘောတော်ကျသေး၏။ ဆေးခန်းမှာ မမသီရိ ရှိနေသည်မဟုတ်ပါလား။





ဟန်းနီးမွန်း ခရီးကို ဘုံတို့တောင်ကြီး အင်းလေးကို သွားကြပါသည်။

ကိုကိုက ထုံးစံအတိုင်း အေးတိအေးစက်နှင့် ကျောက်ရုပ်တစ်ရုပ်ပမာ ရှိနေ၏။ ဘုံမေးမှ ပြော၏ မေးတစ်ခွန်း ပြောတစ်ခွန်းပင်။

ပြဿနာမရှိပါ၊ ဘုံ့မှာ ငွေရှိ၏။ ကိုကိုနှင့်အတူ လည်ပတ်နေထိုင်စဉ် ကာလတစ်လျှောက် လုံးလုံး ငွေကို ရေလို သုံးကာ ပျော်ပျော်နေပစ်လိုက်၏။

ကိုကို့ကို လိုလေသေးမရှိအောင် ဘုံပြုစု ယုယ အလေးထား ဂရုစိုက်ပါသည်။

ဘုံစေတနာ မေတ္တာများက ရောင်ပြန်ဟပ်သလား မသိပါ။

အိမ်ထောင်သက် တစ်လခန့်အကြာမှာ ကိုကိုအမူအယာတွေ အရင်ကလောက် မတင်းမာတော့ဟု ဘုံထင်ရ၏။

ပို့စတင်တွေကျလာတော့ ကိုကိုက ဝေးလံခေါင်သီသော ဒေသတစ်ခု၏ မြို့ငယ်လေး တစ်မြို့ရှိ ဆေးရုံမှာ တာဝန်ကျ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုံပျော်လိုက်သည့် ဖြစ်ခြင်း။

ကိုကိုလည်း ထိုပွဲစတင်အတွက် အနည်းငယ် ဘဝင်
နေဟန်ပင် မသိရိက ရန်ကုန်မှာပင် ကျလေသည်။

နယ်မြို့ကလေးသို့ ကိုကိုနှင့်အတူ ပါရမီဖြည့်ရန် ဘုံ
ထွက်လာခဲ့၏။

ဘုံကားနီလေးကိုပါ တစ်ပါတည်း ယူလာခဲ့သည့် မ
တို့က ဘုံငွေစာရင်းကို ဘဏ်မှာ လွှဲပေးကာ လိုအပ်သလို သုံ
နိုင်ရန် စီစဉ်ပေးပါသည်။

ကဲ ဘာလိုသေးလည်း။

နေရာသစ်မှာ ကိုကို့အချစ်ကို ရအောင် ဘုံအစွမ်းက
ကြိုးစားခြင်းဖြင့် ဇနီးမယား ဝတ္တရားနှင့်အညီ နေသွားမည်ဟု
ကြည့်နူးစွာ ဆုံးဖြတ်လိုက်တော့၏။



## အခန်း ( ၁၂ )

မနက်စောစော အမေ့ဘုရားရှိခိုးသံလေးက ပဒုမ္မာ့ရင်
ကို ကြည်နူးအေးမြစေပါသည်။

အမေ ဘုရားရှိခိုးနေစဉ် ပဒုမ္မာက အမေ့ကုန်စုံဆိုင်
လေးကို ရောင်းရန်အသင့်ဖြစ်အောင် တည်ခင်းပြင်ဆင်ပေးရ
၏။

ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် မုန့်ပဲသားရေစာ အပြင်
ပန် ငါးခြောက် မီးသွေးပါ ရောင်းသဖြင့် အမည်က စုံလှပါသည်။

ဆိုင်ခန်းကန္နားကြီး မဟုတ်သော်လည်း အမေ့ဆိုင်လေး
က ရောင်းအားမဆိုးလှ။



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသား ရပ်ကွက်လေးမို့ တစ်နေ့လုပ် တစ်နပ်စား လက်လုပ်လက်စား ကျဘမ်းသမားတွေပီပီ ထမင်းချက်ခါနီးမှ ဆန်လေးပြေးဝယ် ငါးခြောက်လေး ပြေးဝယ်နှင့် ကျောင်းအား ချိန်မှာ အမေသက်သာအောင် ပဒုမ္မာ ကူရောင်းပေးရ၏။

အဖေကတော့ ဘာအလုပ်မှ ကြမ်းကြမ်းတမ်းတမ်း မလုပ်နိုင်။

ဟိုတုန်းက အရက်ဒဏ်ကြောင့် အရက်ပြတ်သွားချိန်မှာ လူက ချိပြီး ကျန်ခဲ့၏။

မိဘလက်ထက်ကတည်းက လက်ကြောတင်းအောင် အလုပ်မလုပ်ခဲ့ရဖူးသဖြင့် ဘာအလုပ်မှ မယ်မယ်ရရ မလုပ်တတ်၊ ပေါ်ကြော့သမားပီပီ အမေ့လုပ်စာလေးဖြင့် နပ်မှန်အောင်တော့ စားခဲ့ရ၏။

အဖေ့ဘက်မှ အစ်မကြီးများက အမေ့ကို သနား၍ ကူညီထောက်ပ အရင်းအနှီးထုတ်ပေးခဲ့၍သာ ခုလိုနေနိုင်ခြင်း ဖြစ်လေသည်။

အဖေ့အလုပ်က ရေဒီယို နားထောင်လိုက် အိမ်ပတ်ဝန်းကျင် မြက်ကလေး နှုတ်လိုက်ဒါလောက်ပင် လုပ်နိုင်တော့၏။





အမေက တကယ်တော်ပါသည်။ ဇနီးကောင်းလည်း ပီသလှပါ၏။ အဖေဟိုတုန်းက ဘယ်လောက်ပဲ သောက်သောက် ကစား ကစား အမေဘယ်တော့မှ မငြိုငြင်။

"သူလဲ သားမယားအတွက် သိတတ်ရှာပါတယ်၊ ထမင်းအငတ်တော့ မထားပါဘူးလေ"

ဟူ၍ပင် ကြံဖန်ဖြေသိမ့်တတ်၏။

အဖေကလည်း အဖေ။

အမေ့ဈေးဘိုးထဲက ငွေတွေနှိုက်ပြီး အရက်သောက် လောင်းကစားလုပ်ပေမယ့် ရှုံးခဲ့လျှင် သူငယ်ချင်းတွေဆီက ချေးငှားပြီး အမေ့ကို ပြန်ပေးတတ်၏။

အဖေနိုင်လာခဲ့လျှင်တော့ ပဒုမ္မာတို့ သားအမိအတွက် အဝတ်အစား မုန့် ခေါက်ဆွဲကြော် စသဖြင့် ဝမ်းသာအားရ ဝယ်လာတတ်သဖြင့် အဖေသောက်တာ ကစားတာတွေအတွက် အမေရော ပဒုမ္မာပါ စိတ်အနှောက်အယှက်တစ်ခါမှ မဖြစ်။

အဖေအရက်မူးလာလျှင် သူများတွေလို သွေးမဆိုး။ ဖဂုသဝါစာတွေမရွတ် သီချင်းအော်အော် ဆိုတတ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရပ်ကွက်ထဲက အဖေ့ကို တွဲတေးသိန်းတန်ဟုပင် ခေါ်ကြသေး၏။

နောက်တော့လည်း အဖေတစ်ယောက် သူ့အလိုလိုပင် အရက်ဖြတ်ချင်စိတ် ပေါက်လာ၍ ထင်ပါသည်။

ဆေးရုံတက်ကာ အရက်ဖြတ်၏။ လောင်းကစားလည်း မလုပ်တော့။

သူများတွေမေးတော့ အဖေ ပြုံး၍ ပြောလိုက်သည့် စကားက . . .

"ကျုပ်သမီးလေး ကြီးလာပြီ ဆရာမ ဖြစ်နေပြီလေ၊ သမီးမျက်နှာမငယ်ရအောင် မကောင်းတဲ့ အလုပ်တွေ မလုပ်ချင်တော့လို့ပါ"

အမေရော ပဒုမ္မာပါ အဖေ့ကို ဖက်၍ဝမ်းသာလွန်း၍ မျက်ရည်ကျရသေး၏။

ပို၍ ဝမ်းသာစရာကောင်းတာက အဖေ့အမ မျာထံမှ ငွေတွေပို့လိုက်သဖြင့် အမေတစ်ယောက် ကျောင်းမုန့်ဆိုင်





ရောင်းနေသောအခြေအနေမှ အိမ်ဆိုင်ကလေးဖွင့်နိုင်သည် အထိ တိုးတက်လာခဲ့ပါတော့၏။

အဖေ့ကျန်းမာရေးက သိပ်မကောင်း ဆေးဝါးမပြတ်မှီဝဲ နေရသဖြင့် ပဒုမ္မာတို့သားအမိ ဝင်ငွေလေးဖြင့် အိမ်စရိတ် လူမှုရေးစရိတ် အဖေ့ဆေးဝါးစရိတ်တို့ဖြင့်လုံးချာလည်နေလေသည်။

အမေကတော့ အဖေ့ကို လိုလေသေးမရှိ ပြုစုပါ၏။

"ညီး အဖေကြောင့် အမေတို့ ကုန်စုံဆိုင်လေး ဖွင့်နိုင်တာ ကျေးဇူးရှင်ကြီးပါ သမီးရယ်၊ အဝေးက အစ်မကြီးတို့ကိုလည်း ဘုရားရှိခိုးတိုင်း မေတ္တာပို့ ရှိခိုးနေတာပါ"

မှန်ပါသည်။ ဒါကြောင့်လည်း ပဒုမ္မာတို့မှာ အချမ်းသာကြီး မဟုတ်သော်လည်း ဆင်းရဲခြင်းတော့ မရှိပါ။

ဆင်းရဲသားရပ်ကွက်ထဲမှာတော့ ပဒုမ္မာတို့က စားနိုင်သောက်နိုင်အဆင့်လောက် ရှိနေပါသည်။

အမေ ဘုရားရှိခိုး ပြီးချိန်မှာ ပဒုမ္မာလည်း ဆိုင်ခန်း ဖွင့်လိုက်လို့ ပြီးပါပြီ။

အဖေက အိပ်တုန်းမို့ အမေက . . .



www.burmeseclassic.com

www.burmeseclassic.com



"သမီး ညည်းအဖေအတွက် ကြက်ဥနဲ့ နွားနို့အ
သင့်လုပ်ထားလား"

"ဟုတ်ကဲ့ အမေ၊ အဆင်သင့်ပဲ"

"ထမင်းဘူးထည့်ရင် ပုဇွန်ကြော်တွေ အားလုံးထည့်
နော် သမီး"

"ဟင် . . . အမေရော"

"အမေ ငါးခြောက်ဖုတ်လေးနဲ့ပဲ စားချင်လို့ ညည်းအ
က ပုဇွန်မကြိုက်ဖူးဆိုတော့ ကြက်သားလေးပဲ ပြုတ်ပေး
မယ်"

"ဟုတ်ကဲ့ အမေ"

"မနက်စာ ဘာစားမလဲ သမီး ကောက်ညှင်းလား
စိမ်းပေါင်းလား"

"ထမင်းကြမ်းတွေရှိတယ် အမေရဲ့၊ ပဲပြုပ်ဝယ်ပြီး
ထမင်းကြော် ကြော်ထားတယ်"

"ဩော် . . . အေး အေး"





"အမေ ဒီနေ့ သမီးကျောင်းကို နည်းနည်းစောသွားရ
မယ့် အစည်းအဝေးရှိလို့"

"အင်း သွားလေသမီး၊ အလုပ်တွေမပြီးသေးရင်ထား
ခဲ့၊ အမေဆက်လုပ်မယ်"

"ပြီးပါပြီ အမေ၊ ဒါဆို သမီးရေချိုးတော့မယ်နော်"

"အေး အေး ချိုး"

မနက်ပိုင်း လုပ်စရာရှိတာတွေ ပဒုမ္မာ အားလုံးလုပ်ပြီး
လေပြီ။

နေ့လည်စာအတွက် အမေက ဈေးရောင်းရင်း ထမင်း
ဟင်း ချက်ပြုပ်မည်ဖြစ်၏။

သားအမိ သုံးယောက်ထဲမို့ စားစရိတ်လည်း သိပ်မကြီးပါ
ပဒုမ္မာ ငယ်ငယ်တုန်းက အဖြစ်တွေကို သတိရနေသေး
၏။

အဖေက အိမ်သိပ်မကပ် အမေက အကြော်ကြော်
ရောင်းတော့ အကြော်လေးတွေနှင့် ထမင်းကိုနယ်ကာ ပဒုမ္မာ
စားခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဩော် . . . ခုတော့ အခြေအနေ အများကြီး ကောင်း
နေပါပြီ။

ရေမိုးချိုးပြီး ရှင်မတောင်သနပ်ခါး မွှေးမွှေးကို အေးသွား
အောင် လိမ်းလိုက်၏။

ဆံပင်ရှည်ရှည်ကို နှစ်ပတ်လျှဲလေး ထုံးကာ အဖြူနှင့်
အစိမ်းကို ဝတ်လိုက်တော့ ပဒုမ္မာအသွင်က တည်ငြိမ်အေးဆေး
သော ဆရာမလေးတစ်ယောက် ဖြစ်သွားပါတော့သည်။

ကျောင်းသွားရန် ပဒုမ္မာ ထွက်လာတော့ အမေက ပီတိ
တဝေဝေနှင့် ပြောပြန်၏။

"အမေ့သမီးလေးကို ဆရာမလေးအဖြစ်နဲ့ မြင်ရတာ
ရင်ထဲကို အေးသွားတာပဲ၊ ကျက်သရေရှိလိုက်တာကွယ်"

"အမေကလဲ မြှောက်နေပြန်ပြီ"

"မြှောက်ပါဘူး တကယ်ပြောတာ သမီးရဲ့"

"အဟင်း အမေ့သမီးက သနပ်ခါးရေကြဲလေးနဲ့ ရိုးရိုး
အဖြူအစိမ်းနဲ့ပါ အမေရယ်၊ တချို့ဆိုရင်လေ မိတ်ကပ်ပါးပါး
နှုတ်ခမ်းနီပြေပြေလေးနဲ့ အရမ်းလှတာ အမေရဲ့ သိလား"





"ဟင့်အင်း အမေတော့ ကိုယ့်သမီးကိုယ် ကြည့်လို့မဝ
ပါဘူးကွယ်၊ ဒီလိုအခြယ်အသ ပကာသနကင်းတဲ့ အလှမှ ဖြူစင်
တာကွဲ့"

"အမေ့သမီးပဲလေ ဖြူစင်ရိုးသားမှုကို တန်ဖိုးထားမှ
တော့ ဘာအဆောင်အယောင်မှ မလိုတော့ဘူးပေါ့နော်၊ သမီး
သွားမယ် အမေ"

"အေး . . . အေး"

တစ်ပတ်နွမ်း စက်ဘီးလေးစီးကာ ပဒုမ္မာကျောင်းရှိရာ
ထွက်လာခဲ့၏။

စက်ဘီးနဲ့ဆို ဆယ့်ငါးမိနစ်သာသာခန့် နင်းရပါသည်။

ပဒုမ္မာ့အတွက် အပန်းမကြီးတော့ ကျင့်သားရနေ
လေပြီ။

မိုးရွာထားသဖြင့် လမ်းပေါ်မှာ ရေအိုင်လေးတွေ
ဟိုတစ်ကွက် ဒီတစ်ကွက်ရှိနေသဖြင့် ပဒုမ္မာရှောင်ကွင်းကာ နင်း
လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရောက်ခါနီးမှာမှ စိတ်အနှောင့်အယှက် ဖြစ်စရာတစ်ခု ပေါ်လာရ၏။

အခြားမဟုတ်။

မျက်နှာချင်းဆိုင်မှ လာနေသော ကားနီလေးတစ်စီးက လမ်းသွားလမ်းလာ ကျောင်းသွားနေကြသော ကလေးတွေကြားမှာ ခပ်ကြမ်းကြမ်းလေး ဖြတ်မောင်းလာသဖြင့် ရေအိုင်မှ ရေတွေစင်ကာ တစ်ချို့ကလေးတွေ စိုသွားရပါတော့၏။

"ဟင်"

ပဒုမ္မာ ထောင်းခနဲဖြစ်သွားရ၏။

စက်ဘီးကို လမ်းဘေး ကပ်နင်းလိုက်ရင်းမှ ထိုကားနီလေးကို ခပ်စူးစူးကြည့်လိုက်ချိန်မှာ ကားပေါ်မှ အပျံစား ပြင်ဆင်ချယ်သထားသော အမျိုးသမီးက ကိုယ်တိုင်မောင်းကာ မျက်နှာကိုလည်း မော့မော့ခါခါထားလျှက် ဘယ်သူ့ကိုမှ ဂရုမစိုက်ဟုသော မျက်နှာပေးလေးဖြင့် ပဒုမ္မာ့ဘေးမှ ရေအိုင်လေးကိုပါ တမင်ဖြတ်နင်းမောင်းသွားတော့ရာ စက်ဘီးပေါ်မှ ပဒုမ္မာခြေထောက်တစ်ဖက်ပင် ရေအနည်းငယ် စင်သွားရပါတော့၏။





"အို"

ပဒုမ္မာစိတ်တိုသွားရပြီး စက်ဘီးအသာရပ်ကာ လွန်သွားသော ကားနီလေးကို မကျေမနပ်လှည့်ကြည့်လိုက်ချိန်မှာ ကျောင်းမှ ဆရာမ ဒေါ်စန္ဒာချို၏ စက်ဘီးမှီလာပြီး ပြုံး၍ မေးလိုက်၏။

"ပဒုမ္မာ စိုသွားလား"

"ဟုတ်တယ် မစန္ဒာ နည်းနည်းပါ ဒါပေမယ့် အဲ့ဒီကား မောင်းတယ်နော် ဘယ်ကလဲ မသိဘူး၊ ဒီမြို့မှာတော့ တစ်ခါမှ မမြင်ဖူးပါဘူး"

"ဪ . . . ပဒုမ္မာမသိသေးပဲကိုး"

"ဟင် ဘာကိုလဲ မစန္ဒာ"

နှစ်ယောက်သား စက်ဘီးလေးစီး၍ စကားတပြောပြောနှင့် လာကြ၏။

ကျောင်းဝင်းထဲ ချိုးဝင်လိုက်ပြီးမှ ဒေါ်စန္ဒာချိုက-

"အဲ့ဒါ မစန္ဒာတို့ မြို့ကို အခုအသစ်ရောက်လာတဲ့ အရာဝန်ကတော်လေ အရမ်းချမ်းသာပုံရတယ်၊ သူ့အမျိုးသား



www.burmeseclassic.com

www.burmeseclassic.com



ကို သူကိုယ်တိုင် ကားနဲ့ကြိုပို့ လုပ်တာ ပဒုမ္မာရဲ့၊ ပြင်ဆင်ချယ်သ ထားတာရော တွေ့တယ်မဟုတ်လား အလှသွားသလား ထင်ရ အောင် ဝင်းလက်တောက်ပြောင်နေတာပဲ၊ တစ်မြို့လုံးက အဲ့ မမကို စိတ်ဝင်စားအားကျနေကြတာသိလား"

"ဘာကိုလဲ မစန္ဒာ"

"ဩော် . . . ငွေ သုံးတာလည်း ရေလိုပဲတဲ့၊ ချမ်းသာ တယ်၊ ချောတယ်ဆိုတော့ ဒါပေမယ့် မာနကြီးတဲ့ပုံပဲလေ ဆရာဝန်ကတော့ အေးအေးဆေးဆေးတဲ့၊ သဘောလဲကောင်း တယ်တဲ့၊ အမျိုးသမီးက ကားမောင်းကြမ်းတော့ လမ်းသွားလမ်း လာတွေ ကသိကအောင့်ဖြစ်တာပေါ့"

"ဟုတ်တယ် ပဒုမ္မာတောင်ဖြစ်ရပြီလေ၊ ဟွန်း သူဖာသာ သူချမ်းသာသာ မသာသာ အကြောင်းမဟုတ်ပါဘူး ခုလို ရမ်း တာတော့ ရိုင်းတာပေါ့ လုံးဝအထင်မကြီးဘူး မစန္ဒာ"



## အခန်း ( ၁၃ )

"ဆရာဝန် အသစ်လေးက စိတ်ကောင်းလိုက်တာတဲ့၊ ဆေးကုလည်း တော်တယ်တဲ့"

ညနေစာ စားတော့ အမေက သူသိတာကို ထမင်းဝိုင်း မှာ ပြော၏ အမေက . . .

"အရပ်ထဲက မထွေး နေမကောင်းလို့ ဆေးရုံသွားပြ တာ၊ အားဆေးတွေ ဝယ်ရမယ်ဆိုလို့ မထွေးက ဆင်းရဲတော့ မဝယ်နိုင်ဘူးလေ၊ အဲ့ဒါ ဆရာဝန်က ငွေထုတ်ပေးပြီး ဝယ်ခိုင်း တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငွေချေးပေးတာလား၊ အမေရယ်"

"မဟုတ်ဘူး အလကား ပေးတာတဲ့"

"သြော် . . . ချမ်းသာလို့ နေမှာပေါ့"

"ဟဲ့ ချမ်းသာတိုင်း ဒီလိုမပေးတတ်ပါဘူး သမီးရယ်၊ ခုက စိတ်ကောင်းရှိတာ အရမ်းကြင်နာတတ်တာပဲတဲ့လေ၊ ရောက်တာဖြင့် မကြာသေးဘူး သတင်းက မွှေးနေတာပဲ"

"အဟင်း အမေကလည်းလေ ကိုယ်တိုင်တွေ့တာ ကြုံတာမဟုတ်ပဲနဲ့"

"သြော် သမီးကလဲ သူများတွေ ဒီလိုပဲ ပြောနေကြတာ"

"အလကားပါ အမေရာ၊ ရောက်ခါစမို့ စည်းရုံးတဲ့သဘောနဲ့ ကောင်းပြတာဖြစ်မှာပါ၊ နောက်ဆို ဆေးခန်းဖွင့်ပြီး ရိုက်မှာပေါ့၊ စောင့်သာကြည့်"

"ဟင် အဲ့ဒီလိုတော့ ဟုတ်မယ်မထင်ပါဘူးကွယ်"

"အမေကလည်း ဘာမှမသိပဲနဲ့"

"ဟင် ဘာကိုလဲ သမီး"





"အဟင်း ဟင်း အမေရယ်၊ လူဆိုတာ ပုလင်းတူဘူးဆို့တဲ့ လူတူလို့ နတ်ဖက်တာတဲ့"

"ဟဲ့ . . . အဲ့ဒါ ဘာစကားလဲ"

"အဲ့ဒီ ဆရာဝန် လင်မယားကိုပြောတာလေ"

"ဟင် . . . ဘာရယ်"

"အမေတို့က ဆရာဝန်ကို စိတ်ကောင်းရှိသလေး ကြင်နာသလေး အပေးအကမ်း ရက်ရောသလား ဘယ်လောက်ပဲပြောနေနေ သမီးစိတ်ထဲ လုံးဝကို အထင်မကြီးဘူး"

"ဟင် ဘုရားရေ၊ ဘာဖြစ်လို့လဲ သမီး"

စကားတစ်ခွန်းမှ ဝင်မပြောပဲ အမေနှင့်ပဒုမ္မာတို့ အချီအချပြောဆိုနေတာကို ထမင်းစားရင်း နားထောင်နေသော အဖေပင်လျှင် ပဒုမ္မာ့စကားကြောင့် စိတ်ဝင်စားဟန် ခေါင်းမတ်လာရ၏။

ပဒုမ္မာက စားလက်စ ထမင်းကို အဆုံးသတ်ရန် ဟင်းချိုလေးတစ်ဇွန်း ခပ်သောက်လိုက်ပြီးမှ မဲ့တဲ့တဲ့လေး ပြုံး၍ပြောလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲ အမေရယ်၊ အမေတို့အထင်တကြီးနဲ့ ချီးမွမ်းခန်း ဖွင့်နေတဲ့ အဲဒီဆရာဝန်ကို သမီးမတွေ့ဖူးသေးပါဘူး၊ ဒါပေမယ့် သူ့အမျိုးသမီးကတော့ ရိုင်းသလား မမေးနဲ့ မောက်မာသလား မမေးနဲ့၊ လူကိုလူမထင်တဲ့ စတိုင်လေးနဲ့ အမေရ"

"ဟင် . . . ဟုတ်လား"

"ဟုတ်ပ့ါ သူ့အမျိုးသားကို သူကိုယ်တိုင် မောင်းတဲ့ကားနဲ့ ကြိုပို့လုပ်တာလေ"

"နို့ . . . သူ့ကို သမီးသိနေလို့လား"

"မသိပါဘူး"

"ဟင် ဒါဖြင့် ရိုင်းတာ မောက်မာတာ ဆိုတာက"

"ဩော် အမေကလဲ သမီးတစ်ယောက်ထဲ မဟုတ်ဘူး အတော်များများက ဒီလိုပဲ မြင်ကြတယ် အထူးသဖြင့် ကျောင်းသားနဲ့ ဆရာ၊ ဆရာမတွေပေ့ါ"

"ဟင် ဘာဖြစ်လို့တုန်း၊ ဘယ်လိုများ ပတ်သက်နေလို့လဲ သမီးရယ်"





"ဆေးရုံနဲ့ ကျောင်းက တစ်လမ်းထဲမှာ မျက်စောင်းထိုး သာသာပဲ ရှိတာမဟုတ်လား အမေ"

"အင်း"

"အဲဒီ အမျိုးသမီးက ကားကို ဘယ်လောက်ထိ မဆင်မချင်မောင်းသလဲဆိုရင် လမ်းသွား လမ်းလာ ကျောင်းသွား ကျောင်းလာသူတွေကို လုံးဝမသက်ညှာဘူးသိလား၊ သူ့ကားကို ရေအိုင်အတင်းဖြတ်မောင်းတော့ ဘေးကလူတွေ ရေတွေစင်ကုန် ရွှံ့ကုန်ရောပေ့ါ"

"ဟင် . . . ဟုတ်လား"

"နေ့တိုင်း အမေရေ၊ ခုတော့ သူ့အကြောင်း သိနေတော့ သူ့ကားမြင်ရင် လမ်းဘေးက လူတွေဟာ ရေအိုင်နဲ့ ဝေးဝေးရှောင်တတ်တဲ့ အကျင့်တွေဖြစ်နေပြီ"

"ဩော် . . . ဖြစ်ရလေ ဘာလို့များ အဲ့သလို လုပ်ရပါလိမ့်ကွယ်"

"ဘဝင်မာနတွေပေ့ါ အမေရဲ့၊ သူ့လောက်ချမ်းသာတာ လှတာ မရှိတော့ဘူးဆိုတဲ့ လူတွေအပေါ် အထင်သေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟန်ပန်တွေက ပေါ်လွင်နေသော သူကတော့ လူတွေငေးပြီး ကြည့်တဲ့မျက်ဝန်းတွေကို အားကျတဲ့ မျက်ဝန်းတွေလို့ အဓိပ္ပါယ် ဖွင့်ချင်ဖွင့်မယ်"

"ဟင်"

"ဒါပေမယ့် သူမသိပါဘူး၊ လူအတော်များများ သူ့ရုပ်ရည်ကားမောက်မာမှုအတွက် စိတ်ပျက်နေတာ အထင်သေးနေတာလေ၊ သမီးတောင် တစ်ခါခံရသေးတာပဲ"

"ဟုတ်လား ဘယ်လိုဖြစ်လို့လဲ သမီး"

"သူ့အကျင့်အတိုင်း ရေအိုင်မရှောင်ပဲ ကားဖြတ်မောင်းတော့ လမ်းဘေးက သမီးကို စင်တာပေါ့ အမေရဲ့"

"ဪ"

"အင်း သမီး စဉ်းစားထားတယ်"

"ဘာများလဲ"

"တစ်နေ့တော့ သူ့ရုပ်ကားမှုအတွက် လမ်းသွားလမ်းလာတွေ အနှောက်အယှက်ဖြစ်နေတယ်ဆိုတာ ပြောပစ်ချင်နေတယ်အမေ"





"ဟဲ့ သွားမပြောပါနဲ့ သမီးရယ်"

"ဘာလို့လဲ အမေ သူ့အမှားသူသိပြီး ပြင်အောင်လေ၊ အခုက ကလေးတွေ ရေစိုပြီး ကျောင်းတက်နေရတာ ကံမကောင်းရင် အအေးပတ်ပြီး ဖျားတောင်ဖျားအုံးမှာ ဆရာမတစ်ယောက်အနေနဲ့ ပြောမှာ အဟွန်း အနူးအညွတ် မေတ္တာရပ်ခံမှာပါ အမေရဲ့"

"သမီးရယ် သူ့ဖာသာသူ တမင်ဘဝင်လေဟပ်ပြီး လုပ်တာလား။ မတော်တဆ နမော်နမဲ့ဖြစ်တာလားမှ မသိတာ။ ကိုယ်ပြောလိုက်ရင် တမျိုးထင်သွားမှ အခက်"

"ဘာကိုခက်မှာလဲအမေ"

"ဪ . . . သူ့ယောကျ်ားက ဆရာဝန်ဆိုတော့ တကယ်လို့ ကိုယ့်ဘက်က ကျန်းမာရေးအတွက် အကူအညီ သွားတောင်းရတဲ့အခါ မျက်နှာပူစရာ ဖြစ်နေမလားလို့ပါကွယ်"

"မဆိုင်ပါဘူး အမေကလဲ"

သူ့မယား ဘာလုပ်လုပ် သူ့ယောကျ်ားမျက်နှာထောက်ပြီး ဘာမှမပြောဘဲ ငြိမ်နေလေ ပိုဆိုးလေ ဖြစ်မနေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မဆွေ။ သမီးပြောတာ မှန်တယ်"

"ဟင်"

တစ်ချိန်လုံး ငြိမ်နေသော အဖေပင် မနေနိုင်တော့။ ပဒုမ္မာဘက်မှ ဝင်ပြောလေသည်။ အမေက . . .

"အင်း . . . သားအဖနှစ်ယောက် အတိုင်အဖောက် ညီနေပြန်ပြီ။ သမီးရယ် . . . သမီးက မဟုတ်မခံတတ်မှန်း အမေသိပါတယ်လေ။ တကယ်လို့ ပြောတယ်ဆိုရင်တောင်မှ အေးအေးဆေးဆေးပဲ ရှိပါစေကွယ် နော်"

"အဟင်း စိတ်မပူပါနဲ့ အမေရယ်။ သမီးက စိတ်ထဲရှိလို့သာ ပြောနေပေမယ့် လက်တွေ့မှာတော့ အမေထင်သလို ဖြစ်ချင်မှ ဖြစ်မှာပါ"

"ဖြစ်ရပြန်ပြီ"

"ဒါပေမယ့် . . . ပြောတော့ ပြောချင်နေတယ်"

"ဟင်"

"တစ်နေ့က ကျောင်းက ဆရာမတစ်ယောက် အဲဒီ အမျိုးသမီးကြောင့် ဗွက်ရေတွေစင်ပြီး ပေရေသွားတာလေ စိတ်တိုစရာ ဘယ်လောက်ကောင်းလဲ"





"အင်း . . . ဒုက္ခ . . . ဒုက္ခ"

"သမီးက သူ့ကိုမပြောချင်ဘူးအမေ"

"ဟေ . . . ဘယ်လို"

"သူ့ယောက်ျား ဆရာဝန်ဆိုတဲ့လူကို သွားပြောချင်တာ တိုင်တဲ့သဘောပေါ့"

"ဟဲ့ . . . ဖြစ်မလား"

"ဖြစ်တာပေါ့ . . . သူ့မိန်းမ သရမ်းလို့ လူတွေ အထူးသဖြင့် ကျောင်းသားတွေ အမြဲတမ်း ကသိကအောက် ဖြစ်နေရတယ်ဆိုတာ ပြောပြလိုက်မှာ။ ဒါဆိုရင် သူလည်း ဆရာဝန်ပီပီ ကျန်းမာရေးရှုဒေါင့်ကကြည့်ကြည့် သန့်ရှင်းရေးအမြင်နဲ့ပဲ တွေးတွေး နားလည်ယူပေါ့။ သူ့မိန်းမသူ ဆုံးမပစေပေါ့ အမေရဲ့"

"အဟင်း . . . သမီးကတော့လေ"

အမေ သဘောကျစွာ ရယ်လိုက်ပြီးမှ . . .

"အဲသလိုတော့ သွားမလုပ်လိုက်ပါနဲ့ကွယ်။ မကောင်းပါဘူး။ ဆရာဝန်လေးကို အားနာစရာ ကောင်းပါတယ်"

"ရော် . . အမေကလည်း မဆီမဆိုင် အားနာနေပြန် ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဆရာဝန်လေးက စိတ်ကောင်းရှိတယ်။ ဆေးကုတော်တယ်။ လူတွေအပေါ် ကြင်ကြင်နာနာ ရှိလိုက်တာလို့ သတင်းမွှေးနေမှတော့ ခုကိစ္စက သူ့အတွက် ဘယ်နည်းနဲ့မှ စိတ်သက်သာစရာဖြစ်မဲ့ စကားမှ မဟုတ်တာ သမီးရယ်။ စဉ်းစားကြည့်ပါလား"

"ဟင်း"

အမေပြောတာလည်း ဟုတ်နေတာမို့ ပဒုမ္မာ သက်ပြင်းလေးသာ ဖွဖွချမိတော့၏။ အဖေက . . .

"ကဲပါသမီးရာ ဒီကိစ္စ စိတ်ထဲသိပ်ပြီး အလေးအနက်မထားပါနဲ့။ တကယ်လို့ ပြောဖို့လိုအပ်ရင်လည်း ကာယကံရှင်ကို တိုက်ရိုက်ပြောတာ ကောင်းပါတယ်"

"ဟုတ်ကဲ့ အဖေ"

ပဒုမ္မာ တွေးကြည့်၏။ မာနတလူလူနှင့် မျက်နှာထားလေး အမြဲတမ်းဝင့်ချီ မော့ခါနေသော ထိုအမျိုးသမီးနှင့်ပြောရန် ပဒုမ္မာဘက်က စကားလုံးတွေ ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်ပါမည်။ အမေက စဉ်းစားမိဟန်ဖြင့် . . .





"နေပါအုံး သမီး။ သူ့ယောက်ျားနဲ့အတူ ကားမောင်းတာ လမ်းဘေးကလူတွေ စင်တာပြုတာ ဆရာဝန်လေးက မသိဘဲနေမလား"

ပဒုမ္မာ ပြုံးလိုက်ပြီးမှ . . .

"အဲဒါပဲ အမေ။ သူ့အမျိုးသား ကားပေါ်ပါနေရင် ကောင်းကောင်းမောင်းတယ်တဲ့။ သမီးတော့ မသိပါဘူး။ သမီးတွေ့တဲ့အချိန်ဆို သူတစ်ယောက်ထဲပဲလေ"

"အင်း . . . တစ်မျိုးပါလား"

နောက်တစ်နေ့မှာ ပြဿနာ တက်တော့၏။ ပဒုမ္မာ့ တပည့်မလေးတစ်ယောက်နှင့်အတူ လမ်းဘေးမှာရပ်၍ စကားပြောနေစဉ် ကားနီလေး ရှီးခနဲဖြတ်မောင်းသွားသဖြင့် တပည့်မလေး ခွေခနဲ လဲကျသွားကာ မျက်နှာကို လက်ဝါးဖြင့်အုပ်၍ အော်ပါတော့၏။

"အား . . . ဆရာမ သမီးမျက်လုံးထဲ ဖွက်တွေဝင်သွားပြီ။ လုပ်ပါအုံး စပ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ကလေးမ၏ ကိုယ်တစ်ခြမ်းလုံး ဗွက်ရေတွေစင်ကာ အဆိုးဆုံးက မျက်လုံးထဲ ဝင်ခြင်းပင်တည်း။

ပဒုမ္မာက တပည့်မလေးကို ရေချိုးအဝတ်လဲ လုပ်ပေးကာ သန့်စင်ပေးသော်လည်း မျက်လုံးတစ်ဘက်က သဲပါသော ဗွက်ရေမို့ အောင့်တောင့်တောင့် နာတာတာဖြစ်ကာ သက်သာပုံမရ။

ကျောင်းအုပ်ကြီးထံ သတင်းပို့ကကာ ပဒုမ္မာက တပည့်မလေးကိုခေါ်ပြီး ဆေးရုံသို့ လာခဲ့ပါတော့၏။



## အခန်း ( ၁၄ )

ဆေးရုံရောက်တော့ သူနာပြုဆရာမလေးက ဗျာဗျာသလဲပင် . . . ဆရာဝန်ရှိရာ အခန်းဆီခေါ်သွားတော့ ပဒုမ္မာလည်း နောက်မှလိုက်လာခဲ့၏။

အခန်းတံခါးကို တွန်းဖွင့်ကာ ဝင်သွားကြသည်နှင့် ဆရာဝန်ဆိုသော ပုဂ္ဂိုလ်ကို ပဒုမ္မာလှမ်းကြည့်လိုက်ရာ အံ့သြမှုကြောင့် ပါးစပ်မှ အာမေဋိတ်ပင် လွှတ်ခနဲ ထွက်သွားရတော့သည်။

"ဟင်"

ရုတ်တရက် ကြက်သေသေကာ တန့်ခနဲရပ်သွားသော ပဒုမ္မာကို ဘယ်သူမှ အထူးတလည် သတိမထားမိ။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးနာနေသော ကလေးမလေးကိုသာ အလေး ထားကာ ဆရာဝန်က မေးလိုက်၏။

"ဘာဖြစ်တာလဲ"

"မျက်လုံးထဲ သဲဝင်လို့ပါ"

ပဒုမ္မာ အဖြေကို ခေါင်းညိတ်ကာ ဆရာဝန်က လူနာကို အခန်းထောင့်ရှိ ခုတင်ပေါ် လှဲအိပ်စေပြီး သူနာပြု ဆရာမလေး နှင့်အတူ လိုအပ်သော စမ်းသပ်၊ ကုသမှုများကို သေချာစွာ ပြု လုပ်နေလေသည်။

ဒါသည်ပင် ပဒုမ္မာအတွက် အခွင့်ကောင်း။ ဟုတ်သည်။ လုံးဝမမှားနိုင်။

ဒီပုဂ္ဂိုလ်ကို ပဒုမ္မာ သိဖူးသည်။ ပြီးနောက် နာနာကျည်း ကျည်းကို အရမ်းအထင်သေးထားခဲ့သည့် လူတစ်ယောက်ပဲ။

ဒေါက်တာကောင်းအုံမှူးဆိုသောလူကို မမသီရိ မိတ် ဆက်ပေးဖူး၍ ပဒုမ္မာမှတ်မိနေပါသည်။

မမသီရိ၏ ချစ်သူ လက်ထပ်ရန် စေ့စပ်ထားပြီး





တခြား တစ်ယောက်နှင့် ရုတ်တရက် လက်ထပ်လိုက်သော သစ္စာမဲ့သူ၏ ရုပ်ရည်သွင်ပြင်ကို ပဒုမ္မာ စူးလက်စွာ မမှိတ်မသုန် ကြည့်ရှုနေ သော မျက်ဝန်းများကသာ အစွမ်းတန်ခိုးတွေ ရှိခဲ့ပါက ထိုလူ နေရာမှာတင် ပြာကျသွားနိုင်ပါသည်။

ဟွန်း . . . မုန်းလိုက် ရွံလိုက်သည့်ဖြစ်ခြင်း၊ ဒီမြို့မှာ သူတော်ကောင်းဟန်ဆောင်ကာ နာမည်သတင်းမွှေးအောင် ရှင် ဘယ်လောက်ပဲ ကြိုးစားကြိုးစား အလကားပဲ။

ပဒုမ္မာ ရှင့်ဇစ်မြစ်ကို သိနေပြီလေ။ ရှင်ဟာ သစ္စာမဲ့တဲ့ ဖောက်ပြန်သူပဲ။

အဟွန်း . . . ဒါကြောင့်လည်း လူတူလို့ နတ်ဖက်တဲ့ လင်မယားအဖြစ်နဲ့ ရှင့်ဇနီးကပါ လူတွေအပေါ် မောက်မာ ထောင်လွှားစော်ကားနေတာ မဆန်းတော့ပါဖူးလေ။

ဒါပေမယ့် . . . ပဒုမ္မာတဲ့ . . .

အမှန်တရားဘက်က အမြဲရပ်တည်နေသူပီပီ ပြောသင့် ပြောထိုက်တာကိုပြောရန် ဆုံးဖြတ်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကောင်းအံ့မှုကလည်း လူနာ၏ မျက်လုံးကို ညင်သာစွာ သန့်စင် ဆေးကြောပေးပြီး မျက်စဉ်းများ ခပ်ပေးနေလေသည်။

"ဘယ်လိုနေလဲသမီး။ အောင့်နေသေးလား။ ဖုတုတုလေးတွေ ရှိနေသေးလား"

"နဲနဲလေးပဲ အောင့်တော့တယ်။ နာတာတာလေး မခုတော့ပါဘူး ဦးဦး"

"အင်း . . . သက်သာသွားမှာပါ။ ရော့ ဟောဒီ မျက်စဉ်းရည်လေးယူသွား။ မကြာခဏ ခပ်ပေးဟုတ်လား"

"ဟုတ်ကဲ့"

"ဘယ်လိုဖြစ်တာလဲ ချော်လဲလို့လား ဆော့ကြလို့လား၊ ဟုတ်လား"

ကလေးမလေးနှင့် အပြန်အလှန် မေးမြန်းပြောဆိုနေချိန်မှာ ပဒုမ္မာက ရုတ်တရက် ဝင်ဖြေလိုက်၏။

"မဟုတ်ပါဘူး ဒေါက်တာ သူချော်လဲတာလဲ မဟုတ်ဘူး၊ လမ်းဘေးမှာ ရှိနေတုန်း ဒေါက်တာ့ဇနီးရဲ့ကားက ရေအိုင်





ထဲ ဖြတ်မောင်းသွားလို့ စင်တဲ့အဖြစ်ပါ၊ အဟင်း ဒါဟာလဲ မဆန်းတော့ပါဘူး၊ လူအတော်များများ ခံစားနေကြရတဲ့ ကသိကအောက် ကိစ္စတစ်ခုပဲလေ၊ ကားဖြတ်သွားလို့ ဗွက်ရည်စင်သွားရင် ညစ်ပေသွားတာကို ရေဆေးပြီး အဝတ်လဲကြရတာတွေဟာ ရိုးနေပါပြီ၊ ခုတော့ မျက်လုံးထဲ ဝင်သွားလို့သာ ဒေါက်တာ့ဆီမဖြစ်မနေ ရောက်ခဲ့တာပါ၊ ခုလို ကုသပေးတဲ့အတွက် ကလေး မိဘတွေက ဒေါက်တာ့ကို ကျေးဇူးတင် ချင်တင်လိမ့်မယ်၊ ကျွန်မတော့ လုံးဝမတင်ပါဘူး၊ ဒါဟာ ဒေါက်တာနဲ့ ပတ်သက်တဲ့ လူနာပဲလေ၊ လာ သမီး ကျောင်းပြန်သွားရအောင်"

"ခဏ နေပါအုံး ဆရာမ"

မျက်နှာထားတင်းတင်းလေးမှာ နာကျည်းမုန်းတီးဟန်လွှမ်းသော ပဒုမ္မာ့မျက်ဝန်းများနှင့် ပက်ပင်းကြီး ရင်ဆိုင်လိုက်ရချိန်မှာ ကောင်းအံ့စိတ်ထဲ တစ်မျိုးတော့ ဖြစ်သွားရ၏။

ဒီအမျိုးသမီးကို မြင်ဖူးသလိုလို သိဖူးသလိုလိုပင်

သူမပြောလိုက်သော စကားများက ဇနီးသည်၏ ရမ်းကားမောက်မာမှုကို တိုင်တန်းသည့်သဘောပေမယ့် သူမ



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေက ဖြစ်သင့်သည်ထက် ပို၍တင်းမာပြင်းထန်နေသလိုပင်။

ထို့ကြောင့် ကောင်းအံ့ လက်တားလိုက်ကာ ဆက်ပြောလိုက်၏။

"ကျေးဇူးပြုပြီး ခဏလောက်ထိုင်ပါလား ဆရာမ။ ကလေးမလေးအတွက် ဆရာမ စိတ်တွေတအားဆိုးနေတယ် ထင်တယ်ဗျာ။ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့်ဇနီးရဲ့ လုပ်ရပ်အတွက် နောင် ဒါမျိုးမဖြစ်အောင် ကျွန်တော် ပြောပါ့မယ် ဟုတ်လား"

ပဒုမ္မာ တွေခနဲ ဖြစ်သွားရ၏။

မိမိက ပြောချင်ရာ ပြောလိုက်ချိန်မှာ မည်းခနဲပျက်သွားသော ဒေါက်တာ့မျက်နှာကိုလည်း မြင်၏။

ခုလို အလိုက်သင့် အဆင်ချောအောင် ပျော့ပြောင်းညင်သာစွာ ပြန်ပြောလာလိမ့်မည်ဟုလည်း မထင်ထားပါ။

သို့သော် ပဒုမ္မာ့မျက်ဝန်းတွေက တင်းမာအေးစက်ဆဲ။





"မထင်ပါဘူး" ဟူသော အမူအရာဖြင့် ပဒုမ္မာ ဂရုမစိုက်ဟန်လေးပြကာ ပြောလိုက်၏။

"ဒါတော့ ရှင့်သဘောပဲလေ၊ ကျွန်မအနေနဲ့ ကျွန်မအပါအဝင် ကျောင်းသားအတော်များများ ပွက်ရေတွေ စင်ခဲ့ရတဲ့အဖြစ်မျိုး ကိုယ်တိုင်ခံစားခဲ့ဖူးလို့ ပြောတာပါ။ ကိုယ့်အကျင့်စရိုက်နဲ့ မောက်မာရမ်းကားမှုတွေကို ပြင်တာ မပြင်တာ ရှင်တို့အသိုင်းအဝိုင်းက ကိစ္စပဲ။ ပြောလိုက်ပါအုံးမယ်။ ရှင့်ဇနီး ဒီလိုသာ လူတွေကို ကသိကအောင်ဆက်လုပ်နေမယ်ဆိုရင် တစ်နေ့နေ့မှာ ကျောင်းသားတွေရဲ့ ခဲနဲ့ထုမယ့် အဖြစ်မျိုး မဖြစ်လာနိုင်ဘူးလို့ မပြောနိုင်ဘူး၊ ကျွန်မကို ခွင့်ပြုပါအုံး"

"ဆရာမ ဆရာမကို ကျွန်တော်ဘယ်နေရာမှာ မြင်ဖူးပါလိမ့် ကျွန်တော့်ကို သိလားဟင်"

ဆတ်ခနဲ ထလိုက်သော ပဒုမ္မာ့နှုတ်ခမ်းလေးတွေ မဲ့တဲ့တဲ့ပြုံးလိုက်မိကာ ခနဲ့ဟန်လေးဖြင့် ပြောလိုက်၏။

"ဟုတ်လား ဒေါက်တာ ကျွန်မကို မြင်ဖူးတာ သေချာလား"



www.burmeseclassic.com

www.burmeseclassic.com



"သေချာသလိုပဲဗျာ"

"ဟုတ်မှာပေါ့ ကျွန်မက မမသီရိရဲ့ ညီမလေးပဲ ပဒုမ္မာလေ တစ်ခါဆုံဖူးသားပဲ"

"ဟင်"

ကောင်းအံ့မျက်နှာမဲ့ခနဲ ပျက်သွားရပြန်၏။ ပြီးမှ ခေါင်းညိတ်ကာ . . .

"ဪ . . . မှတ်မိပြီ ညီမက ဒီမြို့ကလား"

"ကျွန်မကို ညီမလို့မခေါ်ပါနဲ့၊ မမသီရိအပေါ် ရှင်ပြုမူလိုက်ပုံအတွက် ကျွန်မရင်ထဲ တသက်မကျေဘူး မှတ်ပါ၊ ရှင့်လိုလူကို အထင်သေးမိတယ်၊ ခုလဲ ရှင်မှန်းမသိလို့ လာခဲ့မိတာပါ၊ သိရင်လား ဝေးသေးတယ်"

စကားအဆုံး ပဒုမ္မာချာခနဲ လှည့်ထွက်လာခဲ့၏။

ဒေါသဖြင့် ပဒုမ္မာ့တစ်ကိုယ်လုံး တစ်ဆတ်ဆတ် တုန်နေလာသည်။

ဟွန်း သူကများ ပဒုမ္မာ့ကို ညီမတဲ့ မုန်းစရာ။

မမသီရိ မျက်နှာလေး ပြေးမြင်ကာ ပဒုမ္မာအံကို တင်း





တင်းကြိတ်ထားမိ၏။ တလောကပင် ပဒုမ္မာ ရန်ကုန်ရောက်ခဲ့သေးသဖြင့် အဖြစ်အပျက် အကျိုးအကြောင်းတွေ သိခဲ့ရ၏။

မမသီရိကတော့ ဖြူစင်ပြည့်ဝသူပီပီ မျက်ရည်လေးဝဲကာ မချိပြုံးလေးဖြင့် ပြောရှာပါသည်။

"စိတ်ထဲ ဘာမှမဖြစ်ပါနဲ့ ညီမလေးရယ်၊ မမကုသိုလ်ပေါ့နော်၊ ကောင်းနဲ့မမက တစ်ယောက်နဲ့ တစ်ယောက်အရမ်းချစ်ကြပေမယ့် ကံကြမ္မာက မျက်နှာသာမပေးလို့ ခုလိုဖြစ်ရတာပဲလို့ ဖြေရမှာပေါ့"

"နေပါအုံး အဲ့ဒီအမျိုးသမီးက ဘယ်ကလဲ ဘာဖြစ်လို့ခုလိုဖြစ်သွားကြတာတဲ့လဲ မမရယ် ဟင်"

"ကောင်းတို့နဲ့ ခြံချင်းကပ်တဲ့ ကောင်းကိုလည်း ချစ်ရှာပုံရပါတယ်လေ"

"ဟာ မမကလည်း အမိပွါယ်မရှိတာ၊ စေ့စပ်ထားပြီးသား လူတစ်ယောက်ကို ကြားဝင်နှောက်တာ မဟုတ်တော့ပါဘူး အစ်ကိုကြီးကလည်း ဘာလို့ပါသွားရလဲ သစ္စာမဲ့လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားမဆန်လိုက်တာ အရမ်းအထင်သေးဖို့ ကောင်းတယ် သိလား"

"အို ညီမလေးရယ်၊ အဲ့ဒီလို မမြင်ပါနဲ့ ကောင်းမေမေ ကဆို သတိတောင်လစ်တဲ့အထိပဲလေ။ ဟိုဘက်က ချည်ပြီး တုတ်ပြီး ပရိယာယ်ဆင်တဲ့ အကွက်ထဲ လည်စင်းခံရသလို ဝင် သွားသလားပဲ။ အဲ့ဒါကိုပဲ မမဝမ်းသာနေရတယ်၊ မိန်းကလေးက ကောင်းကို အရှုံးအမှုး စွဲလန်းလို့ တော်ပါသေးရဲ့"

"မမ အဲ့ဒီလူကို မမုန်းဘူးလား စိတ်မနာဘူးလား"

"ဟင့်အင်း ကောင်းကိုသနားတာပဲ ရှိတယ်"

"အို ဘာလို့ သနားရမှာလဲ မုန်းပစ်လိုက်စမ်းပါ မမရယ်"

"ညီမလေး မသိပါဘူးကွယ် မမတို့ အချစ်က သာမန် မဟုတ်ပါဘူး"

"အို သူက ဖောက်ပြန်သွားပြီပဲ မမကလည်း"

"မမပြောတယ်လေ ကံကြမ္မာလို့ ဘယ်တတ်နိုင်မလဲ"





"ကျွတ် ပဒုမ္မာတော့ တွေ့ရင် နုတ်နုတ်စင်းမိမလားပဲ"

တကယ်ပင် ထိုစဉ်က ကောင်းအုံ့မှူးတို့ ရောက်မလာ ခဲ့သေး။ ရောက်လာပြီးသည့်တိုင် လေးငါးလသာကြာသွား၏။ အကြောင်းမတိုက်ဆိုင်သဖြင့် ကောင်းအုံ့မှူးမှန်း မသိခဲ့ရ၊ ခုတော့ မစင်ကို ရွံ့သူမှ မစင်နှင့်တွေ့ သူပမာ ကြိတ်မနိုင် ခဲမရ ရှိနေရ၏။

"ဟွန်း ဒီမြို့ကိုမှ လာကျရတယ်လို့"

ဗျစ်တောက် ရွတ်ကာ ဆေးရုံပေါ်တီကိုအောက် ရောက် လာချိန်မှာ ကားနီလေးက ကျွီခနဲ ထိုးဆိုက် လာပါတော့၏။

ပဒုမ္မာ တမင်ပင် တန့်ခနဲ ရပ်ကာ ထိုအမျိုးသမီးကို ခပ်စူးစူးလေး တမင်ကြည့်ပစ်လိုက်လေသည်။

အထင်သေးခြင်း စက်ဆုတ်ခြင်း။ ရွံ့ရှာမုန်းတီးခြင်း ဟူသော အဓိပ္ပါယ်များစွာဖြင့် စူးလက်စွာ ကြည့်ပြီး ချာခနဲ ထွက် လာခဲ့၏။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သော အဖြစ်ကြောင့် ရွှေဘုံထက် ဆတ်ဆတ်ခါကာ ကျန်ခဲ့ပါတော့၏။

ဒီမြို့လေးမှာ လူတကာ၏ အားကျအထင်ကြီးသော မျက်ဝန်းဖြင့်သာ အကြည့်ခံရတတ်သော မိမိလို မိန်းမကို ဒီအမျိုးသမီးက ဘာကြောင့်များ ဒီလိုကြည့်ပါလိမ့်။

သူဘယ်သူလဲ သိချင်လာရ၏။

၍



## အခန်း ( ၁၅ )

စိတ်ထဲ မခံမရပ်နိုင်ရှိသွားရစွာ ရွှေဘုံထက်တစ်ယောက် ခင်ပွန်းရှိရာ အခန်းဆီ အမြန်ဆုံး ဝင်လာခဲ့ပြီး . .

"ကိုကို ဆေးရုံရှေ့မှာ ကျောင်းဆရာမတစ်ယောက်ကို ကြည့်သွားတဲ့အကြည့်က အရမ်းစိတ်ဆိုးစရာကောင်းတာပဲ ဟွန်း ဒီမြို့မှာ ရွှေဘုံထက်ဆိုတာ အများက အထင်ကြီး အားကျနေရတဲ့ မိန်းမဆိုတာ သူမသိလို့နေမယ်၊ တွေ့ကြသေးတာပေါ့ စုံစမ်းပြီးကို မျက်နှာချင်းဆိုင်မေးပြီး စာရင်းရှင်းရမယ်၊ မင်းငါ့ကို ဘာလို့ အဲ့သလို ကြည့်သလဲလို့ ဟွန်း ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



"စကားများလိုက်တာကွာ၊ လာစမ်းပြန်မယ်"

"ဟင် . . . ကိုကို"

သူမစကားကို လုံးဝအလေးမထားပဲ ခင်ပွန်းသည်က သူ့လက်မောင်းကို ခပ်ကြမ်းကြမ်းလေး ဆွဲခေါ်ကာ ကားရှိရာ သွားနေတာမို့ ဘုံတအံ့တသြလေးပါလာရရင်း မေးဖြစ်အောင် မေးလိုက်ပြန်၏။

"ကိုကို ဘာလဲလို့ ဘုံပြောတာ ကြားတယ်မဟုတ်လား၊ ကိုကို့မိန်းမကို အဲ့ဒီမိန်းမ ကြည့်သွားတဲ့အကြည့်က ဘယ်လောက် မခံချင်စရာကောင်းလဲဆိုတာ ကိုကိုမသိပဲနဲ့ ဘုံ့ကို အပြစ်တင်ဖို့ စဉ်းစားမနေနဲ့ သိလား"

"တော်စမ်းကွာ၊ ကဲ ကားကိုသာ အိမ်ရောက်အောင် အမြန်ဆုံးမောင်းပေတော့ မင်းနဲ့ငါ အိမ်ရောက်မှ စာရင်းရှင်းကြတာပေါ့"

"ဘာရယ် ကိုကို"

"မင်းပါးစပ် မပိတ်သေးဘူးလား၊ ငါ စိတ်ဆိုးလာပြီနော်"

"ဟင်"





ရွှေဘုံထက် မျက်နှာကွက်ခံနဲ ပျက်သွားရစွာ ကားကို အမြန်ဆုံးမောင်းထွက်လာခဲ့ရ၏။

ဟုတ်ပါရဲ့၊ ကိုယ့်ဇောနဲ့ ကိုယ်မို့ ဘုံပြောချင်ရာ ပြောနေသလောက် ကိုကိုဘာတစ်ခုမှ မတုန့်ပြန်သည့်အပြင် ကိုကို့မျက်နှာတစ်ခုလုံး ပြုံတော့မည်မိုးလို မဲမှောင်ညိုမှိုင်းနေပြီ မဟုတ်ပါလား။

ဘုံ ထိတ်ခနဲ လန့်သွား၏။ ကိုကို့မျက်နှာထားကြီး တည်တင်းမာထန်နေသည့်အဖြစ်မျိုး ဘုံတစ်ခါမှ မမြင်ဖူးပါ။

ခုမှ မြင်ဖူးပါသည်။

ဘာဖြစ်လို့ပါလိမ့်။

ကိုကို ဘာကိုများ မကြည်မလင်ဖြစ်နေပါလိမ့်။

စောစောက ကျောင်းဆရာမကြောင့်များလား၊ ဟွန်း ခင်းကြောင့် သာဆိုလျှင်တော့ ဘုံလုံးဝအလျှော့ပေးမည် မဟုတ်။

ပြောခဲ့သည့်အတိုင်း ကျောင်းအထိလိုက်သွားပြီး ချက်



www.burmeseclassic.com

www.burmeseclassic.com



ချင်းစာရင်းရှင်းပစ်လိုက်ချင်သည့် ဆန္ဒများကို အတင်းချိုးနှိမ်ထားရ၏။

ကိုကိုသာ ကြည်လင်နေလျှင် ဘုံအပြတ်ကို အမောက် ထောင်ပြလိုက်မည်ပဲ။

ခုတော့ ဘုံဘာမှကို နားမလည် ကိုကိုက ဘုံ့ကိုပစ် ပေါက်နေသေး၏။ အိမ်ရောက်မှ စာရင်းရှင်းကြတာပေါ့ ဆို ပါလား။

ဘာတွေလဲ။

ဘာဖြစ်နေလို့လဲ။

ဘုံနားမလည်နိုင်တော့။

အသက်ရှူသံပြင်းပြင်းနှင့် မျက်နှာကြောတင်းကာ ဘုံ ကိုလုံးဝမကြည့်သော ကိုကို့မျက်နှာကိုသာ မကြာခဏ မသိမသာ လေး ခိုး ခိုးကြည့်ရလေသည်။

ကိုကို့ကို ဘုံချစ်၏။ ထို့ကြောင့်လည်း ကိုကိုသဘောကျ တာ ဘာမှမလုပ်မိအောင် ဘုံနေပြပါသည်။





ခုတော့ ဘုံဘာမှ မလုပ်ပါပဲနဲ့ ကိုကိုဘာ ဖြစ်နေပါလိမ့်။ ဘုံ့ကို အတော်လေး မကျေမနပ်ဖြစ်နေပုံပါ။

ဆန်းတော့ အလွန်ဆန်းနေလေပြီ အိမ်ထောင်သက် ခြောက်လကျော်သည့်အတိုင် ကိုကို့ဆီက ဘုံ့အပေါ် ချစ်ခြင်း မှန်းခြင်းရော ဂရုစိုက်ခြင်း လျစ်လျူရှုခြင်းတွေပါ ဘုံမခံစားရပါ။

အမြဲတမ်း ဖာသိဖာသာပင် ဘုံဘယ်လောက်ပဲ ဂရု စိုက်နှင့် ကြင်နာယုယစွာ ပြုစုနေပါစေ၊ ကိုကိုအသိအမှတ် ပြုကြောင်းမပြ။

ဆေးရုံနှင့် လူနာတွေအပေါ်မှာ စိတ်ရောကိုယ်ပါ နှစ် မြုပ်ထားတတ်လေသည်။

ကိစ္စမရှိ။

ဘုံက ချစ်ရသူမို့ ကိုကိုပြောင်းလဲလာသည့် အချိန်ထိ စိတ်ရှည်လက်ရှည် စောင့်ရုံပဲ ရှိ၏။

ကားလေးက ဘုံတို့နေသော အိမ်ရှေ့မှာ ဆိုက်လိုက် သည်နှင့် ကိုကို ဆတ်ခနဲဆင်းကာ အိမ်ထဲ ဝင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုံထပ်ကြပ်မကွာ ဝင်လိုက်သွားပြီး မေးလိုက်သည်။

"ကိုကို ဘာဖြစ်နေလဲ ဟင်"

"ဘာဖြစ်ရမလဲ ဟုတ်လား မင်းဘာတွေလုပ်နေလဲ မင်း၊ လုပ်ရပ်တွေက လူတွေအတော်များများ မခံမရပ်နိုင် ဖြစ်နေကြ ပြီဆိုတာရော မင်းသိရဲ့လား"

ဘုံ အံ့သြသွားပြီးမှ . . .

"ဟင် ဘုံ ဘာလုပ်နေလို့လဲ ကိုကို၊ သူများကသာ ဘုံ့ကို ရန်စသလို ကြည့်သွားတာ ခံနေရတာလေ"

"ဒီမယ် မင်းလုပ်တာ မင်းကကယ်မသိဘူးပေါ့"

"အို ဘယ်သိမလဲ ဘုံမှ ဘာမှမလုပ်တာ"

"ဩော် သိပ်ကောင်း မင်းလိုမိန်းမဟာ ကြောက်စရာ ကောင်းသလို ရွံစရာလည်း ကောင်းနေပြီကွာ"

"ဟင် ဘာပြောတယ် ကိုကို"

"မင်းကို ခုနက ဆေးရုံရှေ့မှာ တွေ့သွားတဲ့ ဆရာ





တစ်ယောက် ဘယ်လိုကြည့်သွားတာတဲ့လဲ၊ မင်း ဘယ်လို အဓိပ္ပါယ်ဖွင့်လို့ရသလဲ ကဲ ပြောစမ်းပါအုံး"

"အို ဘယ်လိုကြည့်သွားလဲ ဆိုတော့၊ ဘုံ့ကိုပဲ သူက အထင်သေးသလို ရွံသလို အတူမတန်သလိုနဲ့ ကိုကိုရဲ့ ဟွန်း ပုံစံကိုက စက်ဘီးစုတ်ကလေးနဲ့ ကျောင်းလာတာ ဘုံမြင်နေ ရတာပဲ အသားလွတ်ကြီး ဘဝင်မြင့်နေပုံပဲ ဘုံ့ကိုများ သူက ကြည့်ရတယ်လို့ ဟွန်း ရှင်းမယ် သိလား"

"အေး သွားရှင်းလေ မင်းပဲ ထပ်ပြီး အရှက်ကွဲလာရုံပဲ"

"ဟင် . . . ဘာ"

"မင်း မဆင်မချင် ကားမောင်းသရမ်းလွန်းလို့ လမ်းသွား လမ်းလာတွေ ဗွက်ရေစင်ကုန်တာ မင်းသိလား"

"အိုး သိလဲ ဘယ်တတ်နိုင်မလဲ ကိုကိုရဲ့၊ ဘုံ တမင်လုပ် တာမှ မဟုတ်တာ၊ ရေအိုင်တွေလို့ ရှောင်နေရရင် ခရီးက ရောက်မှာမဟုတ်တော့ဘူး၊ ရှောင်ချင်ရှောင် သူတို့ရှောင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် တယ်လဲ သဘာဝကျတဲ့ အတွေးအခေါ်ပါလား၊ ကားပေါ်က မင်းက ကားကို သတိထားပြီး ရေအိုင်တွေ့လဲ ရှောင်စရာမလိုဘူးပေါ့"

"ဟုတ်တယ် မလိုဘူး"

"အေး အဲ့ဒါကြောင့် ဒီနေ့ ကလေးတစ်ယောက် ပွက် စင်ပြီး မျက်လုံးထဲ သဲဝင်သွားပြီး ငါ့ဆီရောက်လာတယ် နား လည်လား"

ဘုံခုမှ သဘောပေါက်သွားတော့၏။ လက်စသတ်တော့ ဒီလိုကိုး . . .

"အဲ့ဒါဘာဖြစ်လဲ ကိုကို၊ ကုပေးလိုက်ပေါ့၊ ဘာလဲ ဆေးဖိုးဝါးခ နစ်နာကြေးတွေလိုသေးတယ်တဲ့လား၊ အဲ့ဒီဆရာမ က မျောက်ပြဆန်တောင်းချင်လို့လား၊ သွားမေးလိုက်မယ်လေ။ ရှင်ဘယ်လောက်လိုချင်နေလဲလို့ ဟွန်း ဟွန်း သိတာပေါ့၊ အဲ့ဒီ အဆင့်အတန်းတွေက သူများချမ်းသာတာ မနာလိုမရှုစိမ့်ဖြစ်ပြီ"





"တော်စမ်း မင်းဘာတွေ လျှောက်ပြောနေတာလဲ"

"ဘုံ မှန်တာပြောနေတာလေ ကိုကို"

"ဘာမှန်တာလဲ သူပြောသွားတာ ငါ့မျက်နှာကို ခါးနဲ့ လှီးပြစ်ချင်လောက်အောင်ပဲ သိလား"

"ဟင် သူက ဘာတဲ့လဲ"

"မင်းကားမောင်းတာ ရိုင်းလွန်းလို့ လူတွေကသိက အောက်ဖြစ်ရတာဟာ မင်းရဲ့ မောက်မာတဲ့ အကျင့်စရိုက်ကို ဖော်ပြနေတာပဲတဲ့၊ ဒီလိုသာ ဆက်လုပ်နေရင် တစ်နေ့နေ့တော့ မင်းကားရော လူပါ ကျောင်းသားတွေခဲနဲ့ ဝိုင်းထုတဲ့ အဖြစ်မျိုး မရောက်လာဖူးလို့ မဆိုနိုင်ဘူးတဲ့၊ ကဲ ဘယ်လောက်ရှက်စရာ ကောင်းလဲ၊ တော်ပြီကွာ၊ ဒီနေ့ကစပြီး မင်းကားကို ငါမစီးတော့ ဘူး ငါ့ဖာသာငါ ခြေကျင်ပဲ သွားတော့မယ်"

"အို"

ဘုံ့တကယ် ထိတ်ခနဲ လန့်သွားရ၏။ လူတွေက ဘုံ့ကို ဒီလောက်ပင် ချဉ်နေကြပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ဘုံတကယ်မထင်မိပါ၊ မတော်တဆ ကိစ္စဟုသာ ပေါ့ပေါ့လေး တွေးမိတာ အမှန်ပါ။

ခုတော့ ဟိုဆရာမ လာချဲသွား၍ ကိုကိုကပါ ဘုံ့ကားကို မစီးတော့ဟု ဆိုနေပြီမို့ ဘုံစိုးရိမ်စွာ ပြောလိုက်ရ၏။

"ကိုကို ဘုံမှားပါတယ်နော် နောက်မဖြစ်အောင် ဘုံဆင်ချင်ပါ့မယ် ကိုကို၊ အဲ့ဒီဆရာမကျေနပ်အောင်ဘုံသွားတောင်းပန်ပါ့မယ်"

"မင်းသွားလဲ အလကားပဲ"

"မင်းလုပ်ရပ်တွေက သိပ်လွန်နေတော့ တောင်းပန်လဲ အလကားပဲကွ ငါသိတယ်၊ သူလုံးဝ ကျေနပ်မှာ မဟုတ်ဘူး၊ ငါ့ကိုတောင် ပြောသွားသေးတာ၊ ခုလို ကုသပေးတာ ကလေးရဲ့ မိဘတွေက ကျေးဇူးတင်ချင် တင်မယ်တဲ့ သူ့အနေနဲ့ လုံးဝ ကျေးဇူးမတင်ဘူးတဲ့ သိလား"

"ဟင်"

"ဒါဟာ မင်းကြောင့် ဖြစ်ရလို့ ငါ့တာဝန်ရှိတယ်တဲ့၊ မင်း





အသုံးမကျလို့ ငါဘယ်လိုပဲ စေတနာထားပြီး ကုကု ကျေးဇူးတင်မခံရဘူးပေါ့ကွာ"

"ကိုကို ဘုံ့ကို ခွင့်လွှတ်ပါ။ ဘုံမှားသွားပါတယ်၊ ဘုံခုပဲ သွားတောင်းပန်လိုက်ပါ့မယ်၊ ကိုကိုရယ်နော်"

"မင်းထပ်ပြီး အရှက်ကွဲချင်ရင် သွားပေါ့ကွာ"

"ဟင် ဘာဖြစ်လို့လဲ ကိုကို"

"သူ ဘယ်သူလဲ မင်းသိလား"

"ဟင် . . . ဘယ်သူလဲ သူက သာမန်ဆရာမတစ်ယောက်ပဲ မဟုတ်လား၊ ဆင်းရဲနွမ်းပါးပုံလဲရပါတယ်၊ ကိစ္စမရှိဘူး၊ ဘုံသူ့ကို လက်ဆောင်တစ်ခုခုနဲ့"

"တော်ပါတော့ကွာ၊ သူဘယ်သူလဲလို့ မင်းသိရင် အခု မင်းကိုယ်မင်း လူတွေအထင်ကြီးအောင် ဝတ်စား သုံးဖြုန်းနေတာတွေအတွက် နောင်တရပြီး အိမ်ထဲကနေ အိမ်ပြင်တောင် မင်းထွက်ချင်မှာ မဟုတ်တော့ဘူး နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . သူ . . . သူ ဘယ်သူလဲ ကိုကို"

ဘုံထိတ်ထိတ်ပျာပျာရှိသွားရရှာ မေးတော့၏။ သူမချို ပြုံးလေးပြုံး၍ ဖြေလိုက်လေသည်။

"သူက သီရိရဲ့ ဝမ်းကွဲညီမလေးပဲ ပဒုမ္မာတဲ့၊ မင်း ငါ့ကို ဘယ်လို ယူခဲ့တဲ့အကြောင်း သိနေတဲ့ လူတစ်ယောက် ဆိုပါ တော့ကွာ"

"အို"

ဘုံ့မျက်နှာတစ်ခုလုံး သွေးဆုတ်သလို ဖွေးခနဲ ဖြူသွား ပါတော့၏။



## အခန်း ( ၁၆ )

စိတ်အနှောင့်အယှက် ဖြစ်ရလွန်း၍ ပဒုမ္မာ စာသင်၍ ပင်မဖြောင့်။

ကျောင်းဆင်းချိန်အထိ အတော်လေး သည်းခံနေရ လေ၏။

ကျောင်းဆင်းတော့ ပဒုမ္မာအိမ်ပြန်လာခဲ့ချိန်မှာ မျက်နှာ မကောင်းသော ပဒုမ္မာကို အမေမေးပါတော့၏။

"ဟင် သမီးမျက်နှာလဲ မကောင်းပါလား၊ နေမကောင်း ဘူးလား"

စက်ဘီးကို နေရာတကျ ထားလိုက်ပြီးမှ အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com



ပင် မလဲနိုင်ပဲ ပဒုမ္မာ အမေ့ဘေးမှာ ဝင်ထိုင်ကာ ပြောလိုက်ရသည်။

"ကောင်းပါတယ်အမေရယ်၊ စိတ်ထဲမှာ မကျေမနပ်ဖြစ်လာခဲ့လို့"

"ဟင် ဘာဖြစ်လို့လဲ သမီး၊ ကျောင်းမှာ ဘာပြဿနာများဖြစ်လို့လဲ ဟင်"

"ကျောင်းမှာ ဘာမှမဖြစ်ပါဘူးအမေ၊ သမီးပြောပြောနေတာ အမေသိတယ်မဟုတ်လား ဟို ဆရာဝန်ကတော်ဆိုတဲ့ အမျိုးသမီးကားမောင်းရမ်းတာ"

အမေ ခေါင်းညိတ်ပြီး . . .

"အင်းလေ အဲ့ဒါဘာဖြစ်လဲ သမီး၊ တိုက်မိခိုက်မိလို့လား"

"ဟင့်အင်း ထုံးစံအတိုင်း ရေအိုင်ထဲ ကြမ်းကြမ်းလေးဖြတ်မောင်းတယ်လေ"

"အင်း"





"သမီးအတန်းက ကလေးမလေးတစ်ယောက် ဗွက်ရေတွေစင်တာမှ မျက်လုံးထဲ ဝင်တာ အမေရဲ့"

"ဟင် ဖြစ်ရလေ ဘာဖြစ်သွားလဲ"

"မိုးတွင်းဆိုတော့ ကလေးတွေက အဝတ်ပိုတစ်စုံဝတ်ခိုင်း မျက်နှာသစ်ပြီးစာတောင်မှ မျက်လုံးက ဖွင့်မရအောင် သဲလေး တွေဝင်ခုနေတာ ဆေးရုံသွားလိုက်ရတာပါ အမေရယ်"

"ဟုတ်လား တော်သေးတာပေါ့ ကျောင်းနဲ့ဆေးရုံကနီးလို့ ဆရာဝန်က ဆေးကုတော်တယ်ဆို ကောင်းသွားလား သမီး"

"သက်သာသွားပါတယ်"

"အင်း . . . တော်ပါသေးရဲ့၊ ဆရာဝန်လေးကို ကျေးဇူးတင်ရမယ်"

"ဟာ . . . အမေကလည်း ဘာလို့တင်ရမလဲ သမီးတော့ ကျေးဇူးမတင်တဲ့အပြင် ပြောတောင်ပြောပစ်ခဲ့သေးတယ်"

"ဟဲ့ . . . ဘယ်လို"

"သူ့မိန်းမကြောင့် ဖြစ်တာလေ သူမှာလုံးဝတာဝန်ရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ပေါ့။ ရှင့်မိန်းမ အဲ့သလိုသာ ဆက်ပြီး လူတွေကို အနှောင့်အယှက်ပေးနေမယ်ဆိုရင်တော့ ကျောင်းသားတွေ ဘယ်နေ့ခဲနဲ့ဝိုင်းထုမလဲ မပြောနိုင်ဘူးလို့"

"ဟဲ့ အမယ်လေး ဘုရား သမီးရယ်၊ ဘာလို့ အဲ့သလို ပြောရတာတုန်း ဒုက္ခပါပဲ၊ အားနာစရာကွယ်"

"အားမနာပါဘူး၊ သမီးပြောတာ အမှန်ပဲဟာ ကျောင်းသားတွေက လိမ္မာတဲ့ ကျောင်းသားတွေမို့ ဆရာသမားရဲ့ စကားကို လေးစားလိုက်နာတတ်တဲ့အကျင့် ကောင်းလေးတွေရှိနေတာ အမေရဲ့၊ ကလေးတွေခမျာ၊ အဲ့ဒီအမျိုးသမီးရဲ့ ဒဏ်ကို အတော်လေးခံစားနေကြရတာလေ၊ တချို့လဲဖို့ အဝတ်မပါတာတွေဆိုရင် တစ်နေ့လုံး အဝတ်စိုနဲ့ နေပေတော့ပဲ အားလုံးက ချဉ်နေတာ အမေရဲ့သိလား"

"အင်း ဖြစ်ရလေ ဒီမိန်းကလေးကလဲ ဘာကြောင့်များ အဲ့သလို ဖြစ်နေပါလိမ့်"

"ဘာဖြစ်ရမလဲ အမေရယ်၊ သူ့ကိုယ်သူ အထင်ကြီးတာ ဘဝင်မြင့်ပြီး လူတွေကို လူလို့ အဖက်တန်တယ် မထင်တာလေ၊





ဒီကလူတွေ သူ့လိုဘယ်သူမှ အပုံစား ဝတ်စားသုံးဖြုန်း မနိုင်ဘူးပေါ့၊ မာနတလူလူနဲ့ မျက်နှာကို မော့ခါနေတာ အဟွန်း ဟွန်း ဘယ်ရမလဲ ပဒုမ္မာနဲ့ တွေ့ပြီလေ၊ မှတ်လောက်သားလောက် အောင်ကို ခပ်စူးစူးလေး ကြည့်ပစ်ခဲ့တာ"

"ဟင် ဘယ်မှာတွေ့တာလဲ"

"ဆေးရုံရှေ့မှာပဲလေ သူကတော့ သူ့စတိုင်နဲ့သူ လူတွေအားလုံး သူ့ကို အရမ်းအားကျ အထင်ကြီးလွန်းတဲ့ မျက်ဝန်းတွေနဲ့ ကြည့်နေတာလို့ အထင်ရှိနေတာဆိုတော့ ပဒုမ္မာ့မျက်ဝန်းထဲမှာ သူ့လုံးဝမထင်ထားတဲ့ အဓိပ္ပါယ်တွေကို ကောင်းကောင်းကြီးတွေ့သွား သဘောပေါက်သွားတဲ့ပုံပဲ အဟင်း ဆွေ့ဆွေ့ခုန်ပြီး ဆေးရုံထဲ ဝင်သွားတာလေ၊ သူ့ယောက်ျားကို သွားတိုင်တာနေမှာပေါ့"

"သမီးရယ် ဘယ်လိုကြည့်လိုက်တာလဲကွယ်"

ပဒုမ္မာ့အကြောင်း သိနေသဖြင့် အမေသက်ပြင်း ဖွဖွလေးချကာ မေးတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ပဒုမ္မာ့မျက်ဝန်းထဲမှာလား သူတွေ့သွားစေမယ့် အဓိပ္ပါယ်က အရမ်းကို အထင်သေးတာ စက်ဆုတ်ရွံရှာစရာ ကောင်းတာ သူ့ကိုမုန်းနေတဲ့ မျက်ဝန်းတွေလေ အမေရဲ့"

"ဖြစ်ရလေ လူတစ်ယောက်ကို အဲသလောက်ကြီး တောင် သမီးမဖြစ်သင့်ဘူးလို့ အမေထင်တယ်ကွယ်၊ သမီးလဲ ဆရာမတစ်ယောက်ပဲလေ တပည့်လေးတွေကို လိမ္မာယဉ်ကျေး အောင် ဆုံးမသွန်သင်ပေးနေတဲ့ ဆရာမက ဒီလိုဖြစ်နေတာ အမေစိတ်မောလိုက်တာကွယ်"

"မမောပါနဲ့ အမေ၊ သမီးက ဖြစ်သင့်ဖြစ်ထိုက်တဲ့ လူတွေမို့လို့ ထိုက်တန်တဲ့ တုန့်ပြန်မှုကို ပေးလိုက်တာပေါ့"

"ထိုက်တန်တဲ့ တုန့်ပြန်မှု"

အမေ သဘောမပေါက်ဟန်ဖြင့် ခေါင်းခါနေ၏။

"အမေ"

"ဟင်"





"အဲ့ဒီလူတွေဟာ ဘယ်သူတွေလဲဆိုတာ အမေသိရင် သမီးလုပ်ရပ်ကို အမေသဘောပေါက်သွားမှာပါ"

"ဟင် . . . ဘယ် ဘယ်သူတွေများလဲ သမီး"

"အခုရှိနေတဲ့ ဆရာဝန်နာမည်ကို အမေသိလား"

"ဟင့်အင်း မသိပါဘူးကွယ်၊ အားလုံးက နာမည်မခေါ် ကြဘူးလေ၊ ဆရာဝန်လေးက ဆရာဝန်လေးက ဆိုပြီးပြောနေ ကြတာ သူ့အမျိုးသမီးကိုလည်း ဆရာကတော်လို့ ခေါ်နေကြ တာဆိုတော့ နာမည်ဘယ်သိမလဲ ဘယ်သူတွေလဲသမီး၊ အမေ တို့ အသိထဲကလား ဟင်"

"ဒါပေါ့ အမေရဲ့၊ သိတာမှ အရမ်းကို မကျေနပ်စရာ ကောင်းတဲ့အသိ"

"ဟင်"

"သူ့နာမည်က ကောင်းအုံးမှုးတဲ့ ဒေါက်တာ ကောင်းအုံးမှုး"

အမေ ရုတ်တရက် တွေတွေလေး ဖြစ်သွားရကာ



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . နေအုံး အဲ့ဒီနာမည် အမေကြားဖူးပါတယ်၊ ရင်းရင်းနှီးနှီးကို ကြားဖူးသလိုပဲ သမီးရယ်"

ပဒုမ္မာမဲ့တဲ့တဲ့လေး ပြုံးလိုက်ပြီးမှ ပြောလိုက်၏။

"ကြားဖူးမှာပေါ့ အမေရယ်၊ ပဒုမ္မာ့ပါးစပ်ဖျားမှာ ဒေါက်တာကောင်းအုံ့မှူးနဲ့ မမသီရိတို့ရဲ့ လိုက်ဖက်ညီတဲ့ အကြောင်းတွေကို တဖွဖွပြောမဆုံး ဖြစ်ခဲ့ဖူးတာပဲလေ"

"ဟင် . . . အို . . . အဲ့ဒါ ဩော် . . . သူလား သူပဲ လား ဘုရား ဘုရား တိုက်တိုက်ဆိုင်ဆိုင်ကွယ် ဒီမြို့လေးကိုမှ လာကျရတယ်လို့"

ခုမှ ကောင်းစွာ သဘောပေါက်သွားဟန်ဖြင့် အမေ ခေါင်းတဆတ်ဆတ်ညိတ်ကာ ရှိနေပါတော့၏။

"ဖြစ်မှဖြစ်ရလေ မသီရိနဲ့ ပတ်သက်နေတဲ့ သူငယ်ကို"

"အဟွန်း သူတို့အကြောင်းတွေ ဘယ်သူမှ မသိဘူး ထင်ပြီး ဒီမြို့လေးမှာ သူတော်ကောင်းဟန်ဆောင်တဲ့ လူက ဟန်ဆောင် မာနငယ်ထိပ်ကပ်ပြီး ဘဝင်တခွဲသားနဲ့ မောက်မ





ထောင်လွှားတဲ့လူက ထောင်လွှားနေသမျှ ခုတော့ ပဒုမ္မာနဲ့ တွေ့ ပြီလေ ဘယ်ရမလဲ ရှင်တို့တွေဟာ အရမ်းကို အောက်တန်းကျ တဲ့ စိတ်ဓာတ်တွေ ရှိတဲ့လူလို့ ပဒုမ္မာသတ်မှတ်လိုက်ပြီလေ"

"သမီး ဒီလိုမပြောရဘူး၊ လူတွေဟာ သူ့ကံတရားနဲ့သူ သူ့အကြောင်းနဲ့သူလာတာ ကိုယ်ကအထင်အမြင်လွဲပြီး မစော် ကားသင့်ဘူး မှားတတ်တယ်"

"မစော်ကားပါဘူး အမေရဲ့၊ ပတ်သက်မှုကို သိနေလို့ သမီးစိတ်မထိန်းနိုင်ပဲ ဖြစ်သွားရတာပါ စိတ်ချ ဒီအကြောင်းတွေ သမီးဘယ်သူ့ကိုမှ မပြောပါဘူး အမေ့ကိုပဲ ပြောတာပါ၊ နားလည် ပါတယ်၊ ဆရာဝန်ဆိုတာ သူ့ဂုဏ်နဲ့သူရှိတာပဲ အမေရဲ့"

"အေး . . . အေး တော်ပါသေးရဲ့"

"သတိထားပြီးသာ စနဲ့နာနေစမ်းပါ မေမေရာ အဲ့ဒီ ဆရာဝန်ကတော့ ရှေ့ဆက်ဘယ်လိုနေမလဲဆိုတာ"

"ဟင် ဘာကိုလဲ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပဒုမ္မာပြောလိုက်လို့ ဆရာဝန်က သူ့မိန်းမရဲ့လုပ်ရပ်တွေအတွက် သူတောင်းပန်ပါတယ်တဲ့လေ၊ နောင် မဖြစ်စေရပါဘူးတဲ့။ အဟင်း ဟင်း ကြည့်ရသေးတာပေါ့"

ပဒုမ္မာသဘောကျစွာ ပြောနေဟန်ကို ကြည့်ပြီး အမေခေါင်းမသိမသာ ရမ်းကာ ပြောတော့၏။

"သမီးရယ် အမေစိတ်ပူနေမိပြီ"

"ဘာကိုလဲ အမေ"

"သူတို့ချင်း ကတောက်ကဆ ဖြစ်နေကြပြီလား မသိပါဘူးကွယ်"

"အာ ဖြစ်ပါစေပေါ့ အမေရဲ့၊ သူတို့ဖန်တီးလို့ ဖြစ်ရတဲ့ပြဿနာပဲ စိတ်ထဲမထားစမ်းပါနဲ့၊ အမေရာ အထင်ကြီးစရာကိုမရှိတဲ့ လူတွေပါနော်"

"ဒါပေမယ့် သမီးပြောတော့ မသီရိက အဲ့ဒီသူငယ်လေးအပေါ် လုံးဝအပြစ်မယူဘူးဆို သူ့တော်ကောင်းလေး ဖြစ်မှာပါကွယ်"





"အဟွန်း အမေကလည်းနော် မမသီရိရဲ့ အမြဲတမ်းဖြူစင်ရိုးသားပြီး ပေးတတ်တဲ့ မိန်းကလေးပဲ၊ သူ့အပေါ် သစ္စာဖောက်ပြီး တခြားတစ်ယောက်နဲ့ ဖြုန်းခနဲ လက်ထပ်သွားတာတောင်မှ အပြစ်လဲ မမြင်ရက် စိတ်လဲမနာရက် ဟွန်း ပဒုမ္မာနဲ့သာ နေရာချင်းလဲ ပစ်လိုက်ချင်ပါရဲ့ အဟုတ်ပဲ"

"ဩော် သမီးရယ် ဖြစ်ပြီးသွားတဲ့ ကိစ္စကို ဘာလုပ်လို့ရတော့မှာလဲ၊ ဖြေသာသလိုတွေးပြီး ဖြေလိုက်တာ အကောင်းဆုံးပဲမဟုတ်လား၊ အမုန်းတွေ အညှိုးအတေး အာဃာတတွေဆိုတာပူလောင်စေတဲ့ အရာပါကွယ်"

"အမေကသာ တရားသဘောနဲ့ဖြေနေ မမသီရိကြည့်ရတာ သိပ်သနားစရာကောင်းတာပဲ သိလား၊ သူတို့ချင်းကအရမ်းချစ်ကြတာတဲ့လေ ကံကြမ္မာကြောင့် ခုလိုဖြစ်သွားရတာဆိုတော့ အပြစ်မမြင်ရက်ဘူးတဲ့ ဘယ်လိုများ ဖြေတွေးလေတွေးနေသလဲဆိုရင် အဲ့ဒီအမျိုးသမီးက ကောင်းအံ့မှုကို သိပ်



www.burmeseclassic.com

www.burmeseclassic.com



ချစ်သလို မိဘတွေကလည်း လိုလေသေးမရှိ ဂရုစိုက်လို့ တော်သေးတာပေါ့တဲ့လေ ကဲ"

"အင်းပေါ့ ဖြစ်ပြီးမှတော့ ကောင်းတဲ့ဘက်ကပဲ ကြည့်ပြီး ဖြေတာအကောင်းဆုံးပေါ့ သမီးရယ်၊ ကဲ ကဲ သွား အဝတ်အစားလဲ ရေချိုးတော့"

"ဟုတ်ကဲ့ မေမေ"

အမေ့ကို ရင်ဖွင့်လိုက်ရသဖြင့် ပဒုမ္မာ့ရင်ထဲ တင်းကျပ်နေတာတွေလည်း ပြေသလောက်ရှိသွားလေပြီ၊

နောက်နေ့တွေမှာတော့ ပဒုမ္မာမျှော်လင့်ထားသည့် သတင်းတွေ ကြားရပါတော့၏။

စပ်စုတတ်သော ကျောင်းမှ ဆရာမဒေါ်မြမြအေးထံမှ ဖြစ်ပါသည်။

"ကြားကြပြီလားဟေ့ ဆရာဝန်က ဆေးရုံကို ကားမလာတော့ဘူး စက်ဘီးလေးနဲ့ပဲ လာတယ်တဲ့"





"ပြီးတော့ သူ့အမျိုးသမီးကလဲ ဈေးတွေဘာတွေသွားရင် အရင်ကလောက် ကားမောင်းတာ မရမ်းတော့ဘူးတဲ့၊ ရေအိုင်တွေဘာတွေတွေ့ရင် အရှိန်လျှော့မောင်းတယ်တဲ့"

"ဘာဖြစ်လို့လဲ မသိဘူးနော်၊ ကျေးဇူးတင်စရာ တစ်ယောက်ယောက်တော့ ရှိနေပြီ"

တစ်ယောက်တစ်ပေါက် ပြောဆိုနေသံတွေကို ပဒုမ္မာ မကြားသလို နေလိုက်၏။

စိတ်ထဲမှ ကျေနပ်စွာ ပြုံးနေမိတော့သည်။

ပြီး



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

"ဆရာမ ဆရာမကို တွေ့ချင်လို့တဲ့ ကျောင်းအုပ်ကြီးရုံးခန်းနားမှာ ညှော်သည်တစ်ယောက်စောင့်နေတယ်"

off အချိန်မို့ ဆရာ ဆရာမများ နားနေခန်းမှာ ပဒုမ္မာရှိနေပါသည်။

ကလေးများ၏ လေ့ကျင့်ခန်းစာအုပ်များကို စစ်ဆေးနေခြင်းဖြစ်လေသည်။

ကျန် ဆရာမများက ပြုံးစိစိလေးလုပ်၍ ပဒုမ္မာ့ကို စကြပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဧည့်သည်တွေဘာတွေဆိုတော့ ငါတို့ညီမလေး ပဒုမ္မာတစ်ယောက် စွန်တော့မယ်ထင်ပါရဲ့"

"ကိုနိုင်ဦးများလား မသိ"

ကိုနိုင်ဦးဆိုသူက ပဒုမ္မာ့ချစ်သူ စိုက်ပျိုးရေးအရာရှိလေး တစ်ယောက်ဖြစ်၏။

တခြားမြို့မှာ တာဝန်ကျနေပြီး ပဒုမ္မာတို့ စာချင်းသာ အဆက်အသွယ်ရှိကြပါသည်။

တစ်ခါတစ်ရံမှသာ ပဒုမ္မာ့ဆီ ရောက်တတ်ပြီး ရောက်ခဲ့လျှင်လည်း ကျောင်းအုပ်ကြီးရုံးခန်းအနားရှိ ဧည့်ခန်းထဲမှာပဲ တွေ့ကြပါသည်။

ကိုဦးလာတတ်သည်ကလည်း ကျောင်းချိန်တွင်းမို့ ကျောင်းမှာသာ တွေ့ဆုံဆွေးနွေးရသည်သာ များ၏။

ပဒုမ္မာကလည်း အခြားနေရာများမှာသာ ရဲတင်း ပွင့်လင်းသလောက် ခုလိုကိစ္စမျိုးကျတော့ ရှက်တတ်၏။

ကျောင်းမှာဆိုတော့ လူမြင်သူမြင် ဣန္ဒြေလေးရသည် မဟုတ်ပါလား။





ကိုဦးကို အဖေနဲ့အမေတို့ပင် မမြင်ဖူးကြပါ။

ပဒုမ္မာကလည်း တစ်ခါမှ အိမ်အလည်မခေါ်ပါ။

ပတ်ဝန်းကျင်က မေးငေါ့ အထင်သေးမှာစိုးလှ၏။

ခုလည်မည့် သီတင်းကျွတ် ကျောင်းပိတ်ရက်မှာ ပဒုမ္မာတို့ လက်ထပ်ကြရန် တိုင်ပင်ထားပြီးပါပြီ။

ထို့ကြောင့်လည်း ကိုဦးတစ်ယောက်ပြောဆိုစရာ ရှိတာတွေပြောရန် လာခဲ့ခြင်းပေလား။

ပဒုမ္မာရင်ခုန် ကြည်နူးစွာဖြင့် ဧည့်ခန်းရှိရာ ထွက်လာခဲ့၏။

ကျောင်း၏ ဖွဲ့စည်းပုံတွေက ဆရာ ဆရာမများ နားနေခန်းက ဟိုဘက်အစွန် ကျောင်းအုပ်ကြီးရုံးခန်းက ဒီဘက်အစွန် ဧည့်ခန်းက ရုံးခန်းနှင့်ကပ်ရက်ဖြစ်၏။

ကျောင်းအုပ်ကြီးက စည်းကမ်းကြီးသလောက် အလွန်သဘောကောင်းပါသည်။

ဆရာ ဆရာမများအပေါ် မိသားစုစိတ်ဓာတ် အပြည့်အဝဖြင့် ဖေးမကူညီတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းနှင့် ပတ်သက်လျှင်လည်း သေချာတိကျ၏။ ထို့ကြောင့်လည်း ဆရာကြီးကို အားလုံးက ချစ်ကြောက်ရိုသေကြလေသည်။

ကော်ရစ်ဒါမှာ ဆရာကြီးရပ်နေကာ ပဒုမ္မာ့ကို ပြောလိုက်၏။

"ဆရာမရေ ဟောဒီမှာ ဆရာဝန်ကြီးက ဆရာမနဲ့ တွေ့ချင်လို့တဲ့၊ ဆရာမတို့က မိတ်ဆွေတွေဆို"

"ဟင် ရှင်"

ပဒုမ္မာ တန့်ခနဲဖြစ်သွားရကာ အံ့သြသွားရ၏။

ညှို့ခန်းထဲ လှမ်းကြည့်တော့ ဒေါက်တာကောင်းအံ့မှူးက ပဒုမ္မာ့ကို မြင်သည်နှင့် ထရပ်လိုက်ကာ ပြောလိုက်၏။

"ပဒုမ္မာ အစ်ကိုကြီး စကားနည်းနည်းပြောချင်လို့ပါကွာ"

"ကဲ ကဲ အေးအေးဆေးဆေး ပြောကြလေ ဆရာမ"

ဆရာကြီးကို အားနာ၍ ပဒုမ္မာမငြင်းသာ . . .

ပြီးတော့လည်း သူ့သိက္ခာ ကိုယ့်သိက္ခာဆိုတာ ရှိသေးသဖြင့် ပဒုမ္မာညှို့ခန်းထဲ ဝင်လာခဲ့၏။





ဆရာကြီးက သူ့ရုံးခန်းထဲ ဝင်သွားလေသည်။

ညှို့ခန်းထဲ ဝင်ထိုင်လိုက်ပြီးမှ ပဒုမ္မာခပ်တည်တည်ပင်ကြည့်ကာ ပြောလိုက်၏။

"ကျွန်မတို့ ပြောစရာ ဘာကိစ္စမှ မရှိဘူးလို့ ထင်ပါတယ်"

"ပဒုမ္မာ အစ်ကိုကြီး တောင်းပန်ပါတယ်ကွာ"

"ရှင် . . . ဘာကိုလဲ"

"ဟိုတစ်နေ့က ဆေးရုံမှာ ပဒုမ္မာ လာသွားတဲ့ ကိစ္စအတွက်"

"ဟင့်အင်း ကိစ္စမရှိပါဘူး အဲ့ဒီကိစ္စက ပြီးသွားပြီပဲ၊ ကလေးကလဲ ဘာမှမဖြစ်တော့ဘူးဆိုတော့ အဲ့ဒီနေ့က ကျွန်မစိတ်တိုတိုနဲ့ ပြောတာ ဆိုတာ ရိုင်းသွားပါတယ် တောင်းပန်ချင်းတောင်းပန်ရင် ကျွန်မကသာ တောင်းပန်ရမှာပါ၊ ဒါပေမယ့် အကြောင်းတွေက ရှိနေတော့ ကျွန်မစိတ်မထိန်းနိုင်ပဲ ဖြစ်သွားတယ်"

"နားလည်ပါတယ် ပဒုမ္မာ အစ်ကိုကြီးအပေါ် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်မုန်းနေသလဲ ဘယ်လောက်အထင်သေးနေသလဲ ဆိုတာလည်း သိပါတယ်"

"ဒေါက်တာ ကျွန်မအဲ့ဒီကိစ္စမပြောချင်ဘူး၊ ကြားလဲ မကြားချင်ဘူး"

"ပဒုမ္မာ ညီမလေးကို အစ်ကိုကြီး အနူးအညွတ်တောင်းပန်ပါရစေ၊ အစ်ကိုကြီးမှာ ရင်ဖွင့်စရာ ဘယ်သူမှ မရှိလို့ပါကွာ"

ပဒုမ္မာ မချိုပြုံးလေး ပြုံးကာ . . .

"ဩော် အဟင်း ဒေါက်တာဆိုလိုတာက ကျွန်မကို ပြောတဲ့စကားတွေ မမသီရိဆီ ရောက်ကိုရောက်မယ်ဆိုတဲ့ သဘောလား၊ မှားသွားမယ်၊ ဒေါက်တာ သိအောင် ကျွန်မရှင်းရှင်းပဲ ပြောထားမယ်၊ သစ္စာမဲ့လွန်းတဲ့ လူတစ်ယောက်ရဲ့ ခံစားချက်ကို နားထောင်ပေးဖို့ ကျွန်မမှာ အချိန်မရှိပါဘူး၊ ကျွန်မစာသင်ရအုံးမယ် ကျေးဇူးပြုပြီး သွားပါတော့၊ ကျွန်မတို့ချင်း ဘာမှသိကျွမ်းပတ်သက်ခဲ့ဖူးတာမျိုး လုံးဝမရှိဘူးလို့ပဲ သဘောထားပါ"

စကားအဆုံး ပဒုမ္မာဆတ်ခနဲ ထကာ ထွက်လာခဲ့၏။





အချိန်ပြောင်းခေါင်းလောင်းထိုးလေပြီ ကောင်းအံ့မှာ ...ာ မိမိလာရင်း ရည်ရွယ်ချက်အထမမြောက်သဖြင့် ခေါင်းငိုက် ...ိုက်ချကာ ထွက်လာခဲ့တော့၏။

သိမ်ငယ်စိတ်ဖြင့် ရင်တစ်ခုလုံး လေးလံတင်းကြပ်နေ ...လေသည်။

သီရိအပေါ် တစ်နေ့မှ မေ့မရနိုင်အောင် ရှိနေသော် ...လည်း မိမိမှာ ကာမပိုင် ဇနီးရှိနေပြီမို့ အတတ်နိုင်ဆုံး ဖွတ်မှိတ် ...ဖြေသိမ့်ကာ နေရာသစ်မှာ ဇာတ်မြုပ်နေသွားရန် စဉ်းစားကာမှ ...ိုက်ဆိုင်လွန်းစွာ သီရိညီမ ပဒုမ္မာရှိသော မြို့မှာ တာဝန်လာ ...ကျရ၏။

ရွှေဘုံနှင့် မမျှော်လင့်ပဲ အိမ်မက်ဆိုးတစ်ခုပမာ လက် ...ထပ်ခဲ့ရသော အခြေအနေအတွက် မိမိကိုယ်ကို မိမိခွင့်မလွှတ် ...နိုင်လောက်အောင် အမြဲတမ်း တမြေ့မြေ့ ခံစားနေရဆဲပါ။

ပဒုမ္မာစိတ်ဆိုးနေသည်မှာ အပြစ်မဆိုသာ သီရိလည်း ...ကျည်းရှာပါမည်။

မိမိတို့ မင်္ဂလာပွဲသို့ အပြုံးမပျက် တက်ရောက်ချီးမြှင့်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော သီရိ၏ မျက်နှာကို တသက်လုံးကြေကွဲရင်နာစွာဖြင့် မိမိတမ်းတ တောင်းပန်နေမည်သာ။

ခွင့်လွှတ်ပါ သီရိရာ ဟူသော စကားကို မဆိုရဲလောက်အောင်ပင် မိမိအဖြစ်က ဆိုးဝါးခဲ့တာမို့ သိမ်ငယ်စိတ်ဖြင့် ဘယ်သူနဲ့မှ မတွေ့ချင်လောက်အောင်ပင် ရှိခဲ့ရ၏။

မိဘနှစ်ပါး သီရိ အပေါင်းအသင်းများနှင့် ဝေးရာမှာ နေသွားရင်း ဝါသနာပါသော အလုပ်ဖြင့် လူအများကို အကျိုးပြုသွားရန် ဆုံးဖြတ်ထားပါပြီ။

အဆိုးထဲမှ အကောင်းဟု ပြောလျှင်ရနိုင်သည်ဟု ဇနီးဖြစ်သူ ရွှေဘုံထက်၏ မိမိအပေါ် လိုလေသေးမရှိ ဝတ္တရားကျေလွှန်းခြင်းပင်တည်း။

မိုးလင်းကတည်းက အိပ်ယာဝင်ချိန်အထိ မိမိအတွက် အစားအသောက် အဝတ်အစား သွားရေးလာရေး ကိစ္စမှန်သမျှ ဘာတစ်ခုမှ မချို့တဲ့စေရ အားလုံးပြီး ပြည့်စုံစေလေ၏။

လိုအပ်တာထက် ပိုမိုလွန်ကဲသော ဂရုစိုက်မှုတွေကြောင့် မကြာခဏ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရ၏။





မိမိအပေါ် ရွှေဘုံထက် တကယ်ချစ်မှန်း နားလည်နေသော်လည်း မိမိဘက်က ဇနီးမယား တစ်ယောက်အပေါ် ထားသင့်ထားအပ်သော ဝတ္တရားမှလွဲ၍ လုံးဝမပိုခဲ့ပါ။

ငွေကြေးတတ်နိုင်သူပီပီ မိမိအတွက် ဖွယ်ဖွယ်ရာရာလေး စီမံချက်ပြုပ်ထားသော်လည်း ဘယ်တော့မှ ဟက်ဟက်ပက်ပက် မစား။

အဝတ်အစားအသုံးအဆောင်ဆိုလည်း ရွှေဘုံထက်ယ်လာသမျှ ဘီရိုထဲ ထည့်ထားရုံသာ ဘယ်တော့မှ မဝတ်။

ကားတောင်မှ မကောင်းတတ်လွန်း၍ စီးနေရခြင်းပါ။ တော့ အဆင်ပြေနေပြီ ဆေးရုံမှ စက်ဘီးလေးဖြင့်သာ အလုပ်တက်နေ၏။ ဒါကိုပင် ရွှေဘုံထက်က မကြည်ဟန်ဖြင့်

"ကိုကိုရယ် လင်နဲ့မယားဆိုတာ သူ့ပစ္စည်း ငါ့ပစ္စည်း ခြားနေဖို့ မကောင်းပါဘူး"

"ဒီမယ် မင်းနားလည်ထားဖို့က ငါဟာ လခစားရာဝန်တစ်ယောက် ငါ့လစာနဲ့တန်တဲ့ အနေအထားလောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ငါနေချင်တယ်၊ စားချင်တယ်၊ ဝတ်ချင်တယ်၊ မင်းဖန်တီးပေးတဲ့ အဆောင်အယောင်တွေအတွက် ငါလိပ်ပြာမသန့်ဘူး၊ မိန်းမထ ဘီနားခိုစားတဲ့ကောင်လို့ အထင်မခံနိုင်ဘူး"

"ဘယ်သူမှ အဲသလို မထင်ပါဘူး ကိုကိုရယ်"

"အေး ဘယ်သူထင်ထင် မထင်ထင် ငါ့အနေနဲ့ ထင်နေ တာကို ပြောတာ မင်းမိဘ ချမ်းသာလို့ ဘယ်လိုပဲ စည်းစိမ်တွေ နဲ့နေနေ ငါနဲ့ မဆိုင်ဘူး"

"ကိုကိုရယ် ဒါဆိုရင် ဘုံက ဒယ်ဒီတို့ပေးထားတာတွေ အကုန်ပြန်ပေးလိုက်ရမှာလားဟင်",

"ဒါတော့ မင်းသဘောပဲလေ၊ ငါဘာမှ မပြောချင်ဘူး၊ မင်းတစ်သက်လုံး နေလာခဲ့တဲ့ အချိုးတွေ ငါ့ကြောင့်ပြောင်းရ ရင်လဲ အနေဆင်းရဲ အစားဆင်းရဲမှာပဲ မင်းနေနိုင်ရင် လုပ်ပေါ့ ငါတော့ နေပါလို့ ဘယ်တော့မှမပြောဘူး"

"နေပါ့မယ် ကိုကို၊ ဘုံနားလည်ပါပြီ ကိုကို့ကို လက်ထပ် တာဟာ ဘုံ ကိုကို့ကို ချစ်လို့ အတူနေချင်လို့ ပါရမီဖြည့်ချင်လို့ ပဲ ကိုကို ကျေနပ်တဲ့ အနေအထားမျိုးနဲ့ ဘုံနေပါ့မယ်"





"ဘာ ငါ့ ကျေနပ်တဲ့ အနေအထား ဟုတ်လား အဟား"

သူ ခြောက်ကပ်စွာ ရယ်လိုက်တော့ ရွှေဘုံထက် မျက် နှာကွက်ခနဲ ပျက်သွားရကာ . . .

"ကိုကို ဘုံတောင်းပန်ပါတယ်နော်၊ ဘုံတို့ ပျော်ရွှင် ကြည်နူးစရာကောင်းတဲ့ အိမ်ထောင်ရေးတစ်ခုအဖြစ်နဲ့ နေသွား ကြရအောင်လား ကိုကိုရယ်၊ ဘုံလေ ကိုကိုပြောသလို ကိုကို့ လစာလေးနဲ့ပဲ လောက်ငအောင် သုံးပါ့မယ် မိဘအထောက် အပံ့တွေကိုလဲ မယူတော့ပါဘူး၊ အနေအစား ဆင်းရဲချင် ဆင်းရဲ ပါစေ ကိုကို၊ ပျော်ရွှင်စရာ ကောင်းတဲ့ အိမ်ထောင်ရေး"

"တော်စမ်းပါကွာ"

"ဟင်"

ရွှေဘုံစကားမဆုံးခင် သူဟောက်ပစ်လိုက်ကာ ခနဲ့ရယ် လေး ရယ်လိုက်ပြီးမှ . . .

"အဟက် မင်းပါးစပ်က ထွက်လာတဲ့စကားတွေဟာ နားချမ်းသာစရာ မရှိပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဘာတဲ့ သာယာတဲ့ အိမ်ထောင်ရေး ပျော်ရွှင်ကြည်နူး စရာ ကောင်းတဲ့ အိမ်ထောင်ရေး ဟုတ်လား"

"ဟုတ်ပါတယ် ကိုကို"

"ဘယ်တော့မှ မဖြစ်နိုင်တာကွာ"

"ရှင်"

"မင်း မသိချင်ယောင်ဆောင်နေတာလား"

"ဟင် ဘာကိုလဲ ကိုကို"

"မင်းငါ့ကို ဘယ်လိုအနေအထားနဲ့ ယူခဲ့တယ်ဆိုတာ လေ အပေါ် ဟား"

"ကိုကိုရယ် ဘုံဝန်ခံပြီးပြီပဲ ကိုကို့ကို ဘုံချစ်လို့ပါ"

"တော် . . . တော် ငါ့ရင်ထဲမှာ အချစ်ဆုံး တစ်ယောက် ပဲရှိတယ်၊ သီရိတစ်ယောက်ပဲ မင်းကြောင့် ငါ့အသည်းတွေ အစိပ် စိပ်အမွှာမွှာ ကြွေမွပျက်စီးသွားပြီလေ၊ အချစ်ဆိုတာ မရှိတော့ ဘူး၊ မင်းကိုငါ မချစ်ဘူး ဒါပေမယ့် လက်ထပ်ထားတဲ့





မိန်း တစ်ယောက်အနေနဲ့ လင်သားဝတ္တရားလောက်ပဲ မင်း အပေါ် ထား နိုင်မယ်၊ ပျော်ရွှင်စရာကောင်းတဲ့ အိမ်ထောင်ရေး ဆိုတာ ဒီဘဝမှာ မရနိုင်တော့တဲ့ အရာတစ်ခုပါကွာ"

"အို"

ရွှေဘုံထက် ငိုပါတော့၏။

ငိုပါစေ သူဂရုမစိုက်ပါ။

စိတ်ညစ်လာလျှင် လုပ်နေကျအတိုင်း သူအရက် သောက်၏။

အရက်ဆိုတာက သူ့ဘဝအတွက် ဖြေဖျော်မှု တစ်စိတ် တစ်ဒေသဖြစ်နေလေပြီ။

တစ်ခုရှိတာက အလုပ်ချိန်မှာ သူအရက်မသောက်ပါ ကျောင်းမှ ဆေးရုံရှိရာ သူလေးကန်စွာ လမ်းလျှောက်လာ ခဲ့ လေသည်။

ပဒုမ္မာနှင့်တွေ့သော်လည်း သူရင်ဖွင့်ခွင့်မရခဲ့။

အစ်မအတွက် ပဒုမ္မာ သူ့အပေါ် နာကျည်းခံပြင်းနေမှု ကို သိရပြန်တော့ ပို၍ ကြေကွဲရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရောက်တော့ သူနာပြုဆရာမက လှမ်းပြော၏။

"ဆရာ့အိမ်က ဆရာ့အမျိုးသမီးဖုန်းဆက်တယ် ဆရာ နေမကောင်းလို့တဲ့"

"ဟုတ်လား"

ဆေးရုံမှာ လိုအပ်တာတွေကို ဆရာမအားမှာကြားပြီး သူပြန်လာခဲ့၏။

မနက်သူအိမ်က ထွက်လာတုန်းက အကောင်းပင် သူ့အတွက် ကော်ဖီနှင့် ထမင်းကြော် ကြော်ပေးနေသေးသည် မဟုတ်ပါလား။



## အခန်း ( ၁၈ )

"ဟော ဆရာပြန်လာပြီ"

အိမ်ရှေ့မှာ သူ့စက်ဘီးလေး ရပ်လိုက်တော့ အိမ်နီးချင်း ဒေါ်လှမေက ပြောလိုက်၏။

ဧည့်ခန်းထဲမှာ ရွှေဘုံထက်ရော အခြားအိမ်နီးချင်း လေးငါးယောက်ပါ ထိုင်နေကြသဖြင့်။

"ဟင် နေမကောင်းဘူးဆို"

ရွှေဘုံထက်ကို ကြည့်ပြီး သူပြောလိုက်တော့ ရွှေဘုံက

"ဟုတ်တယ် ကိုကို၊ မိုက်ခနဲဖြစ်ပြီး ခွေလဲသွားလို့ ဟောဒီက ဒေါ်ကြီးတွေ ရှိနေလို့သာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဆရာရဲ့ ဒေါ်လှမေလဲ ဒီအိမ်ရှေ့ကအဖြတ် လှမ်းကြည့်လိုက်ချိန်မှာ ဆရာကတော်က အဝတ်တွေ လှမ်းနေရာက ခွေခနဲ လဲသွားတော့ ပြေးလာပြီး အိမ်နီးချင်းတွေ အော်ခေါ်ရတာပေါ့၊ ရှူဆေးရှူခိုင်း ယပ်ခပ်ပေး နှိပ်ပေးနဲ့ ပျာယာခပ်သွားတာပဲ ဆရာရေ၊ ကဲ . . . စမ်းသပ်ကြည့်ပါအုံးနော်၊ ဒေါ်လှမေတို့ထင်တဲ့အတိုင်းပဲ ဖြစ်နေပြီထင့်ပါရဲ့ အဟင်း"

"ဗျာ . . . ဘာများလဲ ဒေါ်လှမေ"

"အို . . . စမ်းမှာသာစမ်းပါအုံး ဆရာရယ်"

ဒေါ်လှမေက ခင်မင်ဖေါ်ရွေကူညီတတ်သူဖြစ်၏။

ရွှေဘုံထက် လိုအပ်တာများကို ကိုယ်တိုင်ရှာဖွေ ဝယ်ချမ်းပေးတတ်လေသည်။

"ကဲ . . . လာ"

ရွှေဘုံထက်ကို အိပ်ယာပေါ် အသာလှဲစေပြီး နားကြပ်လေးနှင့် သူစမ်းလိုက်၏။

သေချာအောင် စမ်းသပ်စစ်ဆေးမှုအပြီးမှာ သူထိတ်ခနဲဖြစ်သွားရ၏။





"မင်းမှာ ကိုယ်ဝန်ရှိနေပြီပဲ"

"ဟင်"

ရွှေဘုံထက် မျက်နှာတစ်ခုလုံး ဝမ်းသာလွန်း၍ ပြုံးသွားရတော့သည်။

သူကတော့ အေးတိအေးစက်ပင်။

"မင်းမသိဘူးလား"

"ဟင့်အင်း . . . ကိုကို ဘုံသတိတောင်မထားမိဘူးလေ၊ အဟင်း ကြည့်စမ်း ဟုတ်ပါရဲ့"

ပြောရင်း ရွှေဘုံထက်က လက်ချောင်းလေးတွေ ချိုးရေလိုက်ပြန်၏။

တစ်ချောင်း နှစ်ချောင်း သုံးချောင်း။

"ကိုကို သုံးလရှိပြီ သိလား"

"အင်း ဂရုစိုက်ပေါ့ ခုရော နေကောင်းရဲ့လား"

"ကောင်းသွားပြီ ဘုံပျော်လိုက်တာ ကိုကိုရောဟင်"

ရွှေဘုံထက် အမေးကို သူမကြားသလိုပင် နေကာ နားကြပ်ကို သိမ်းလိုက်ပြီးမှ ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဆေးရုံကို ပြန်သွားအုံးမယ်၊ အရေးကြီးတဲ့ လူနာ ရှိတယ်"

"ဟင်"

ရွှေဘုံထက် မျက်နှာမသိမသာ ပျက်သွားရတော့၏။

ကိုကိုဟာ သူ့ရင်သွေးလေး ရှိနေပြီဆိုတာတောင်မှ ဝမ်းသာအားရ မဖြစ်ပါလား။

ဘုံမထင်ထားပါ။

ကိုကိုလည်း ဘုံ့လိုပင် ပျော်သွားမည်ထင်နေလေသည်။

ခုတော့ ဘုံ့အထင် တက်တက်စင်အောင်လွဲလေပြီ။

အပြင်မှာ လည်တဆန့်ဆန့်ရှိနေကြသော ဒေါ်လှမေတို့က ကောင်းအုံ့ထွက်လာသည်နှင့် မျှော်လင့်တကြီး မေးကြပါတော့သည်။

"ဆရာ ဘယ်လိုလဲဟင်၊ ဒေါ်လှမေတို့ ထင်တဲ့အတိုင်းပါ မဟုတ်လား ဆရာကတော်မှာ ကိုယ်ဝန်ရှိနေတာ ဟုတ်လား"

သူပြုံးလိုက်၏။ ပြီးမှ . . .

"ဟုတ်ကဲ့ . . . အားလုံးကို ကျေးဇူးတင်ပါတယ်ဗျာ





ဒေါ်လှမေတို့ ထင်တဲ့အတိုင်းပါပဲ၊ ကိုယ်ဝန်ပဲခင်ဗျ"

"ဟယ် ကဲ မမြင့် ငါမပြောလား ဒါပဲလို့"

"အေးဟယ် ဝမ်းသာစရာပဲ မင်္ဂလာသတင်းပဲပေါ့"

သူစက်ဘီးလေး စီးကာ ထွက်လာခဲ့၏။ ဒေါ်မြင့်ဆိုသော အမျိုးသမီးကြီးက . . .

"ဟဲ့ ငါ့စိတ်ပဲ ထင်လို့လား ဆရာက မျက်နှာတစ်မျိုး ဖြစ်နေသလိုပဲ"

"အေး ငါလဲ အကဲခပ်မိတယ် ဆရာ့ပုံစံက ဟက်ဟက်ပက်ပက်မဟုတ်သလိုပဲနော်"

"ရှူး တိုးတိုး ဆရာကတော်လေး ထွက်လာနေပြီ"

ဘုံမျက်နှာလေး ပြုံးနေလေသည်။

"ဒေါ်ကြီးတို့ကို ကျေးဇူးတင်လိုက်တာ မဟုတ်ရင် ဘုံ တစ်ယောက်ထဲ တိတ်တိတ်ကလေးလဲနေမှာ"

"မဟုတ်တာ ဆရာကတော်ကလဲ ဒေါ်ကြီးတို့က အမြဲ တစေ့တစောင်း ကြည့်နေတာပါ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဆရာကတော်က လှတယ်မဟုတ်လား၊ အပြင်မျှားထွက်ရင် ဒေးပြီး ကြည့်နေရတာလေ"

"ဩော် . . . ဟုတ်ကဲ့"

ဘုံ ကျေနပ်စွာ ပြုံးလိုက်၏။ ဘုံလိုချင်တာ ဒါပဲလေ။

"ဆရာကတော်"

"ရှင်"

"ဝမ်းသာမှာပေါ့နော်၊ သားဦးလေးဆိုတော့ မိဘတိုင်းက အရှုံးအမူးဖြစ်တတ်ကြတာပဲ"

"ဟုတ်ကဲ့ ဘုံအရမ်းပျော်ပါတယ်၊ အဟင်း ဒယ်ဒီနဲ့ မာမီဆီစ ၁ရေးရအုံးမယ်"

ခုတလော ရာသီဥတု မကောင်းသဖြင့် ဖုန်းက အဝေးပြောမရ ဖြစ်နေ၏။

"ဆရာက ဆေးရုံပြန်သွားပြီထင်တယ်"

"ဟုတ်တယ် အရေးကြီးတဲ့ လူနာရှိလို့"

"ဆရာ့ကြည့်ရတာ သိပ်ကို အေးဆေးတည်ငြိမ် တာပဲနော်"





"ဟင် . . . ရှင်"

"ဩော် တစ်ချို့ယောကျ်ားတွေများ မိန်းမမှာ ကလေးရှိနေမှန်းသိရင် ကြွေမြေမဆည်နိုင်လောက်အောင်ကို ပျော်သွားတတ်ကြတာလေ ခု ဆရာကျတော့ အေးအေးဆေးဆေးပဲ"

"ဟဲ့ မမြင့်ကလည်း ငါတို့ရှိနေလို့ဖြစ်မှာပေါ့၊ သူလဲ ကလေးအဖေဖြစ်တော့မယ်ဆိုတဲ့ စိတ်လေးနဲ့ မပျော်ပဲ နေပါ့မလားလို့"

"အင်း ဟုတ်ပါရဲ့လေ"

"ဟို ကိုကိုက ဆေးရုံမှာ အရေးကြီးတဲ့ လူနာရှိနေလို့ပါ၊ ပြီးတော့ ကိုကို့စရိုက်က အမြဲတမ်း တည်ငြိမ်အေးဆေးတယ်လေ၊ ဘုံကျတော့ ဝမ်းနည်းစရာရှိရင် ငိုပစ်လိုက်တာပဲ ပျော်စရာရှိရင် တအားပျော်လိုက်တာလေ ကိုကိုနဲ့ တခြားစီပေါ့ အဟင်း ကိုကို့ပင်ကိုယ်ကကို အဲ့ဒီလိုပဲလေ အကြောင်းမသိရင်တော့ဘုံ့ကိုပဲ မချစ်သလိုလို ဂရုမစိုက်သလိုလို ထင်တတ်ကြတာ ဒေါ်ကြီးရဲ့ တကယ်တော့ ဘုံ့ကို ကိုကိုက သိပ်ချစ်တာသိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား အင်းပေါ့ ဖြစ်မှာပေါ့ ဆရာကတော်က ငယ်ငယ်ချောချောလေးကိုး ပြီးတော့ ဆရာ့အပေါ်မှာလည်း အရမ်းဂရုတစိုက်ရှိတာ့ဆိုတော့ ဆရာက ချစ်မှာပေါ့"

"ဟုတ်တယ် ကြည့်စမ်း ဒေါ်ကြီးတို့တောင် သိနေပြီ အဟင်း"

"ကဲ ကဲ ဆရာကတော်လေးလဲ နေကောင်းသွားပြီဆိုတော့ ဒေါ်ကြီးတို့ ပြန်အုံးမယ်နော် အရေးအကြောင်းရှိရင် လှမ်းသာခေါ်လိုက်ပါ၊ ဘာမှအားမနာနဲ့ သိလား"

"ဟုတ်တယ် ဆရာကတော် အိမ်နီးချင်းဆိုတာ တစ်ဦးကိုတစ်ဦး အပြန်အလှန် ဖေးမကူညီကြရတာပဲ မဟုတ်လား၊ သွားမယ်နော်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ ကျေးဇူးအများကြီးတင်ပါတယ်နော်"

ထွက်သွားကြသော အိမ်နီးချင်းများကို တံခါးဝအထိ လိုက်ပို့ပြီးမှ ဘုံတစ်ယောက် ကြည်ကြည်နူးနူးလေးပြုံးကာ ဧည့်ခန်းထဲမှာ ပြန်လာထိုင်၏။





ဘယ်လောက် ဝမ်းသာစရာ ကောင်းလိုက်သလဲလို့

ဘုံ့မှာ ကိုကို့ရင်သွေးလေးရှိနေပြီလေ၊ ဘုံ့ကို မချစ်နိုင်သော ကိုကိုတစ်ယောက်ရှေ့ဆက် ဘယ်လိုစခန်းသွားမလဲဆိုတာ ကြည့်ရပါအုံးမည်။

ဘုံယုံကြည်ပါသည်။

ကိုကို ဘုံ့အပေါ် လိုလားနှစ်သက်စွာဖြင့် မြတ်နိုးလာစေရမည်။

"ရင်သွေး" ဟူသော သံယောဇဉ်ကြိုးမျှင်လေးက ကိုကို ဘုံ့အပေါ် တင်းမာနေမှုကို တစ်ရစ်ချင်း တစ်ရစ်ချင်း ငြေလျှော့သွားအောင် စွမ်းဆောင်နိုင်ပေတော့မည်။

ကိုကိုရေ ဘုံ့အစွမ်းကုန် ကြိုးစားခဲ့မှုတွေရဲ့ ရလဒ်ဟာ မကြာခင်မှာ အကောင်အထည်ပေါ်လာပါတော့မည်လေ။

ကိုကို့အပေါ် အနစ်နာခံ လိုက်လျှောခဲ့သမျှ အားလုံးအတွက် ကိုကို ပေးဆပ်ရန်သာ ပြင်ထားပေတော့ပဲ။

ဘုံတကယ်ပျော်ပါသည်။ စိတ်လဲချသွားပါပြီတည်း။

မှန်ပါသည်။ ယခုချိန်အထိ ဘုံ့ရင်တထိတ်ထိတ်နှင့် စိတ်



www.burmeseclassic.com

www.burmeseclassic.com



လက်မချနိုင်ရှိနေရသော အကြောင်းတစ်ခုက တစ်နေ့နေ့မှာ ကိုကို ဘုံ့ကို စွန့်ပစ်သွားမှာကို အစိုးရိမ်ဆုံးပင်မဟုတ်ပါလား။

ဘုံသိတာပေါ့။ အိပ်ပျော်နေစဉ် တစ်ခါတစ်ရံ ယောင် တာတောင်မှ ကိုကို့ နှုတ်ဖျားမှ 'သီရိ' ဟူသော နာမည်ကို ဘုံ နားခါးစွာ စိတ်ဆင်းရဲစွာ ကြားနေရသည်ပဲ။

ဘုံတကယ်အကြောက်ဆုံးက ကိုကို ဘုံ့ကို ကျောခိုင်း သွားမှာကိုပင်တည်း။

ခုတော့ ဘုံတကယ်ပင် စိတ်ချမ်းသာလိုက်သည့်ဖြစ် ခြင်း။

ဒီမြို့လေးမှာ ကိုကို့ကို လူအတော်များများက လေးစာ ချစ်ခင်နေကြပါပြီ။

ရောက်စတုန်းက ဘုံ့ကို လူတွေအထင်ကြီးအားကျစေ ရန် တစ်ခုတည်းသော အတွေးဖြင့် ဘုံခပ်မော့မော့လေး နေလာ ခဲ့မိပါသည်။

တလောက ပဒုမ္မာဆိုသော မသီရိ၏ ဝမ်းကွဲညီမငေ





ကြောင့် လူမသိစေချင်သော ဘုံ့အိမ်ထောင်ရေးကိစ္စကို ထို ဆရာမ သပုတ်လေလွင့်သတင်းဖြန့်လေမအားဟု အားငယ် ခြောက်ခြားစိတ်လေး ဝင်ခဲ့ရသေး၏။

ဘုံသာ စိတ်လိုက်မာန်ပါ ဖွင့်ထုတ်ဆိုခဲ့ပါလျှင် ခုလောက်ဆို ဘုံ့အရှက်ထုပ်ကြီး ဟက်တက်ကွဲနေလောက်လေပြီ။

ဘုံဆုံးဖြတ်လိုက်ပါပြီလေ၊ အစစအရာရာ လိမ်လိမ် မာမာပင် နေသွားပါတော့မည်ဟူ၍။

ပြီး



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

"ဒေါ်လေးဆွေ ဆီတစ်ဆယ်သားရောင်းပါ"

"အေး . . . အေး"

"ကြီးကြီး သမီးက ဆန်လေးလုံး"

"ရမယ်နော် ခဏလေး"

"ဒေါ်ကြီး ကြက်သွန်နီ တစ်ဆယ်သား"

"အေး အေး"

ဈေးဝယ်များဖြင့် လက်မလည်အောင်ရှိနေရသော ဒေါ်ခင်ဆွေမှာ တစ်ယောက်ပြီးတစ်ယောက် သွက်သွက်လေး ရောင်းပေးနေလေသည်။

ဆင်းရဲသားရပ်ကွက်လေးမို့ ချက်ပြုပ်ချိန်နီးကာမှ ခုလိုပင် အပြေးအလွှား လာဝယ်တတ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန် နေ့လည်နေ့ခင်းချိန်ဆို တရေးတမောပင် အိပ်လို့ရသေး၏။

ဈေးရောင်းနေရင်းမှ ဒေါ်ခင်ဆွေတစ်ယောက် အိမ်ရှေ့ဘန်ဒါ အောက်ဆီ မျက်လုံးဝေ့ခနဲ ရောက်သွားတော့ လူတစ်ယောက်ကို သတိထားလိုက်မိ၏။

စက်ဘီးလေးနားပြီး ရပ်နေသဖြင့် လမ်းသွားလမ်းလာ ခရီးတထောက် နားနေတာပဲလေဟူသော အတွေးဖြင့် ဈေးဆက်ရောင်းနေလေသည်။

ဘယ်အချိန်ထိ ကြာသွားသလဲပင်မသိပါလေတော့။

ဈေးဝယ်များစဲသွား၍ ဒေါ်ခင်ဆွေနားနားနေနေထိုင်မိချိန်မှာ မျက်ဝန်းတွေက ဘန်ဒါပင် အောက်ဆီ ဖျပ်ခနဲရောက်သွားရပြန်၏။

"ဟင်"

ဒေါ်ခင်ဆွေ အနည်းငယ် အံ့သြသွားရပါတော့၏။

အဘယ်ကြောင့်ဆိုသော် စက်ဘီးနှင့် လူက ဒေါ်ခင်ဆွေရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာနေသဖြင့် ဩော် တစ်ခုခု ဝယ်ချင်လို့ ဖြစ်မှာပဲလေဟူသော အတွေးဖြင့် ဆိုင်ရှေ့





ရောက်လာသော ထိုပုဂ္ဂိုလ်ကို ဒေါ်ခင်ဆွေလှမ်းမေးလိုက်၏။

"ဘာလိုချင်လို့လဲကွယ်"

အရွယ်က အစိတ်နှင့် သုံးဆယ်ပတ်ဝန်းကျင်မို့ တူသားအရွယ်လောက်ပင် ရှိလေသည်။

အသွေးအမွေးကလည်း သန့်ပြန့်ရည်မွန်၏။

ဒေါ်ခင်ဆွေက ဈေးဝယ်သူထင်၍ မေးလိုက်သည်ကို ကောင်းအံ့က အလိုက်သင့်ပြုံး၍ ပြောလိုက်၏။

"ကျွန်တော် ဒေါ်ဒေါ်နဲ့ စကားနည်းနည်းလောက် ပြောချင်လို့ပါ"

"ဟင် ဘာများပါလိမ့်ကွယ်၊ ပြောပါ"

ဒေါ်ခင်ဆွေက သူ့ကို ဇဝေဇဝါလေးကြည့်နေတာမို့ ဆက်ပြောလိုက်ရ၏။

"ဒေါ်ဒေါ်က ပဒုမ္မာ့မေမေပါနော်"

"အင်း ဟုတ်ပါတယ်ကွယ်၊ ငါ့တူက ဘယ်သူပါလိမ့် သမီးရဲ့ မိတ်ဆွေများလား"

"ကျွန်တော်ကောင်းအံ့မှူးပါ ဒေါ်ဒေါ်"

"ကောင်းအံ့မှူး"

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ဆွေပို၍ ဦးနှောက်ချောက်သွားရ၏။ ဒီနာမည်ကို ရင်းရင်းနှီးနှီး ကြားဖူးနေသလိုပဲ ဘယ်နေရာမှာ ကြားဖူးပါလိမ့်။

အပြေးအလွှား စဉ်းစားနေစဉ် ကောင်းအံ့က . . .

"ကျွန်တော် ဒီမြို့က ဆေးရုံကို ပြောင်းလာတဲ့ ဆရာဝန်ပါ ဒေါ်ဒေါ်"

"ဟော"

ဒေါ်ခင်ဆွေ မျက်လုံးဝိုင်းခနဲ ဖြစ်သွားရတော့ကာ ပျာပျာသလဲ ပြောလိုက်ပါတော့၏။

"အို ဆရာဝန်လေးလား၊ ကြည့်စမ်း ဒေါ်ဒေါ်မသိဘူးကွယ်၊ ဆရာ့သတင်းက အရမ်းမွှေးပေါ့ မြင်ဖူးချင်နေတာ ဒါနဲ့ ဒီကိုလာတဲ့ ကိစ္စက"

"ဒေါ်ဒေါ် ကျွန်တော် ဝင်ထိုင်ပါရစေဗျာ"

"အို လာပါ ထိုင်ပါ ဆရာရယ်၊ စိတ်မရှိပါနဲ့နော်၊ ရုတ်တရက်မို့ ဒေါ်ဒေါ်လဲ ဘာပြောရမှန်းမသိလို့ပါ၊ အိမ်ထဲဝင်ထိုင်ရအောင်လား ဆရာ လာပါ"

"နေပါစေ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်က ဆိုင်တစ်ဖက်နဲ့ အား





တာလည်းမဟုတ်တာ၊ ကျွန်တော်ခုလို စကားပြောခွင့်လေးရတာကိုပဲ ဝမ်းသာလှပါပြီဗျာ၊ ဒေါ်ဒေါ် ဆိုင်ရောင်းရင်း စကားပြောကြတာပေါ့ဗျာ"

"စကားပြောချင်တယ် ဟုတ်လား"

ကောင်းအံ့က ဆိုင်စွန်းလေးမှာ ဝင်ထိုင်ရင်း ခေါင်းညိတ်လိုက်ပြီးမှ . . .

"ကျွန်တော်နဲ့ သီရိအကြောင်းပါ ဒေါ်ဒေါ်"

"ဟင်"

ဒေါ်ခင်ဆွေ သဘောပေါက်သွားဟန်ဖြင့် . . .

"ဩော် . . . အေးကွယ် ကြားပါတယ်၊ အဲ့ဒါ ဆရာဝန်လေးပဲကိုး"

"ဟုတ်ကဲ့ ကျွန်တော်ပါ သီရိအပေါ် ကျွန်တော်သိပ်ပြီး ရက်စက်ရာ ကျခဲ့တဲ့ကိစ္စမို့ ရင်ထဲမှာ အမြဲတင်းကြပ်လေးလံပြီး တစ်ယောက်ယောက်ကို ရင်ဖွင့်ချင်နေတာ ကြာပါပြီ ဒေါ်ဒေါ်"

"ဩော် ဒါမျိုးက ဒီလိုပေါ့ကွယ်၊ ဖူးစာပဲပြောပြော ကံကြမ္မာပဲဆိုဆို ပေါင်းဖက်ကြဖို့ အကြောင်းမပါတော့ ကံတရား



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲ မဟုတ်လား။ အင်း အဲ့ဒီကိစ္စအတွက် သမီးက သိပ်စိတ်ကြီးတာလေ။ သူ့မမအတွက် ခံစားချက်တွေ ဝင်ပြီး ဆရာ့အပေါ်မှာ ဟို"

ဒေါ်ခင်ဆွေ ပြောရမှာ အားနာဟန်ဖြင့် တန့်နေစဉ် သူနားလည်စွာ ခေါင်းညိတ်၍ . . .

"ကျွန်တော် သဘောပေါက်ပါတယ် ဒေါ်ဒေါ်၊ ပဒုမ္မာက ကျွန်တော့်ကို တွေ့တာနဲ့ ရန်တွေ့ပြီးပြီလေ"

"အို အားနာလိုက်တာ ဆရာရယ်၊ ဒုက္ခပါပဲ"

"ကိစ္စမရှိပါဘူး ဒေါ်ဒေါ် ကျွန်တော့်ဘက်က လွန်ခဲ့တာကိုး သူဖြစ်သင့်ပါတယ်"

"ဆရာရယ် သမီးက ဘာတွေများ လွန်လွန်ကျူးကျူး ပြောလိုက်သေးလဲ ဟင်"

"မလွန်ပါဘူး ဒေါ်ဒေါ် ကျွန်တော်သူ့ကို ညီမလို့ ခေါ်တာကို မကြိုက်ဘူးလေ၊ အဟင်း ကျွန်တော့်ကို တစ်သက် မကျေဘူး အထင်လဲ သေးတယ်ပေါ့ဗျာ"

"ဖြစ်ရလေ ဒေါ်ဒေါ်တောင်းပန်ပါတယ် ဆရာရယ်၊ သမီးက အဲ့ဒီလို ဇတ်ဇတ်ကြဲလေးဆိုတော့ မျက်နှာပူစရာတော့ ဖြစ်နေပါပြီ"





"မဖြစ်ပါနဲ့ ဒေါ်ဒေါ်၊ ကျွန်တော်ခံယူထိုက်တဲ့ စကားတွေပါ"

"ဟင်"

"သီရိက ကျွန်တော့်အပေါ် ဘယ်လိုပဲ ခွင့်လွှတ်တယ် ပြောပြော ကျွန်တော့်ကိုယ်ကျွန်တော် ခွင့်မလွှတ်နိုင်ဘူး ဒေါ်ဒေါ် ပဒုမ္မာက သီရိအတွက် ခံစားပေးပြီး ပြောတာနည်းတယ်လို့တောင် ထင်သေးတယ်ဗျာ"

"မဟုတ်တာ ဆရာရယ်၊ သမီးလာမှ ပြောရအုံးမယ်"

"ဒေါ်ဒေါ်ကျေးဇူးပြုပြီး မပြောပါနဲ့ဗျာ"

"ဟင်"

"သီရိနဲ့ ပတ်သက်ပြီး ကျွန်တော့်ရင်ထဲမှာ ဒေါ်ဒေါ်တို့မိသားစုကို ကိုယ့်ဆွေမျိုးရင်းချာတွေလိုပဲ သဘောထားပါရစေလို့ ပြောချင်တာပါ၊ သီရိနဲ့ အနီးစပ်ဆုံး ဆွေမျိုးဖြစ်လို့ ကျွန်တော်ရင်းနှီးချင်လို့ပါ ဒေါ်ဒေါ်"

"အို ရတာပေါ့ဆရာရယ်၊ သိပ်ရတာပေါ့ ဒေါ်ဒေါ့်ခင်ပွန်းက ကျန်းမာရေး သိပ်မကောင်းတော့ ဆေးဝါး နားလည်တဲ့ ဆရာနဲ့ ရင်းနှီးခွင့်ရတာဟာ နတ်သိကြားမ သလိုပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးက ဘာရောဂါလဲ ဒေါ်ဒေါ်၊ ကျွန်တော်ကြည့်ပါရစေ"

"ကောင်းတာပေါ့ဆရာရယ်၊ သူကအစတုန်းက အရက်တွေ အကျုံးသောက်ထားတော့ အဲ့ဒီဒါဏ်တွေပဲနေမယ်၊ အရက်ပြတ်တော့ ချောင်းဆိုးရင်ကြပ်က ဆယ့်နှစ်ရာသီပဲလေ"

"ကြည့်ရအောင် ဒေါ်ဒေါ်"

"ဆရာ့မှာ ဆေးပါလားဟင်"

"ခုတော့မပါသေးဘူး ဒေါ်ဒေါ်၊ ကြည့်ရုံပဲ ကြည့်မှာပါ၊ နောက်နေ့မှ လိုအပ်တာ ယူလာခဲ့ပါ့မယ်"

"ဪ . . . အင်း . . . အင်း"

ဦးအောင်မွန်ရှိရာ အိမ်ထဲဘက်ဆီ သူလာခဲ့ကာ မေးမြန်းစစ်ဆေးသင့်တာကို သူမေးမြန်းခဲ့ပြီး ဒေါ်ခင်ဆွေကို ပြောလိုက်၏။

"ဦးလေးက ဆေးကြောက်လား ဒေါ်ဒေါ်"

"သိပ်ကြောက်တာ ဆေးမသောက်ချင်လို့၊ သူဒီလိုနာတာရှည်ဖြစ်နေတာ ဆရာရဲ့"

သိရို၏ ဦးလေးဟူသော အသိဖြင့် သူပို၍ အလေးထားမိ၏။





"ဆေးရုံတက်မလား ဦးလေး"

သူမေးတော့ ဦးအောင်မွန်က ခေါင်းခါ၍ . . .

"မတက်ချင်ဘူး"

"ဘယ်တက်ချင်မလဲ ဆရာရယ်၊ သူက ဆေးရုံမှာဆိုဆေးမသောက်လို့ မရတော့ဘူးလေ။ ဆေးထိုးလဲ ကြောက်သလားမမေးနဲ့၊ ဒေါ်ဒေါ်တို့က တက်စေချင်တာပေါ့၊ မအားပေမယ့် ကျန်းမာရေးက အရေးကြီးတယ် မဟုတ်လား"

"ဒါဖြင့် ရောဂါသည်းလာရင် ဘယ်လိုလုပ်သလဲ ဒေါ်ဒေါ်"

"ဆရာ ပြေးခေါ်ရတာပေါ့၊ ဒီလမ်းထဲမှာ ကျန်းမာရေးမှူးရှိတယ် ဆရာရဲ့"

"ဪ ကောင်းပြီလေ၊ ကျွန်တော်ကူညီပါ့မယ် ဦးလေး"

"ဟင်"

"မကျန်းမာချင်ဘူးလား"

"အင်း"

"ကျွန်တော်က ဆရာဝန်ပါ ဆေးကောင်းကောင်းကုပေးမယ် ဟုတ်လား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ် ကျွန်တော်လာသွားတဲ့အကြောင်း ပဒုမ္မာသိရင် စိတ်ဆိုးမယ် ထင်တယ်ဗျာ"

"ဆရာရယ် မစိုးရိမ်ပါနဲ့၊ ဆရာလာတာဟာ ဒေါ်ဒေါ်တို့အတွက် ဝမ်းသာစရာပါ၊ သမီးကိုလည်း သဘောပေါက်အောင် ဒေါ်ဒေါ်ပြောပါ့မယ်၊ အရင်က ဖြစ်ခဲ့တာတွေအတွက် မေ့နိုင်အောင် ကြိုးစားပါ ဆရာ၊ လက်ရှိအခြေအနေမှာ အကောင်းဆုံးဖြစ်အောင် နေသွားဖို့အရေးကြီးတယ် မဟုတ်လား၊ ကြားနေပါတယ်လေ၊ ဆရာကတော်က ငယ်ငယ်ချောချောလေးနဲ့ ဆရာ့ကိုလည်း တုန်နေအောင်ချစ်တယ်တဲ့ အဟင်း၊ ဆရာ့ကံကောင်းပါတယ်လေ၊ သူချစ်ကို ရှာရတယ် မဟုတ်လား ဆရာ"

"တော်ပါတော့ ဒေါ်ဒေါ် သူချစ်ထက် သူ့ရှောကိုယ်ပါချစ်ကြတာက ပိုမကောင်းဘူးလားဗျာ၊ ကျွန်တော့ဘဝမှာ သေတဲ့အထိ ကြိတ်မှိတ်ခံစားသွားရတဲ့ ဝေဒနာနဲ့ပါ ဒေါ်ဒေါ်ရာ"

လေးကန်စွာ ထွက်သွားသော ကောင်းအံ့ကို ဒေါ်ခင်ဆွေ သက်ပြင်းဖွဖွလေးချကာ ငေးငေးလေး ကြည့်နေမိပါတော့၏။

ဩ



## အခန်း ( ၂၀ )

ပဒုမ္မာသိတော့ အမေ့ကို အပြစ်တင်မဆုံး။

"အမေကလည်း အဲ့ဒီလူကို ဘာလို့စကားလက်ခံပြောနေရတာလဲလို့ သမီးဆို သူလာသေးတယ် သိလား၊ သမီး သူ့ကို မကျေနပ်မှန်းသိလို့ အမေ့ကို လာကပ်တာ၊ ဟွန်း တော်တော်လဲ တတ်နိုင်တဲ့လူ မျက်နှာပြောင်တဲ့လူပဲ မမသီရိအတွက် မေမေ နည်းနည်းလောက် စာနာပေးစမ်းပါနော်၊ လုံးဝအဆက်အသွယ် မရှိပါစေနဲ့ အမေရယ်"

သမီး၏ စိတ်ကို သိသဖြင့် ဒေါ်ခင်ဆွေ ခွင့်လွှတ်ဟန်ပြုးလိုက်ပြီးမှ လေးအေးလေးဖြင့် ပြောလိုက်၏။

"သမီးရယ် အမေတို့က ဗုဒ္ဓဘာသာပဲကွယ်၊ ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို ရိုင်းရိုင်းပျပျ ဆက်ဆံလို့ရမလား၊ ပြီးတော့ သူက ဆရာပန်တစ်ယောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်လဲ ဘာဖြစ်လဲ အမေရဲ့၊ သမီးပြောတာက သူဟာဆက်ဆံသင့်တဲ့ လူမဟုတ်လို့ မပတ်သက်စေချင်တာ၊ သူမရှက်ပေမယ့် သမီး မမသီရိအတွက် ရှက်တယ်၊ နာကျည်းတယ် အမေရဲ့"

"အင်း ခက်တာပဲ သမီးပဲ ပြောခဲ့တာပဲကွယ်၊ မသီရိက လုံးဝအပြစ်မယူ အညှိုးမထားပဲ နားလည်ခွင့်လွှတ်ခဲ့တယ်ဆို"

"အာ အဲ့ဒါက မမသီရိပဲ"

"အေး ကာယကံရှင်တောင်မှ သင်ပုန်းချေသည်းခံ ခွင့်လွှတ်နိုင်သေးတဲ့ကိစ္စကို သမီးက ကြားဝင်ပြီး ဆိုးပြနေတာ ကောင်းသလား၊ ပြီးတော့ ဆရာ့ကို ကြည့်ရတာ အိမ်ထောင်ရေးလဲ အဆင်ပြေပုံမရှိပါဘူး"

"အဲ့ဒါ ဝဋ်လည်တာ အမေ"

"ဟဲ့ သမီးရယ် ဘာလို့ အဲသလိုပြောရတာတုန်း"

"သူ့အပြစ်နဲ့ သူပဲ အမေရာ"

"ဘာပဲဖြစ်ဖြစ် ကြည့်ရတာ မသီရိအပေါ်လုံးဝ စိတ်ကုန်ပုံမရှိဘူး၊ သေတဲ့အထိ ကြိတ်မှိတ်ခံစားသွားရမယ့် ဝေဒနာ





နဲ့ပါ ဒေါ်ဒေါ်လို့ သူပြောတော့ အမေ့ရင်ထဲ ဘယ်လိုဖြစ် သွားမှန်းကို မသိဘူး သမီးရယ် သနားလိုက်တာ"

"အမေရယ် အဲ့သလိုပဲ ပြောတော့မှာပေါ့ အလကားမယုံနဲ့"

"မဟုတ်ဘူး အမေယုံတယ်"

"ဟင်"

"သူ့ပုံစံကြည့်ရတာ အမေနားလည်ပေးလို့ ရတယ်"

"ဘာကိုလဲ မေမေ"

"ဩော် သီရိအပေါ် သူ့ဘက်က ဖျက်ကွက်ခဲ့ရတဲ့ အပြစ်အတွက် သူ့ဘဝသူ သိပ်ငယ်စိတ်ဝင်ပြီး ဟိုပတ်ဝန်းကျင်နဲ့ ဝေးတဲ့ ဒီနေရာမှာ လာနေချိန်မှာ သီရိနဲ့ ပတ်သက်တဲ့ ဆွေမျိုးသားချင်းတွေရှိနေတဲ့အတွက် ခံစားချက်လေးတွေ သက်သာလိုသက်သာငြား ရင်ဖွင့်ဖို့အတွက် သူလာခဲ့တာပဲ သမီး၊ လောကမှာ လူတွေဟာ ဖြစ်ချင်တာ မဖြစ်ရ၊ မဖြစ်ချင်တာတွေဖြစ်ရ ရိ[illegible]ဘတ်ကြတာမို့ အမေတော့ တကယ်ပဲ ကိုယ်ချင်းစာမိပါတယ်ကွယ်"

"အမေကလည်းနော် ဟိုက မျက်နှာ[illegible]လေး နည်းနည်းညို



www.burmeseclassic.com

www.burmeseclassic.com



ပြတာနဲ့ ပစ်ကျနေပြန်ပြီ၊ သမီးတော့ လုံးဝပဲ မကျေနပ်ပါဘူး၊ လာတာလဲ မကြိုက်ဘူးပဲ"

"ပြောသံကြားတယ်ကွဲ့"

"ဟင် . . . ဘာလဲ"

"ဆရာ့ကို သူ့မိန်းမက အရမ်းဂရုစိုက်သလောက် ဆရာက ပုံမှန်ပဲတဲ့၊ ဝတ္တရားကျေပဲတဲ့"

"ဖြစ်ချင်ဖြစ်မှာပေါ့၊ အဲ့ဒီအမျိုးသမီးက အတင်းအကွက်ဆင်ဖမ်းပြီး ယူထားတာကို"

"သမီးရယ် သူ့ဘက်က စဉ်းစားလိုက်တော့လဲ ဆရာ့ကို ချစ်လွန်းလို့ဆိုတဲ့ နားလည်မှုလေးနဲ့ နားလည်ပေးလိုက်ရင် ပို မကောင်းဘူးလား"

"မကောင်းပါဘူး အမေရယ်၊ ခုပဲကြည့်လေ အဖြေက ပေါ်နေပြီ"

"ဟင်"

"သူချစ်လို့ ဇွတ်ယူထားတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ရင်ထဲမှာ သူ့အတွက်နေရာ မရှိဘူးလေ ကဲ"





"ဒါပေမယ့် သားသမီးတွေ ရှိလာရင်တော့ သံယောဇဉ် ...တွ ရှိလာမှာပေါ့ သမီးရယ်"

"သမီးမကြိုက်ဆုံးက အဲ့ဒါပေါ့"

"ဟင်"

"ယောကျ်ားလုပ်တဲ့လူကလဲ ဘာပဲဖြစ်ဖြစ် ဒီမိန်းကလေး ...ကို ဇနီးမယားအဖြစ်နဲ့ တရားဝင် လက်ထပ်ခဲ့ပြီးပြီပဲ လွန်ခဲ့တဲ့ ...တိတ်က အဖြစ်တွေကို မေ့နိုင်အောင် ကြိုးစား လက်ရှိအနေ ...ထားမှာ သာယာချမ်းမြေ့အောင် ဖန်တီးဒါပဲ ရှိတာ၊ ခုတော့ ...ားလူတွေတောင် အကဲခတ်လို့ရလောက်အောင် ကြင်နာဟန် ...ရှိတဲ့ အဖြစ်တွေနဲ့ ဟွန်း နှစ်ယောက်စလုံး မကောင်းပါဘူး"

"အင်း ဆရာကလည်း အတိတ်က အရိပ်တွေကို ကြေ ...နေတုန်းပဲ တစ်ဖက်က မိန်းကလေးမှာလဲ ဇနီးမယားပေမယ့် ...င်သားရဲ့ မေတ္တာနဲ့ အကြင်နာတွေမရ ဩော် . . . ဒုက္ခ"

"အမေ"

"ဟင်"

"ဒီအိမ်ကို လာပြီး အဖေ့ကို ဆေးကုပေးတာတော့



www.burmeseclassic.com

www.burmeseclassic.com



သမီးမပြောလိုပါဘူးလေ၊ မမသီရိအတွက် ဒီလူက ပေးဆပ်ချ
နေတာကို တစ်ခုပဲ ရှိတယ်"

"ဘာလဲ သမီး"

"သူ့ဇနီးသိရင် အမေဘယ်လိုထင်လဲ"

"အင်း"

အမေတွေခနဲဖြစ်သွားပြီးမှ ခေါင်းညိတ်ကာ . . .

မှန်ပါသည်။

ဆေးရုံသွားချိန်မဟုတ်ပဲ ကိုကိုတစ်ယောက် ဆေးအိ
လေးဆွဲကာ ထွက်ထွက်သွားနေတာ မြင်ရတော့ ပထမ ဘုံအ
ခတ်နေသေး၏။

ကိုကို အိမ်မှာလည်း ဆေးခန်းမဖွင့်ပါ။

အိမ်လိုက်ပြီးလဲ မကုပါ။

ဆေးရုံမှာသာ အချိန်ပြည့်အလုပ်လုပ်သူမို့ ခုလို
ထွက်သွားသော ကိုကို့ကို ဘုံမေးလိုက်မိ၏။

"ကိုကို ဘယ်သွားမလို့လဲ ဟင်"





ဘုံ့အမေးကြောင့် စက်ဘီးလေးတွန်း၍ ထွက်ရန်ဟန်
ပြင်နေသောကိုကို့မျက်နှာတည်ခနဲဖြစ်သွားရကာပြန်မေးလိုက်၏။

"ဘာဖြစ်လို့လဲ"

"ဟို မဖြစ်ပါဘူး၊ ဆေးအိတ်နဲ့ဆိုတော့"

"ဟုတ်တယ် ဆေးသွားကုမလို့"

"ဟင်"

ဘုံအံ့ဩသွားရ၏။

အိမ်လိုက်မကုတတ်သော ကိုကိုက ဘယ်သူ့ကို အိမ်
ပင်ရာရောက် သွားကုနေပါလိမ့်။

သိချင်စိတ်ပြင်းလာရသဖြင့် မေးမိတော့၏။

"ဘယ်သူလဲဟင် ကိုကို"

ဘုံ့အမေးကြောင့် ကိုကိုစက်ဘီးကို ဒေါက်ထောက်လိုက်
ကာ မဲ့ပြုံးလေး ခနဲ့ပြုံးလား ဘုံမသိ။

"အဟင်း မင်းသိပ်သိချင်နေတော့လဲ ပြောရသေးတာ
ပေါ့၊ အခု ငါဆေးသွားကုနေတဲ့ လူနာက တခြားလူမဟုတ်ဘူး
ရဲ့ ဦးလေးအရင်းပဲ ကဲ သိပြီလား ငါသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဘုံ ပါးစပ်အဟောင်းသားနှင့် မင်သက်အံ့ဩကာ ကျ ခဲ့လေသည်။

ကိုကိုက စက်ဘီးနင်း၍ ထွက်သွားလေပြီ။

ဝမ်းနည်းစိတ်ဖြင့် ဘုံမျက်ရည်တွေ အိခနဲ ဝဲလာက အိမ်ထဲ ဝင်ပြေးလာခဲ့၏။

အိပ်ယာပေါ်မှာ အားပါးတရ ငိုချလိုက်ပါတော့သည်

ကိုကိုရယ် ဘုံ့အပေါ် နည်းနည်းကလေးမှ သက်ည စိတ်ကလေး မထားနိုင်ပါလားနော်။

ကိုကို့ရင်ထဲမှာ သီရိဆိုတဲ့ မိန်းမကလွဲပြီး ဘာမှမရှိတော ဘူးလား။

ဘုံက ကိုကိုဇနီးမယားပါနော်၊ ခုဆို ကိုကို့ရင်ခွေ လေးကို ဘုံလွယ်ထားရပြီလေ။

တကယ်ဝမ်းနည်းစရာပင်။

ရင်သွေးလေးအပေါ် ကိုကိုစိတ်ဝင်စားမှုက ဘုံအာ အေးတိအေးစက်နိုင်လှ၏။





ဘုံက ကလေးအတွက် ရှေ့ရေးတွေ နောက်ရေးတွေ စဉ်းစားကာ စီမံကိန်းတွေ ဆွဲပြီး ကိုကို့ကို ပြောပေမယ့် ကိုကို စာအဖတ်မပျက်ပဲ။

"ကလေးက မွေးဖို့ အဝေးကြီးလိုသေးတာပဲ စာဖတ် ပျက်တယ်ကွာ"

ဘုံကြေကွဲရပါသည်။

ကိုယ်ဝန်ရှိစ မိန်းမတစ်ယောက်၏ စိတ်လှုပ်ရှား ခံစားမှု တွေကို ကိုကိုမသိပဲ နေမည်မဟုတ်။

ဒါနဲ့တောင် ကိုကိုနေစိမ့်နိုင်လွန်း၏။

ဝမ်းနည်းလွန်း၍ ဘုံခဏခဏ ငိုမိပါသည်။ ကိုကို့ မေတ္တာကို ဒီဘဝမှာ ဘုံရနိုင်ပါတော့မလားဟူသော အတွေးဖြင့် အားငယ်တာမှ အရမ်း။

ကိုကို့ရင်ထဲမှ အစွဲကို ဘုံချေဖျက်ချင်လှပါသည်။

မသီရိအစား ရွှေဘုံထက်ပဲ ဖြစ်လိုက်ချင်ပါသည်။

ပြီး



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၁ )

တစတစနှင့် ဘုံ့ကိုယ်ဝန်လည်း မွေးဖွားရက် နီးလာလေပြီ။

ကိုကိုတစ်ယောက် ဘုံ့အပေါ် လိုအပ်တာထက် မပိုသော ဝတ္တရားများဖြင့်သာ အေးစက်နေဆဲပါ။

ဘုံလည်း ရောက်စကလို မောက်မာမော်ကြွားမှုမရှိတော့ အဘယ်ကြောင့်ဆိုသော ပဒုမ္မာဆိုသော အမျိုးသမီး၏ ဘုံ့ကိုအထင်သေးစွာ ကြည့်တတ်သော မျက်ဝန်းအောက်မှာ ဘုံ့မာနတွေ လွင့်စင်ခဲ့ရပါပြီ။

တကယ်ပင် သိမ်ငယ်စိတ်လေး ဝင်မိပါသည်။ မာမီတို့က ဘုံ့ကို ရန်ကုန်မှာ မွေးဖွားရန် ခေါ်သော်လည်း ဘုံလက်မခံ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့အနားမှာသာ ဘုံနေချင်ပါသည်။ ဘုံ့ဆန္ဒက ကိုကို တစ်ယောက် သူ့ရင်သွေးလေးကို သူ့ကိုယ်တိုင်မွေးပေးစေချင်၍ပါ။

ကိုကို့ကို တိုင်ပင်ကြည့်တော့ 'မင်းသဘောပဲ' ဟူသော အေးတိအေးစက်အဖြေကြောင့် ဘုံကြေကွဲခဲ့ရပါ၏။ ထိုအနေအထားဖြင့် တစ်နေ့မှာ ဆေးရုံမှပြန်လာသော ကိုကိုက မီးပူတိုက်နေသော ဘုံ့ကို ရုတ်တရက် ပြောလာလေသည်။

"ငါ ရန်ကုန်သွားရမယ် ဆရာဝန်များညီလာခံအစည်းအဝေးတက်ရမယ်"

"ဟင်"

နေ့စေ့လစေ့ ဘုံမှာ ထိတ်ခနဲ ပျော်သွားရပါတော့၏။

"ဒါဆို ဘုံလည်း လိုက်မယ်နော်၊ ကိုကို"

ဘုံ့စကားကြောင့် ကိုကို ဆတ်ခနဲဖြစ်သွားကာ

"အာ ဘယ်ဖြစ်မလဲ မင်းက မွေးဖွားခါနီးနေပြီပဲ၊ မလိုက်နဲ့ မဖြစ်ဘူး၊ ဒီမှာ ဒေါက်တာ ဝေလင်းကျန်ခဲ့သားပဲ ငါပြောထားခဲ့မယ်"





ကိုကို့ထံမှ ကန့်ကွက်မှုကြောင့် ဘုံရင်ထဲ နင့်ခနဲ ကြေကွဲသွားရ၏။

သို့သော် ဘုံမလျှော့ပါ။

"လိုက်မှာပဲကိုကို မာမီတို့ကလည်း ခေါ်နေတယ်"

ကိုကို စိတ်တိုလာဟန်ဖြင့် . . .

"ခေါ်နေတုန်းက မင်းက မသွားချင်ဘဲနဲ့။ ခုမှ ဘာအရူးထတာလဲ။ မင်းကိုယ်မင်း ဘာမှတ်နေလဲ။ ခရီးက နီးတာမဟုတ်ဘူးကွ"

"ရတယ်။ ဘုံ့ကားလေးနဲ့ သက်တောင့်သက်သာ သွားလို့ရပါတယ်ကိုကို"

"မင်း . . . ဘာဖြစ်နေတာလဲ"

"ဟင့်အင်း . . . ဘာမှမဖြစ်ပါဘူး။ ဘုံလိုက်မှဖြစ်မယ်ထင်လို့ပါကိုကို"

တကယ်ပင် ဘုံအခိုင်အမာ ဆုံးဖြတ်ပြီးပါပြီ။ ဘုံ လိုက်ကိုလိုက်မည်။ ဘုံ့စကားကြောင့် ကိုကို့မျက်ဝန်းတွေ စူးခနဲ ရှိသွားရကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါအုံး။ မင်းစကားက ဘာအဓိပ္ပါယလဲ။ အစည်း အဝေးတက်ရမှာက ငါကွ။ မင်းလိုက်မှ ဖြစ်မယ်ထင်တာက ဘာ သဘောလဲ"

ဘုံမချိပြုံး ပြုံးလိုက်၏။

အဟွန်း . . . ဘုံ့စိတ်တွေကို ဘုံချိုးနှိမ်ဆုံးမထား၍ မရတော့။

တလျှောက်လုံးလုံး ကိုကို့အလိုကျ ဘုံနေပြခဲ့ ပြီးပြီပဲ လေ။ ဘုံ့အတွက် ဘာတစ်ခုမှ ထူးခြားမလာ။

ခုမှတော့ မထူးတော့။ ဘုံကြိုက်သလိုသာ နေသွား တော့မည်။ ကိုကို သဘောမကျလည်း ရှိပါစေတော့။

ကိုကို့စကားကို ဘုံအဓိပ္ပါယ်ပါပါပြုံး၍ ပြောလိုက်၏။

"သဘောကတော့ ဘုံဟာ ကိုကို့ဇနီးဖြစ်နေလို့ပဲလေ"

"ဟင် . . . ဘာ"

ကိုကို ရှုံးခနဲ ဖြစ်သွားရကာ . . .

"ငါ နားမလည်သေးဘူး။ မင်းရှင်းအောင် ပြောစမ်းကွာ"

"ပြောမယ်ကိုကို။ ဘုံကိုကို့ကို စိတ်မချလို့"





"ဟင် . . . ဘာပြောတယ်. . . ဘာကိုလဲ"

"မသိချင်ယောင်ဆောင်နေတာလား ကိုကို။ ကဲ . . တဲ့တိုးပဲပြောလိုက်မယ်။ ရန်ကုန်မှာ ကိုကို ဟိုအမျိုးသမီးနဲ့ မတွေ့ ဘူးလို့ ပြောနိုင်မလား"

"ဟာ"

ကိုကို့မျက်နှာတစ်ခုလုံး ဒေါသကြောင့် ရုတ်ချည်းနီမြန်း သွားရကာ အံကိုကြိတ် အသက်ပြင်းပြင်းရှူ၍ ဘုံ့ကိုပြောလိုက်၏။

"မင်း . . . မင်း ငါ့သိက္ခာကို စော်ကားပြန်ပြီ . . . တောက်"

"စော်ကားတာ မဟုတ်ပါဘူးကိုကို။ ဘုံတကယ်စိုးရိမ် မိလို့ ပြောတာပါ။ ကိုကို့ကို ဘုံလက်လွှတ်ဆုံးရှုံးရမှာ စိုးလို့ပါ"

"တော်စမ်းကွာ။ မင်းရူးနေလား"

"ဟုတ်တယ်။ ဘုံရူးနေလား မသိပါဘူးကိုကိုရယ်။ ဘုံ့ ရင်ထဲမှာ ဘုံ့ကို ပစ်သွားမှာ အရမ်းကြောက်နေမိတယ်"

"ကျွတ် မင်းကွာ။ ငါတကယ် စိတ်ကုန်လာပြီကွာ"

"ကိုကို . . . ကိုကို့ ရင်ထဲမှာ ဘုံမရှိဘူးမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



မသိရိပဲ ရှိနေတာ။ ကိုကို မညာပါနဲ့"

မေးကြောကြီးများထောင်ကာ အံကိုကျစ်ခနဲကြိတ်ရင်း အတတ်နိုင်ဆုံး စိတ်ကိုထိန်းထားရဟန်ဖြင့် သူပြောလိုက်၏။

"ကောင်းပြီ။ ငါမညာဘူး။ မင်းပြောတဲ့အတိုင်းပဲ။ ငါ့ရင်ထဲမှာ သီရိကလွဲပြီး ဘာမှမရှိဘူး။ အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်လဲ ဟုတ်လားကိုကို။ ဘုံက ကိုကို့ဇနီးလေ။ ကိုကို့ရင်ထဲမှာ တခြားမိန်းမတစ်ယောက် ရှိနေတာကို ဝမ်းသာရမှာလား"

"ဒါတော့ မင်းကြောင့်ဖြစ်ရတဲ့ကိစ္စပဲကွာ။ သီရိအပေါ်မှာရှိတဲ့ ငါ့အချစ်တွေဟာ သေတောင်မှ မပျက်ဘူးကွာ။ မင်း ငါ့ကိုလိုချင်လို့ ယူထားတာ။ ငါ့ရင်ထဲက ခံစားချက်ကိုပါ ပြောင်းပစ်ဖို့ ရမယ်ထင်နေသလား။ ဘယ်တော့မှ မရဘူး . . . နားလည်လား"

"နားလည်တယ်ကိုကို။ နားလည်လို့ပဲ ကိုကိုဘယ်သွားသွား လိုက်ကိုလိုက်မှာ"

"ဩော် . . . ဒီလိုလား။ ဒါဆိုလဲ မင်းသဘောပဲ"





"ဟင် . . . တကယ်နော်"

ဘုံ ပျော်သွားရ၏။ ကိုကိုက . . .

"ဒါပေမယ့် မင်းနားလည်အောင် ပြောရအုံးမယ်"

"ဘာများလဲ ကိုကို"

"မင်းစိတ်ဓာတ်နဲ့ ထင်မြင်ယူဆချက်တွေက သိပ်ကို အောက်တန်းကျလွန်းတယ်ကွာ"

"ဟင် . . . ကိုကို"

"ငါအချိန်မရွေး သီရိနဲ့ ဆက်သွယ်ဖောက်ပြန်နိုင်တယ်လို့ မင်းထင်နေတယ် မဟုတ်လား"

"ဟို . . . ဒါက"

"ဒီမှာ . . . ကောင်းအံ့မှူးဆိုတဲ့ကောင်က လူပါကွာ။ လူတောင်မှ ကိုယ်ကျင့်တရားတွေ သိက္ခာတွေနဲ့ နေလာတဲ့ကောင် ပါ။ မင်းပိုသိမှာပေါ့။ မင်းဆင်တဲ့အကွက်ထဲ ငါလည်စင်းပြီး မဝင်ဘဲ ငြင်းခဲ့လား။ အေး . . . အဲဒီကတည်းက ငါ့ရင်ထဲက အချစ်တွေ မြေမြှုပ်သင်္ဂြိုဟ်ပြီးသားပဲ။ သီရိကို ငါနောက်ဆုံးထွက်သက်အထိ ချစ်သွားမှာဖြစ်ပေမယ့် လူမဆန်တဲ့ ဖောက်ပြန်မှုအလုပ်ကို ငါဘယ်တော့မှ မလုပ်ဘူးမှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ဘုံ့ကိုခွင့်လွှတ်ပါ။ ဘုံအစိုးရိမ်လွန်မိလို့ ပြောမိတာပါ။ ဘုံ့မှားသွားပါတယ်"

"မလိုပါဘူး။ မင်းဘာပဲထင်ထင် ငါ ဂရုမစိုက်ဘူး။ သီရိရှိရက်နဲ့ မင်းအတင်းဖြတ်လုခဲ့ဖူးတိုင်း မင်းရှိရက်နဲ့ သီရိ ငါ့ကို လက်ခံလိမ့်မယ်လို့ ထင်နေရင် အရမ်းမှားသွားပြီ။ သီရိက အင်မတန် ဖြူစင် မြင့်မြတ်တဲ့ မိန်းကလေး။ မင်းလို မကောက်ကျစ်ဘူး"

"တော်ပါတော့ ကိုကိုရယ်။ ဘုံ့ကို အဲသလောက်ထိလဲ မပြောပါနဲ့။ ဘုံ ကိုကို့ကို တကယ်ချစ်လို့ ယူခဲ့တာပါ။ အဲဒါကို ကိုကိုနားလည်ပေးရင် ကောင်းမယ်"

"ဒီမှာ မင်းနားလည်ထားဖို့က အချစ်ဆိုတာ အပြန်အလှန်ရှိမှကွ။ တဖက်သက်ဆိုတာ တစ်ကိုယ်ကောင်း ဆန်လွန်းပါတယ်။ ဒါပေမယ့် မင်းနဲ့ငါက တရားဝင်လက်ထပ်ထားကြတဲ့ လင်မယားပဲ။ ဘာပဲဖြစ်ဖြစ် မင်းအတွက် ငါ့မှာတာဝန်ရှိတယ်လို့ ခံယူထားပြီးသား။ ဒီတော့ အခု မင်းရန်ကုန်လိုက်မယ့် အစီအစဉ်မှာ မင်းတစ်ယောက်ထဲရဲ့ ဆန္ဒပဲ။ ငါ့ဆန္ဒမပါဘူး။ တစ်ခုခု ဖြစ်လာရင် ငါ့အလွန် မရှိတော့ဘူး . . . ဟုတ်လား"





"ကောင်းပါပြီကိုကို။ ကိုကို့အလွန် မရှိစေရပါဘူး။ ဘုံလိုက်ခွင့်ရတာပဲ ကျေးဇူးတင်လှပါပြီလေ။ မာမီတို့တော့ အရမ်းကို ဝမ်းသာမှာ"

သူဘာမှ ထွေထွေထူးထူး မပြောတော့။ ရန်ကုန်သို့ ရွှေဘုံထက်ကားလေးဖြင့် ထွက်လာခဲ့ကြ၏။

ရွှေဘုံထက်အိမ်ရောက်တော့ ဒေါ်ရွှေအိမ်က သမီးဖြစ်သူကို မျက်ရည်လေးဝဲကာ ပွေ့ဖက်ကြိုဆိုရှာပါတော့သည်။

"သမီးရယ် ကြည့်စမ်း။ ကိုယ်ပြည့် လက်ပြည့်ကြီးနဲ့လာတယ်။ မပင်ပန်းဘူးလားကွယ်"

"မပင်ပန်းပါဘူးမာမီ။ ကိုကိုက ကားကိုဖြေးဖြေးပဲ မောင်းတယ်လေ၊ နားနားနေနေ လာတာပါ မာမီ၊ ဘုံဘာမှ မဖြစ်ဘူး"

"သမီး စိတ်ချမ်းသာရဲ့လား၊ ဟိုမှာ နေထိုင်စားသောက်ရေးရော အဆင်ပြေရဲ့လားဟင်"

"ပြေပါတယ်မာမီရဲ့၊ နယ်က လူတွေက အရမ်းသဘောကောင်းတာ၊ ကိုကို့ကိုလည်း လေးစားချစ်ခင်ကြတယ် သိလား"

"သမီးကိုလည်း"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ကြတာပေါ့၊ ဆရာကတော် ဆရာကတော်နဲ့ အဟင်း ဘုံပျော်ပါတယ် မာမီ"

"အင်း တော်သေးတာပေါ့၊ မာမီက အလှမ်းဝေးတော့ အစစအရာရာ အဆင်မှပြေပါ့မလားလို့ မောင်ကောင်းအုံ့က သမီးအပေါ် ကြင်ကြင်နာနာ ရှိရဲ့လား"

"ရှိတာပေါ့ မာမီရဲ့၊ ခုပဲကြည့်လေ သွားလေရာ တစ်ပါတည်းခေါ်လာတာ ဘုံ့ကိုစိတ်မချလို့တဲ့ အဟင်း"

"အင်း အင်း ကြားရတာ မာမီစိတ်ချမ်းသာသွားပြီ၊ ဒါနဲ့ မွေးဖွားဖို့ရက်က နီးနေပြီလား"

"ဟုတ်တယ် မာမီ ဂျူးဒိတ်က လာမယ့် စနေနေ့ပဲလေ"

"ဟင် ကပ်နေပါရောလား၊ ကောင်းတယ် ကောင်းတယ် မာမီစောင့်ရှောက်ရတာပေါ့၊ မွေးပြီး ကလေးစိတ်ချရ လောက်မှ ပြန်နော် သမီး"

"ကိုကို ဘာပြောအုံးမလဲ မသိဘူး မာမီရဲ့"

"သြော် သမီးကလည်း ဒီကို ရောက်နေမှတော့ ဒီမှာပဲ မွေးရမှာပေါ့ကွယ်၊ မောင်ကောင်းအုံ့အလုပ်ရှိလို့ ပြန်ချင်လဲ ပြန်ပါစေပေါ့ မဟုတ်ဘူးလား"





"မာမီ"

"ဟင် . . . သမီး"

"ဘုံက ကိုကို့ကိုမှ မခွဲနိုင်တာကို"

"သြော် ခက်တာပဲ အင်းလေ မောင့်ကောင်းအုံ့ကို မာမီ ပြောလိုက်မယ်"

ဘုံ ငြိမ်နေလိုက်၏။ မာမီ့ကိုညာလိုက်ရသဖြင့် စိတ်ထဲမှာတော့ မကောင်းပါ။

ခုလည်းကြည့်၊ ရောက်ရောက်ချင်း ကိုကို ဟိုဘက်အိမ် ကူးသွား၏။ ဘုံ့ကိုပင်မခေါ်။

တကယ်ဆိုရင် ခေါ်သင့်သည်မဟုတ်ပါလား၊ ကိုကို့ မေမေကို ဘုံ့မှာ ကိုကို့ရင်သွေးလေး မွေးခါနီးပြီဖြစ်ကြောင်း ပြသင့်သည်ဟု ဘုံထင်ပါသည်။

ကောင်းအုံ့မှူး အိမ်ထဲဝင်လာတော့ ဧည့်ခန်းထဲမှာ ဖေဖေရော မေမေပါ ဝမ်းသားအုံ့ဩသွားကြ၏။ မေမေက မျက်ရည်လေးဝဲ၍ . . .

"သား ပိန်ပြီး ညိုသွားတယ်နော်၊ နေကောင်းရဲ့လား ရွှေဘုံထက်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်မေမေ၊ သူလဲပါတယ်"

"ဩော် ညီလာခံ လာတက်တာလားသား တလောက သီရိနဲ့ တွေ့လို့ သူလဲတက်ရမယ်လို့ ပြောနေတယ်"

"ဟုတ်တယ် မေမေ"

"ဟိုမှာ အဆင်ပြေရဲ့လား"

"ပြေပါတယ် ဖေဖေ"

"ရွှေဘုံထက်က ဘယ်လိုလဲ လိမ္မာရဲ့လားကွ"

"သူ မွေးဖွားခါနီးပြီဖေဖေ၊ ခရီးပန်းလို့ ကျွန်တော် မခေါ်လာတာပါ"

"ဩော် . . . ဟုတ်လား ဖေဖေတို့ မြေးချီရတော့မှာပေါ့ ကွာ ကောင်းတယ် ကောင်းတယ်"

ဖေဖေ့စကားကို သူရော မေမေပါ မချိပြုံးလေးဖြင့် နား ထောင်နေလိုက်၏။

၍



## အခန်း ( ၂၂ )

အစည်းအဝေးသို့ သူရောက်ချိန်မှာ သူငယ်ချင်းဟောင်း အတော်များများနှင့် ပြန်ဆုံရ၏။

"ဟာ ဟေ့ကောင် ဖိုးကောင်းအုံ ကြည့်စမ်းခုမှ တစ်ခါ တွေ့ရတော့တယ်ကွာ"

"ရဲနိုင်"

ရဲနိုင်လည်း သူ့လိုပင် ကချင်ပြည်နယ်ဘက်သို့ ရောက် နေ၏။ ရဲနိုင်ဘေးမှာ အောင်ခိုင်က သူ့ကိုပြုံးကြည့်ပြီး မေးလိုက် ၏။

"မင်းတစ်ယောက်တည်းလား အမျိုးသမီးမပါဘူးလား"

"ပါတယ် ဒါနဲ့ မင်းတို့ရော"

"ပါတာပေါ့ ရန်ကုန်မှာ မကဲ့ရတာကြာပြီတဲ့ကွာ၊ အတိုး



www.burmeseclassic.com

www.burmeseclassic.com



ချပြီး လည်မယ် ဝယ်မယ် စားမယ်ဆိုလို့ ငါ့မှာ မျက်ခုံးခပ်လှုပ်လှုပ်ပဲ"

အောင်ခိုင့်စကားကြောင့် ရဲနိုင်က . . .

"အောင်မယ် မင်းက တော်သေးတယ်၊ ငါ့မှာ ခယ်မက အဆက်နှစ်ယောက်လောက်ပါသေးတယ်ဗျာ၊ သူတို့အပြင်ထွက်လည်တဲ့စရိတ်က မလွယ်ဘူးကွ"

"ဒါပေမယ့် မင်းဟိုမှာ ဆေးခန်းဖွင့်တာ အဆင်ပြေတယ်ဆို"

"အေးလေ အဆင်ပြေလို့ တပြုံတမကြီး သုံးဖြုန်းရအောင်ဆိုပြီး မိန်းမက ခေါ်လာတာကွ၊ ငါမစားရက် မသောက်ရက်စုထားတဲ့ငွေတွေတော့ ကုန်ပါပြီကွာ"

"ဟော့ကောင် ဖိုးကောင်းအံ့ မင်းငြိမ်လှချည်လား"

"အဟင်း မင်းတို့ပြောတာ နားထောင်နေတာပါကွာ"

"မင်းရော ဆေးခန်းဖွင့်လား"

"မဖွင့်ပါဘူး"

"ဟာ ဘာဖွင့်စရာလိုလဲကွာ သူ့မိန်းမက သူဌေးပဲကွ"

အောင်ခိုင့်စကားကြောင့် သူမချိုပြုံးလေးဖြင့်သာ ငေ





လိုက်၏။ ရဲနိုင်က မျက်နှာပိုးသတ်ကာ အလေးအနက်ထား ဟန်ဖြင့် တိုးတိုးလေး မေးလိုက်၏။

"ကောင်းအံ့ . . . မင်းနဲ့ ရွှေဘုံထက်တို့ အဆင်ပြေကြရဲ့လား"

သူ့ဇာတ်လမ်းကို သူငယ်ချင်းတွေအားလုံး သိနေကြ၏။

ကျောင်းမှာ သီရိနှင့် တတွဲတွဲရှိနေကြသော သူတို့အတွဲကို မည်သည့်နည်းနှင့်မှ မလွဲနိုင်ဟု ထင်မှတ်နေကြသည် မဟုတ်ပါလား။

ရုတ်တရက်ကြီး ရွှေဘုံထက်နှင့် လက်ထပ်လိုက်သော အခါ အံ့ဩမဆုံးတော့။

တစ်ချို့ဆို သူ့ကိုအထင်သေးတာ စိတ်ဆိုးကြနှင့် ဖုန်းတဂွမ်ဂွမ်ဆက်ကာ အပြစ်တင် ဝေဖန်သူများကလည်း အတော်များများရှိလေသည်။

ရဲနိုင်တို့ပင်လျှင် အစက သူ့ကို မကြည်သူလည်း သူ့ကိုယ်သူ စိတ်ပျက်စွာ ဘယ်သူ့ကိုမှ မတွေ့ချင် မတွေ့ရဲလောက်အောင် သိမ်ငယ်ခဲ့ပါ၏။

ရဲနိုင်၏အမေးကို အောင်ခိုင်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ပြေမှာပေါ့ကွာ၊ ကြားပါတယ် ရွှေဘုံထက်က မင်းကို လိုလေသေးမရှိ ထားတယ်ဆို ဟုတ်လား"

"အဟင်း ငါလား ငါ့အတွက်တော့ ငါ့ဝင်ငွေလေးနဲ့ တန်တဲ့အဆင့်လောက်ပဲ စားသောက်နေထိုင်တာပါကွာ"

"ကောင်းအံ့"

ရဲနိုင်က အံ့ဩဟန်ဖြင့် . . .

"အဆင်မပြေဘူးလားကွာ"

"အဆင်ပြေတယ်ဆိုတာ ဘာကိုပြောတာလဲ ရဲနိုင်"

သူမေးတော့ ရဲနိုင်က . . .

"ဟာကွာ ဘာပဲဖြစ်ဖြစ် မင်းနဲ့သူက လင်မယားပဲ မဟုတ်လား၊ ပြီးတော့ မင်းကိုလည်း အတော်ချစ်ပုံရတယ်"

"တော်ပါတော့ကွာ၊ ငါ့အပေါ် သူကောင်းတာမှန်ပေမယ့် ရင်ထဲမှာ ကျေနပ်လို့ မရတာ ငါဘာတတ်နိုင်မှာလဲ ဒါပေမယ့် ငါကြိုးစားမှာပါ"

"ဘာကိုလဲ"

"သာယာတဲ့ အိမ်ထောင်ရေး"

"မင်းတို့ကလေး မယူသေးဘူးလား"

"မွေးခါနီးပြီ"





"ဟား ဒါဆို မင်းမကြာခင် ကလေးအဖေ ဖြစ်တော့မှာပဲ မင်းနဲ့ရွှေဘုံထက်ကို ပူးပြီး တရစ်ခြင်း တစ်ပတ်ခြင်း ချည်တော့မယ့် ကြိုးကလေး ရှိနေပြီပဲ"

"အဲ့ဒါကြောင့် ငါပြောတာပေါ့ကွာ၊ ကြိုးစားမယ်လို့"

"အေးပေါ့ကွာ၊ လူတွေဟာ ဖြစ်ချင်တာထက် ဖြစ်သင့်တာပဲ လုပ်သင့်တယ် မဟုတ်လား"

"သီရိတော့ ဒီအတိုင်းပဲ ထင်တယ် ဘာမှပြောင်းလဲသံ မကြားရဘူးကွ"

အောင်ခိုင့်စကားကို သူတစ်စုံတစ်ခု ပြောဟန်ပြင်လိုက်စဉ် လာနေသော သီရိကြောင့် သူ့နှုတ်တွေ ဆွံ့သွားရတော့၏။ ရဲနိုင်က . . .

"ဟာ . . . သီရိလာနေတယ်ကွ"

သီရိနှင့်အတူ နောက်တစ်ယောက်လဲပါ၏။ သီရိက သူ့ကိုတွေ့တော့ မသိမသာ တန့်ခနဲဖြစ်သွားရပြီးမှ ချက်ချင်း ဣန္ဒြေဆည်ကာ သူတို့ဆီ တန်းတန်းမတ်မတ် လျှောက်လာပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူမျက်နှာ ဘယ်လိုထားရမှန်းမသိတော့ ရဲနိုင်နှင့် အောင်ခိုင်တို့လည်း အိုးတိုးအမ်းတမ်း ဖြစ်နေပုံပင် . . .

စကားသွက်သော အောင်ခိုင်ကပင် စတင်နှုတ်ဆက်လိုက်၏။

"မသီရိ နေကောင်းတယ်နော်"

"ဟုတ်ကဲ့ ကောင်းပါတယ်၊ မမ ဒါ သီရိတို့ ကျောင်းတုန်းက သူငယ်ချင်းတွေလေ၊ သူက ကိုအောင်ခိုင်၊ သူက ကိုရဲနိုင်၊ ဒီဘက်က ကိုကောင်းအံ့မျှ မမက သီရိတို့ဆေးရုံက ဒေါက်တာမြစန္ဒာပါ"

"ဪ ဟုတ်ကဲ့ သိရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ ဝမ်းသာပါတယ်"

အပြန်အလှန် ပြောဆိုကြပြီးမှ သီရိက သူ့ကိုမေးလိုက်၏။

"ဘယ်တုန်းက ရောက်နေလဲဟင် ကောင်း"

သီရိလေသံက ယခင်ကအတိုင်း ဘာမှမပြောင်းလဲ။

သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွားရသော်လည်း ဟန်မပျက်ပြန်ဖြေလိုက်၏။





"နှစ်ရက်လောက်ရှိပါပြီ သီရိ ဦးတို့ရော နေကောင်းလား"

"ကောင်းပါတယ် ဖေဖေနဲ့မေမေက ခုမှ အိမ်မှာ အနားယူရတာဆိုတော့ အတိုးချပြီး နားရင်း တရားလဲလုပ်နေတယ်လေ"

"ဪ . . ."

"ရွှေဘုံရော မပါဘူးလားဟင်"

"ပါ ပါတယ်"

"ဪ နေကောင်းတယ် မဟုတ်လား"

"အင်း ကောင်းပါတယ်"

"အားလုံးပဲ ပြောရအုံးမယ် မနက်ဖြန် သီရိမွေးနေ့ပါ သူငယ်ချင်းတွေကို တစ်ခုခု ကျွေးဖို့စီစဉ်ထားပါတယ်၊ နေ့လည်စာပေါ့"

"ဘယ်မှာလဲ သီရိ"

ရဲနိုင်က မေးတော့ သီရိပြုံး၍ . . .

"လွတ်လွတ်လပ်လပ် စားသောက်လို့ရအောင် ဂွိုင်ရယ်ဂါးဒင်းမှာ စီစဉ်ထားပါတယ်၊ ဆယ်နာရီလောက် လာခဲ့စေချင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ကောင်းလာပါနော်၊ ရွှေဘုံ့ကိုပါ ခေါ်လာပါဟုတ်လား၊ သူငယ်ချင်းတွေ အများကြီးဆုံလိမ့်မယ်"

ရဲနိုင်က သဘောကျစွာပြုံး၍ . . .

"ဟာ . . . လာမှာပေါ့ စိတ်ချ သူငယ်ချင်းတွေနဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောချင်နေတာနဲ့ အတော်ပဲ"

"ဟုတ်တယ် ကိုရဲနိုင်ရော ကိုအောင်ခိုက်ပါ အမျိုးသမီးတွေ ခေါ်ခဲ့ပါနော်၊ မိတ်ဆွေသစ် တိုးတာပေါ့ သီရိဖိတ်ပါတယ်"

"စိတ်ချ လာမယ် မသီရိ"

"ကောင်း လာမယ်မဟုတ်လား သီရိကိုခင်ရင် လာရမယ်နော်"

"ကောင်းပြီလေ ကိုယ်လာခဲ့ပါမယ် သီရိ"

"ဟော အစည်းအဝေးစတော့မယ် ခေါ်နေပြီ ဝင်ကြရအောင်"

ဒေါက်တာမြစန္ဒာက သတိပေးတော့မှ ခန်းမကြီးထဲ အသီးသီး ဝင်သွားကြပါတော့၏။

ထိုအချင်းအရာအားလုံးကို တက္ကစီတစ်စီးဖြင့် နောက်ယောင်ခံချောင်းကြည့်နေသော ရွှေဘုံထက် တစ်ယောက် အစအဆုံး မြင်နေရပါသည်။





စိုးရိမ်ပူပန်စိတ်များက မရွှေဘုံထက်တစ်ကိုယ်လုံးကို ဝါးမျိုလောင်မြိုက်စေလေပြီ။

ကိုကို့ကို ဘယ်လိုမှ စိတ်မချနိုင်၊

ခုပင်ကြည့်။

မသီရိနှင့် ရယ်လား မောလား စကားတွေပြောနေကြသည်မှာ ဘာမှမဖြစ်ဘူးခဲ့သူတွေလိုပင်။

မာမီ့ကို ဈေးဘက်ခဏဟု ညာခဲ့ကာ ဘုံလာချောင်းသည်မှာ မှန်သွားပါပြီ။

ကိုကိုဟာ ဒီအမျိုးသမီးကိုတွေ့လိုက်ချိန်မှာ ရွှေဘုံထက်ဆိုတာ အတွေးထဲ ရှိမည်မထင်ပါ။

အိမ်ပြန်လာကာ ဘုံစိတ်ဆင်းရဲစွာဖြင့် အခန်းအောင်းကာ နေလိုက်၏။ မာမီပင် မေးနေသေး၏။

"သမီးနေမကောင်းဘူးလား"

"ကောင်းပါတယ် မာမီ၊ ဘုံခရီးနည်းနည်း ပန်းလို့ပါ"

တကယ်လည်း ဘုံမောနေပါသည်။စိတ်ဆင်းရဲမှုကြောင့်ဖြစ်ပေမည်။

"အေး အေး ကောင်းနေရင်လဲ ပြီးရော နားနားနေနေ



www.burmeseclassic.com

www.burmeseclassic.com



နေစမ်းပါ သမီးရယ် သမီးက ကိုယ့်မှာ မပေါ့မပါးကြီးနဲ့ ဟိုသွားချင် ဒီသွားချင်ဆိုတော့ ပင်ပန်းမှာပေါ့ ကဲ ကဲ လှဲနေ"

မာမီပြောပြီး ထွက်သွားတော့ ဘုံငိုပစ်လိုက်၏။ ကိုကို ရောက်လာတော့ ဘုံပြောလိုက်လေသည်။

"ကိုကို ဒီနေ့ ဘယ်သူနဲ့ တွေ့လဲဟင်"

"ဘာဖြစ်လို့လဲ သူငယ်ချင်းတွေနဲ့တွေ့တာပေါ့"

"အဲ့ဒီထဲမှာ မသီရိမပါဘူးလား"

ကိုကို ဆတ်ခနဲ ဖြစ်သွားပြီးမှ ဘုံ့ကို စူးခနဲ ကြည့်ကာ

"တွေ့တယ်လေ ဘာဖြစ်လဲမနက်ဖြန်သူမွေးနေ့အတွက် ဖိတ်လိုက်သေးတယ်"

"ဟင် သွားမှာလား"

"အင်း"

"မသွားရဘူးကိုကို"

"ဘာဖြစ်လို့လဲ"

"ဘုံမကြိုက်ဘူး ကိုကို၊ သူနဲ့ကို စကားမပြောစေချင်တာ မပတ်သက်စေချင်တော့တာသိလား၊ဘုံစိတ်ဆင်းရဲတယ်ကိုကိုရဲ့"

"ဟာ မင်းဘာတွေလျှောက်ပြောနေတာလဲ ငါတို့က ရိုးရိုးသားသားပါကွာ"





"ဟင့်အင်း ဘုံမယုံဘူး လုံးဝမယုံဘူး"

"မယုံလဲနေကွာ ငါသွားမှာပဲ မယုံရင် မင်းပါလိုက်ခဲ့လေ သီရိက မင်းကိုပါ ခေါ်လာခဲ့တဲ့"

"အို ဘာလို့လိုက်ရမှာလဲ မလိုက်ပါဘူး ကိုကိုလဲမသွားရဘူး"

အဝတ်လဲပြီး ကောင်းအံ့က မေမေတို့ အိမ်ဘက်သွားရန် လှေခါးဆီ ထွက်လာတော့ ရွှေဘုံထက်က ပြေးထွက်လာကာ . . .

"ကိုကို ဒါက ဘယ်လဲ မသီရိဆီလား"

"ကျွတ် မင်းကွာ ကဲ ဟုတ်တယ်၊ ဘာဖြစ်လဲ"

"မသွားရပါဘူး ဆို လာခဲ့စမ်းပါ ဘုံ့အနားမှာ နေစမ်းပါ"

သူ့လက်ကိုဆွဲရန် ရွယ်လာသော ရွှေဘုံထက်ကို ရှောင်ရန် သူလှစ်ခနဲ ကိုယ်ကိုလှည့်လိုက်ချိန်မှာ မထင်မှတ်နိုင်စွာ ရွှေဘုံထက်တစ်ယောက် အရှိန်လွန်ပြီး လှေကားထိပ်မှ ဒလိမ့်ကောက်ကွေး ပြုတ်ကျသွားပါတော့၏။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၃ )

ရန်ကုန်ဆေးရုံကြီး။

အရေးပေါ် လူနာဌာန ခွဲစိပ်ခန်း။

ဆရာဝန်နှင့် သူနာပြုများ ဗျာယာခပ်အလုပ်များနေကြ၏။

အခန်းအပြင်ဘက်မှာတော့ ရွှေဘုံထက် မိဘနှစ်ပါးနှင့် သူ့မိဘနှစ်ပါးစလုံး ရှိနေကြ၏။

အားလုံး မျက်နှာမကောင်းကြ။

အခန်းထဲမှ ထွက်လာမည့် အဖြေကို ရင်တမမနှင့် မျှော်လင့်စောင့်ဆိုင်းနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေအိမ်ဆိုလျှင် တငိုထဲငိုနေတော့ကာ သမီးအတွက် သောကမီးတွေ တောက်လောင်နေလေပြီ။

ဒေါ်စိုးစိုးဝေ မှာလည်း လက်ပွေ့အိတ်ထဲမှ ပါလာသော ပုတီးလေးထုတ်ကာ မျက်လုံးမှိတ်၍ ပါးစပ်တလှုပ်လှုပ် ပုတီးစိပ်နေလေသည်။

ကောင်းအံ့လည်း ဒေါင့်တစ်ခုမှာ ထိုင်ကာ ရွှေဘုံထက် အတွက် ရင်ထဲမှ ဆုတောင်းနေမိ၏။

“ဘာမှမဖြစ်ပါစေနဲ့”

စိတ်ထဲဆုသာ တောင်းနေရ၏။

သူလည်း ဆရာဝန် တစ်ယောက်မို့ ရွှေဘုံထက်၏ အခြေအနေကို သိပ်အားမရပါ။

သူမှားသွား၏။

ရွှေဘုံထက် မကြိုက်မှန်းသိပါရက်နှင့် သီရိဆီသွားမည်ဟု အရွဲ့တိုက်ပြောမိခြင်းအတွက် နောင်တရနေမိ၏။

မေမေတို့အိမ်ကို သွားမည်ဟု သူပြောခဲ့လျှင် ခုလိုဖြစ်ချင်မှဖြစ်ပါမည်။



BURMESE CLASSIC .com



ခုတော့ သူ့ကြောင့် ရွှေဘုံထက် တစ်ယောက် ကံဆိုးတော့မည်လား။

လုံးဝမဖြစ်စေချင်ပါ။

မချစ်သော်လည်း မမုန်းခဲ့တာမို့ ရွှေဘုံထက်ကို နေကောင်းပါစေဟုသာ ရင်ထဲ အကြိမ်ပေါင်း မရေတွက်နိုင်အောင် သူဆုတောင်းနေမိပါတော့၏။

ဒလိမ့်ကောက်ကွေး ကျသွားသော ရွှေဘုံထက်၏ ဗိုက်ထဲမှ သန္ဓေသားလေးလည်း ဘာမှမဖြစ်ပါစေနဲ့ဟု ဆုတောင်းနေမိ၏။

သူ့ရင်သွေးလေး မဟုတ်ပါလား၊

ရွှေဘုံထက်မှာ ကိုယ်ဝန်ရှိနေပြီဆိုကတည်းက သူ့စိတ်တွေကို ပြောင်းလဲပစ်ရန် သူစဉ်းစားထားခဲ့ပြီးသား ဖြစ်လေသည်။

အချစ်မပါသော်လည်း သားသမီးသံယောဇဉ်လေးဖြင့် ရွှေဘုံထက်အပေါ် သူအလိုက်သင့်ရှိသွားတော့မည်ဟူ၍။

သူ့ အပေါ် လိုလေသေးမရှိ ကောင်းသော ရွှေဘုံထက် အပေါ် ဥပေက္ခာပြုထားသမျှ နားလည်စိတ်လေးဖြင့် အလေးထားသွားမည်ဟု ဆုံးဖြတ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



“သား”

သူ့လက်မောင်းကိုအသာ ဆုတ်ကိုင်ကာ ခေါ်လိုက်သော မေမေ့အသံကြားမှ မှိတ်ထားသော သူ့မျက်ဝန်းတွေ ဖျတ်ခနဲပွင့်လာ၏။

သူ့မျက်ဝန်းတွေ နီရဲစိုးစွတ်နေပါသည်။ မေမေက ခွဲစိတ်ခန်းဘက်ဆီ ဝေ့ခနဲကြည့်လိုက်ပြီးမှ

“ကြာလိုက်တာ သားရယ်၊ အထဲမှာ သီရိလည်း ရှိတယ်နော် သား”

သူခေါင်းညိတ်ပြလိုက်၏။

ခွဲစိတ်အထူးကုဆရာဝန်ကြီး၏ လက်ထောက်အဖြစ် သီရိတာဝန်ကျပါသည်။

သူလုံးဝယုံကြည်ပါ၏။ သီရိအကောင်းဆုံး ကြိုးစားလိမ့်မည်ဟူ၍။

ထိုစဉ် ခွဲစိတ်ခန်းတံခါး ပွင့်ထားပြီး ဆရာဝန်ကြီးထွက်လာ၏။ ကောင်းအံ့ ဆတ်ခနဲထကာ ဆရာဝန်ကြီးဆီ လျှောက်လာခဲ့ပြီး မျှော်လင့်စွာ ခေါ်လိုက်၏။

“ဆရာကြီး”





ဆရာဝန်ကြီး မျက်နှာမကောင်း။

“စိတ်မကောင်းစရာပဲ ကျတဲ့အချိန်က ပြင်းတော့ လူကြီးရော ကလေးပါ ကယ်လို့မရဘူး ဖြစ်သွားမယ်ကွာ”

“ဟင်”

“ရှင်”

သူရော မေမေပါ မျက်နှာကွက်ခနဲ ပျက်သွားရပါတော့၏။ ဒေါ်ရွှေအိမ်က ချုံးမဲ့ချ ငိုလိုက်ပြီး . . .

“အမယ်လေး သမီးရယ် ဖြစ်မှဖြစ်ရလေ”

ငိုရင်း ဒေါ်ရွှေအိမ် သတိလစ်သွားသဖြင့် ပြုစုရပြန်၏။ ဦးဇော်ထက်က . . .

“ဘယ်တတ်နိုင်မလဲဗျာ၊ သူ့ကုသိုလ်ကံပေါ့”

အခန်းထဲ သူဝင်လာတော့ ရွှေဘုံထက်၏ အလောင်းဘေးမှာ ရပ်နေသော သီရိကို တွေ့လိုက်ရ၏။

သူ့ကိုမြင်တော့ သီရိက . . .

“ကောင်းရယ် စိတ်မကောင်းပါဘူး၊ ဆရာကြီးက အစွမ်းကုန်ကြိုးစားပါတယ်၊ လူကြီးရော ကလေးပါ ပေါ့လေ၊ မရတဲ့အဆုံး တစ်ယောက်ယောက်ကို ရွေးမယ်ဆိုတာတောင်မှ အခွင့်အ



www.burmeseclassic.com

www.burmeseclassic.com



ရေးက လုံးဝမရခဲ့ပါဘူး ကောၢ ဂုယ်"

"ကျေးဇူးတင်ပါတယ်ကွာ"

သီရိကို သူပြောပြီးမှ ရွှေဘုံထက်၏ မျက်နှာကို အပေါ်မှ မိုးကြည့်ကာ သူပြောလိုက်လေသည်။

"ခွင့်လွှတ်ပါကွာ"

သူ့အသံတွေတိုးတိမ်နေပါသည်။ သီရိက သူ့ကို နားမလည်ဟန်ကြည့်နေ၏။ သူဆက်ပြောပြန်သည်။

"မင်းအပေါ် ကိုယ်တာဝန်မကျေခဲ့ဘူး ကိုယ့်ကိုမင်းခွင့်လွှတ်နိုင်မှာလည်း မဟုတ်ပါဘူးလေ"

"ကောင်း ဘာဖြစ်လို့လဲဟင်"

သီရိသိချင်စိတ်ဖြင့် မေးတော့ သူခေါင်းရမ်းကာ ပြောလိုက်ရ၏။

"ကိုယ် ပြောဖို့ အင်အားတွေ မရှိတော့ပါဘူး သီရိရာ"

စကားအဆုံး သူအခန်းထဲမှ ချာခနဲ ထွက်လာခဲ့၏။

"ဪ . . . ကောင်းရယ်"

သီရိစာနာစွာ သက်ပြင်းလေးချကာ ကျန်ခဲ့၏။

အခန်းထဲမှ စကားတွေ အများကြီးပြောနေပါသည်။





"ကောင်းရယ် ကောင့်းတို့ချင်း ဘာဖြစ်ကြသလဲဆိုတာ သီရိမသိပေမယ့် ရွှေဘုံ့အတွက် သီရိတကယ် စိတ်မကောင်းပါဘူး၊ ကောင်းကိုရွှေဘုံ အရမ်းချစ်မှန်း သီရိသိပါတယ်၊ ဒါပေမယ့် သီရိရင်ထဲမှာလေ ကောင်းလက်ထပ်သွားပြီဆိုတာတောင်မှ မေ့ပျောက်လို့မရခဲ့ပါဘူးဆိုတာ သီရိရှက်ရှက်နဲ့ ဝန်ခံပါရစေတော့၊ ခုတော့ ကောင်းအတွက် နှစ်သိမ့်အားပေးဖို့ သီရိဆုံးဖြတ်လိုက်ပါပြီလေ ဘာဖြစ်လို့လဲဆိုတော့

ကောင်းကို သီရိချစ်နေဆဲပါ ကောင်းရယ်။

/ ဆာဂူသူများ၏ မေတ္တာဂိုပ်မှ

ခင်သူဇာ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ခင်သူဇာ

သစ္စာမဏ္ဍိုင်ပြမိနိုင်ခိုင်

www.burmeseclassic.com